www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၇၆၀၃၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၈၆၀၄၁၂

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
ဇွန်လ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ -095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
တန်ခူးလေပြေ
ထိန်းချုပ်လို့ မရတော့ဘူး/ တန်ခူးလေပြေ။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၂။
(၁၆၀) စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ထိန်းချုပ်လို့ မရတော့ဘူး


## အခန်း(၁)

အဓိပတိလမ်းမထက်တွင် လူငယ်တစ်ယောက် ငုတ်တုတ်ထိုင်၍ ပန်းချီဆွဲနေသည်။ သူဆွဲ၍နေသော ပန်းချီကားကို စိတ်ဝင်စားစွာဖြင့် ဝိုင်း၍ ထိုင်ကာ စောင့်ကြည့်နေသော လူငယ်၊ ယောက်ျားလေး၊ မိန်းကလေး တော်တော်များများလည်း ရှိနေကြ၏။

ပန်းချီကားသည် ဆွဲရင်း ဆွဲရင်းမှ တစ်စတစ်စ ရုပ်လုံးပေါ်ကာ ထွက်လာသည်။

ဆွဲနေသော ပန်းချီပုံမှာ ဓာတ်တိုင်၏ထိပ်တွင် ခြင်တစ်ကောင် ရပ်နားနေသည့် ပုံဖြစ်သည်။ ပုံကတော့ ဘာမှမထူးခြားပါ။ ဒါပေမဲ့ ဆွဲနေသော လူငယ်၏ အနုပညာအရည်အသွေးကြောင့် ပီပီပြင်ပြင်ဖြစ်နေပြီး ဘာမှမဟုတ်ပါဘဲ စိတ်ဝင်စားစရာကောင်းနေသည်။

ပန်းချီကားကို စောင့်၍ ကြည့်နေသော လူငယ်တစ်ယောက်က နေနိုင်တော့သည့်ဟန်ဖြင့် စပ်စုလိုက်သည်။

'မင်းညို… မင်းခြင်က အထီးလား အမလား'

'အထီးကွ'

'ဘာကိုကြည့်ပြီး ပြောတာလဲကွ'

ထိုသို့ မေးမည်ဆိုပါကလည်း မေးချင်စရာ။ ခြင်ဆိုသည့်ကောင်က သာမန်မျက်လုံးနဲ့ ကြည့်ပြီး အထီး၊ အမ ခွဲခြားဖို့ဆိုတာက လွယ်မှ လွယ်တာကိုး။

ထိုအခါ မင်းညိုဆိုသည့် ပန်းချီဆွဲနေသော ငတိက စိတ်ရှည်သည့်ဟန်ဖြင့် မေးလာသော လူငယ်အား…

www.burmeseclassic.com



'ဟာ... သော်က... မင်းဟာလေ တော်တော်တုံးတဲ့ကောင်၊ ပြီးတော့ တော်တော်လည်း ဗဟုသုတမရှိတဲ့ကောင်ပဲ'

'ဘာလဲကွ ဘာဖြစ်လို့လဲ'

'ဒီမှာ မသေမချင်းမှတ်ထား၊ ခြင်ဆိုတဲ့သတ္တဝါမှာ အစွယ်ခြောက်ချောင်းပါတယ်၊ အပေါ်နှုတ်ခမ်းမှာက သုံးချောင်း၊ အောက်နှုတ်ခမ်းမှာက သုံးချောင်း၊ ခြင်မမှာဆိုရင် အောက်နှုတ်ခမ်းမှာ အစွယ်သုံးချောင်းထဲက တစ်ချောင်းက ရှည်တဲ့အတွက် လူတွေရဲ့ ချွေးပေါက်ကို ထိုးစိုက်ပြီးတော့ သွေးစုပ်လို့ရတယ်၊ အဲ... ခြင်ထီးမှာကတော့ ဒီလို မဟုတ်ဘူး၊ အစွယ်ပါတော့ ပါတယ်၊ ဒါပေမဲ့ တိုတယ်၊ ခု ဒီပုံထဲက ခြင်ကို သေချာကြည့်စမ်း၊ အစွယ်တိုနေလား၊ မတိုနေဘူးလား'

သော်ကဆိုသော ငတိက သေချာကြည့်ပြီး...

'တိုနေတယ်ကွ'

'ဟုတ်ပြီ... တိုနေရင် အထီးလား အမလား'

'အထီးပေါ့ကွ'

'ဟာ... ကြည့်စမ်း၊ သော်က မင်းက ငါထင်သလောက် မတုံးဘူးပဲ'

ထိုသို့ ပြောပြီး မင်းညို ပန်းချီကားဘက်သို့ ပြန်လှည့်ကာ အရောင်များကို အနုစိတ် ထပ်မံခြယ်မှုန်းနေသည်။

သော်ကမှာ မင်းညိုက သူအား တုံးသည်ဟု ပြောထားသဖြင့် မကျေနပ်သေးဟန်ဖြင့် မင်းညိုအား...

'မင်းညို ငါတစ်ခုလောက် မေးချင်တယ်ကွ'

ထိုအခါ မင်းညို ပန်းချီဆွဲနေရင်းမှပင်...

'ကျွတ်... မင်း တော်တော်အမေးအမြန်းထူတဲ့ကောင်ပဲကွ၊ မေးကွာ... မေး'

'ဒီလိုကွာ၊ မင်းခြင်က အထီးဆိုတာတော့ ဟုတ်ပါပြီ၊ အဲဒီ ခြင်ထီးကြီးက ဘာကိစ္စ အားအားယားယား ဓာတ်တိုင်ပေါ်မှာ ဘာလုပ်နေတာတုန်း'

'အားအားယားယား သွားနေတာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံဖို့ ဒီဓာတ်တိုင်ပေါ်ကို ရောက်နေတာ'





ထိုသို့ ပြောလိုက်ခြင်းကြောင့် နားထောင်နေသူအားလုံး နဝေတိမ်တောင်တွေ ဖြစ်ကုန်ကြ၏။

'ဘယ်လို ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံဖို့ ဟုတ်လား'

'အေး...'

'ကြံကြီးစည်ရာကွာ၊ ဘာဖြစ်လို့လဲ'

'သော်က... သော်က အဲဒါကြောင့် မင်းကို တုံးပါတယ်လို့ ငါ ပြောတာ၊ ဒီခြင်က ခြင်ထီးကြီးဆိုတော့ အစွယ်တိုတယ်လေကွာ'

'အဲဒါတော့ မင်းခုနက ပြောတာ ငါသိသွားပြီလေကွာ'

'အေး... မင်းမသိသေးတာကို ငါထပ်ပြောပြမယ်၊ ဒီခြင်ထီးကြီးက အစွယ်တိုတယ်ဆိုတော့ လူ့သွေးကို စုပ်လို့မရတော့ဘူး၊ ဒီတော့ မင်းပဲ စဉ်းစားကြည့်လေ၊ ခြင်ဖြစ်ပြီး လူ့သွေးကို စုပ်ဖို့အတာကမပါတော့ သူ့ဘဝက ဘယ်လောက်ထိ ရင်နာဖို့ကောင်းသွားပြီလဲ၊ ဒါကြောင့် စိတ်နာပြီးတော့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံဖို့ စဉ်းစားနေတာကွ'

မင်းညိုစကားကြောင့် အားလုံး စုတ်တစ်သတ်သတ်ဖြစ်ကုန်ကြသည်။

သော်ကက အမှန်တကယ်ပင် စိတ်မကောင်းဖြစ်သွားသည့်ဟန်ဖြင့်...

'ဩော်... ဒီလိုဆိုတော့လည်း စိတ်မကောင်းစရာပဲကွနော်'

'ဒါပေါ့'

'ဒါနဲ့ ဒီခြင်ထီးက ဓာတ်တိုင်ပေါ်တက်ပြီး ဘယ်လိုနည်းလမ်းနဲ့ သေကြောင်းကြံမှာလဲကွ'

သော်က၏ မေးခွန်းကို အားလုံး သိချင်မိသွားပြီး အဖြေပေးမည့် မင်းညိုထံ ဝိုင်း၍ကြည့်ကြသည်။ ထိုအခါ မင်းညိုက သက်ပြင်းချ၍...

'အင်း... နည်းလမ်းကတော့ကွာ ဓာတ်တိုင်ပေါ်ကိုရောက်နေပြီဆိုမှတော့ ခုန်ချဖို့ပဲ ရှိတော့တာပေါ့'

ထိုသို့ ဖြေလိုက်ခြင်းကြောင့် နားထောင်သူတွေအားလုံး အူတူတူတွေ ဖြစ်ကုန်ကြ၏။

သော်ကက...



www.burmeseclassic.com

www.burmeseclassic.com



'အာ… မင်းကလည်းကွာ၊ မဟုတ်တာ ခြင်မှာက အတောင်ပံတွေနဲ့ပဲဟာကို၊ ဘယ်လိုလုပ်ပြီးတော့ ဒီလိုခုန်ချပြီး သေလို့ရမှာလဲကွ'

'ကျွတ်… မင်းဟာလေ သော်ကလို့မခေါ်ဘဲ သော်တုံးလို့ခေါ်သင့်နေပြီ၊ ဒီမှာ ငါပြောပြမယ် မင်းအောက်ချင်းငှက်အဖိုနဲ့ အမ စုံတွဲမှာ တစ်ကောင်သေရင် ကျန်တဲ့တစ်ကောင်ပါ အမြင့်ကြီးပျံသွားပြီး မြေပေါ်ထိုးစိုက်ပြီး ကိုယ်ကိုယ့်ကိုယ် သတ်သေတယ်ဆိုတာ ကြားဖူးလား'

'အင်း… ဒါတော့ ကြားဖူးသလိုလိုပဲ'

'အေး… အခုလည်း ဒီခြင်က အဲဒီအတိုင်းပဲကွ ဓာတ်တိုင်ပေါ်က ခုန်ချရင် မပျံဘဲနဲ့ အဲ့ဒီတောင်ပံကို စုထားမှာ တွေ့တယ်မဟုတ်လား၊ အခုကတည်းက အတောင်က စုနေတာ'

ဤကဲ့သို့ မင်းညိုက ရှပ်တည်ကြီးနှင့် ပြောလာခြင်းကြောင့် သော်ကလည်း လက်မခံချင်ဘဲနှင့် အီလည်လည်ကြီး လက်ခံလိုက်ရလေသည်။

အချိန်ခဏမျှကြာသောအခါ မင်းညိုမှာ ပန်းချီကားကို လက်စသတ်၍ ရေးဆွဲပြီးသွားလေ၏။ ထိုအခါ နောက်မှ ရပ်ကြည့်နေသူများမှာ တချို့ကောင်းတယ်ဟု ဝေဖန်ပြောဆိုကြသလို တချို့ကလည်း ကြောင်တယ်ဟုပြော အသီးသီး ဝေဖန်ကြပြီး ထွက်ခွာသွားခဲ့ကြသည်။

ဤကဲ့သို့ လူရှင်းသွားသည့်အချိန်တွင် မင်းညိုမှာ ကိုယ့်ပန်းချီကားကိုယ် ပြန်ပြီး စေ့စေ့စပ်စပ်ကြည့်ကာ တော်တော်လက်ရာမြောက်တယ်ဟာဟု ပက်ပက်စက်စက် မညှာမတာ အားမနာ လျှာမကျိုး ပြောနေချိန်တွင်…

'ဟိတ်… မင်းညို'

ထိုခေါ်သံကြောင့် မင်းညို လှည့်ကြည့်မိလိုက်ရာ သူငယ်ချင်း သီဟ၏ ချစ်သူ မေဒေးကျော်အား တွေ့လိုက်ရသည်။ မေဒေးကျော်မှာ ဒုတိယနှစ်ကတည်းက သီဟနှင့် ချစ်သူဖြစ်ခဲ့ခြင်းကြောင့် ယခု နောက်ဆုံးနှစ်သို့ ရောက်ပြီဖြစ်ရာ မင်းညိုနှင့် ငယ်ပေါင်းသူငယ်ချင်းသဖွယ် ခင်မင်နေပြီ ဖြစ်၏။

'မေဒေး… နင်တစ်ယောက်တည်းလား၊ ဟိုကောင် သီဟရော'

'မပါဘူး၊ နင့်ကောင်လေ ကန်တင်းမှာ အီကိုက နိုင်ဇော်တို့နဲ့





ဗိုက်ဆံက နံပါတ်ကို ဘူကြီးပွတ်နေတာ တော်တော်ထိနေလို့ နင့်ဆီက စက်ကူတောင်းရအောင် ငါ ထွက်လာတာ'

'အာ… ဒီကောင်ကွာ၊ ဘယ်လောက်တောင် ရှုံးနေပြီလဲ'

'အင်း… ငါးထောင်၊ ခြောက်ထောင်လောက်တော့ ရှိပြီ'

'အင်း… အင်း… အေး… ငါလိုက်ခဲ့မယ်၊ နေဦး… ပစ္စည်းတွေ သိမ်းလိုက်ဦးမယ်'

ထိုသို့ဖြင့် မင်းညို ပန်းချီဆွဲသည့် ကိရိယာတန်ဆာပလာတို့ကို သိမ်းနေစဉ်အချိန်တွင် မေဒေးက မသိမ်းရသေးသော ပန်းချီကားအား တွေ့သွားပြီး…

'ဒါ နင်ဆွဲထားတဲ့ ပန်းချီကားလား'

'အေး…'

'ဟင်… ပန်းချီကားကြီးကလည်း အထီးကျန်လိုက်တာ'

'ဘာဖြစ်လို့လဲဟ'

'နင်ပဲ စဉ်းစားကြည့်လေ၊ ဒီဓာတ်တိုင်ဆိုတာက သူ့ဘာသာသာနေရင်းထိုင်ရင်းနဲ့ကို အထီးကျန်တဲ့ပုံပေါက်နေတာ၊ ခု နင်က ဒီအထီးကျန်ပါတယ်ဆိုတဲ့ ဓာတ်တိုင်ပေါ်မှာ ခြင်တစ်ကောင်တည်းကို ထီးထီးကြီး ဆွဲထားမှတော့ ဒီပန်းချီကားမှ အထီးကျန်တဲ့ပုံမပေါက်ရင် ဘယ်ပန်းချီကားက အထီးကျန်တဲ့ပုံပေါက်မှာလဲဟ'

မင်းညို မေဒေး၏ အတွေးကို သဘောကျသွားပြီး ပြုံးမိ၏။

'အင်း… နင့်မှာ အနုပညာအမြင်ရှိသားပဲ'

သူမအား ထိုသို့ပြောလိုက်ခြင်းကြောင့် မေဒေးမှာ သဘောခွေ့သွားပုံရပြီး…

'ဟင်း… ဟင်း… ပြီးတော့ နင့်ပန်းချီကားမှာ လိုအပ်နေတာ တစ်ခုရှိသေးတယ်'

'ဟုတ်လား… ဘာလဲ'

'မပြောပါဘူး၊ ကိုယ့်ဘာသာရှာကြည့်ပေါ့'

ထိုသို့ ပြောလိုက်ခြင်းကြောင့် မင်းညိုပန်းချီကားကို မျက်မှောင်ကုတ်၍ သေချာပြန်ကြည့်သည်။ အရောင်တွေရော၊ အရိပ်တွေရော



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်တိုင်းကျသည်အထိ ရေးဆွဲသွားပြီ ဖြစ်သဖြင့် လိုအပ်ချက်ကို ရှာမတွေ့။ ထို့ကြောင့် …

'ဘာလိုသေးလို့လဲဟ နင်ကလည်း'

'နင်တကယ် ရှာလို့ မတွေ့ဘူးလား'

'ဟေ့အေး'

ထိုအခါ မေဒေးက မင်းညိုအား ညံ့သည်ဟူသော သဘောဖြင့် နှာခေါင်းရှုံ့ပြ၍…

'နာမည်လေ… ပန်းချီကားရဲ့ အမည်လိုနေတာ'

ထိုသို့ ပြောလိုက်မှ မင်းညို ကိုယ့်နဖူးကိုယ် ဖြန်းခနဲရိုက်ချလိုက်ပြီး…

'ဟုတ်ပါ့ကွာ၊ ကြည့်စမ်း ငါမေ့နေလိုက်တာ'

'ခစ်… ခစ်… နင်ဒီလို မေ့နေတာကို ငါက ပြောပြလိုက်တဲ့အတွက် ဒီပန်းချီကားနာမည်ကို ငါကိုယ်တိုင် တပ်ပေးမယ်၊ ဘယ်လိုလဲ လက်ခံရဲ့လား'

'အေးဟာ… သဘောပဲ'

ဤသို့ မင်းညို ခွင့်ပြုလိုက်သဖြင့် မေဒေးတက်ကြွသွားပြီ မင်းဓေထံမှ စုတ်တံတစ်ချောင်းယူ၍ ပန်းချီကားအား နာမည်ပေးရန် ပြင်သည်။

ပထမတော့ တစ်စုံတစ်ရာကို ရေးမည့်ဟန်ပြင်သေးသည်။ ပြီးမှ ဘာကိုမှန်းမသိ သွားတွေးမိသည့်ဟန်ဖြင့် စဉ်းစားလိုက်ပြီး အောက်ပါအတိုင်း ရေးခြစ်လိုက်တော့သည်။

'ကြိုး'

ထိုနာမည်ကို ကြည့်၍ မင်းဓေ အူစူတူဖြစ်သွားပြီး…

'ဟင်… နင်ခုနကပြောတော့ အထီးကျန်ဆို'

မေဒေး ခေါင်းကို အရင်ခါ၍…

'မဟုတ်သေးဘူးဟ၊ ပထမတော့ ငါလည်း အဲဒီနာမည်ကိုပဲ ရေးမလို့၊ ဒါပေမဲ့ ဒီနာမည်ကို တွေးမိပြီး ရေးလိုက်တာ'

'ငါ့စိတ်ထင်တော့ ဘာမှမဆိုင်လောက်ဘူး ထင်တယ်နော်'

ဟုတ်တယ်လေ ဓာတ်တိုင်ထိပ်မှာ ခြင်တစ်ကောင်နားနေတဲ့ပုံကို





'ကြိုး'လို့ အမည်ပေးထားတော့ ဘာကြီးမှန်းမသိနဲ့ ခွကျကုန်တာပေါ့။ ထိုအခါ မေဒေးက…

'ဘာလို့ မဆိုင်ရမှာလဲ ဆိုင်တာပေါ့၊ ဒီဓာတ်တိုင်ကြီးဆိုတာက နဝိုကတည်းက အထီးကျန်နေတဲ့ အရာကြီးတစ်ခု၊ ပြီးတော့ ဒီခြင်ကလည်း တစ်ကောင်တည်းဆိုတော့ အထီးကျန်နေတဲ့သူ'

'ဟုတ်ပါပြီ၊ ငါလည်း အဲဒီသဘောတရားနဲ့ပဲ ဆွဲထားတာပါ၊ အခု ငါ သိချင်တာက ဒီအထီးကျန်နေတဲ့အရာနဲ့ သတ္တဝါက ဘယ်လို လုပ်ပြီး 'ကြိုး'ဆိုတဲ့ နာမည်ဖြစ်သွားရတာလဲဆိုတာကို သိချင်တာ'

'ဒါက ဒီလိုလေဟာ၊ အထီးကျန်နေတဲ့သူနှစ်ယောက်ဆုံခဲ့ရင် တစ်ယောက်ရင်ထဲက ခံစားချက်ကို နောက်တစ်ယောက်က အလွယ်တကူ ခံစားပေးနိုင်တဲ့အတွက် တစ်ယောက်နဲ့တစ်ယောက်ကြားထဲမှာ ခိုင်မြဲတဲ့ သံယောဇဉ်ကြိုးတွေ ဖြစ်မလာနိုင်ဘူးလား ပြော'

ထိုအခါမှ မင်းညိုလည်း သွား၍တွေးမိသည်။ ဟုတ်သည်။ ခံစားချက်ချင်းတူတဲ့နှစ်ယောက်သွားဆုံမိရင် သေချာပေါက် သံယောဇဉ်ကြိုးဆိုတာ ဖြစ်လာမှာပဲလေ၊ ထို့ကြောင့်…

'အေးဟ… နင် ဒီလိုပြောလိုက်တော့လည်း ဟုတ်တာပဲ'

'ဟုတ်ရမယ်လေ၊ တခြားလူမှ မဟုတ်တာ၊ မေးဒေးကျော်ပဲဟာ'

'ဟုတ်ပါပြီ… မမေဒေးကျော်ရယ်၊ ကဲ… ကျုပ်တို့လည်း သွားရအောင်၊ ဟိုမှာ ခင်ဗျားရဲ့ ချစ်သူတော်ကြီး အခုချိန်လောက်ဆိုရင် စိတ်ထဲမှာပါတဲ့ ပိုက်ဆံတွေလည်း ပြောင်နေလောက်ပြီ'

ထို့နောက် မင်းညိုနှင့် မေဒေးကျော်တို့မှာ သီဟရှိရာ ကန့်တင်းသို့ စာတူပေးရန်အလို့ငှာ ထွက်ခွာလာခဲ့ကြတော့သည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ကိုသန်းစိုး၏ ကျောင်းကန့်တင်းဆိုင်မှာ လူရှင်းသောအချိန်မို့ ဇွန်းသံ၊ ခွက်သံ၊ ပန်းကန်သံ၊ စားပွဲထိုးများ၏ အော်ဟစ်သံတို့ဖြင့် ဆူညံ၍ မနေပါ။ သို့ရာတွင် တိတ်ဆိတ်နေပါသည်ဟုလည်း ပြော၍မရပါ။

အဘယ်ကြောင့်ဆိုသော ဆိုင်ထဲတွင်ရှိသည့် ကျောင်းသားတစ်အုပ်၏ ငြင်းခုံသံ၊ တောက်ခေါက်သံ၊ ဟာခနဲ ဟင်ခနဲဖြစ်သည့်အသံတို့ကြောင့် မသိမသာ ဆူညံနေသည်ဟု ပြော၍ရပါသည်။

သီဟ နဖူးမှ စိမ့်ထွက်နေသော ချွေးတို့ကို လက်ဖမိုးဖြင့်သုတ်လိုက်ပြီး လက်ထဲမှ ပိုက်ဆံ၏ နံပါတ်ကလေးများကို ဖြည်းဖြည်းချင်း ပွတ်၍ ကြည့်လိုက်သည်။ ဂဏန်းလေးလုံးမြောက်သည်အထိ ကိုယ့်ရဲ့အဆင့်က ဆယ်ပြည့်ပေါင်း၍ မရသေး။ ထို့ကြောင့် ရင်သည် တဆတ်ဆတ်တုန်လာပြီး နောက်ဆုံး ငါးလုံးမြောက်ကို ဆက်ကြည့်ရန် ဝန်လေးနေမိသည်။ နောက်ဆုံး ငါးလုံးမြောက်ဂဏန်းကိုကြည့်ပြီးမှ ဆယ်ပြည့်ဂဏန်းပေါင်းလို့မရရင် ကိုယ်ရှုံးဖို့က ကျိန်းသေသလောက်ရှိသွားပြီ။ ဒီတစ်ခါရှုံးရင် အိတ်ထဲကပါတဲ့ ပိုက်ဆံက ကုန်ပြီ။

စစ်ကူအတွက် ဟိုကောင် မင်းညိုကို ခေါ်ခိုင်းလိုက်ကာမှပဲ ခေါ်ခိုင်းလိုက်တဲ့ မေဒေးရော မင်းညိုပါ ခုထိ ပေါ်မလာသေး။ ထို့ကြောင့် ဆိုင်းပေါက်ဝရှိရာသို့လည်း မကြာခဏ လှမ်းကြည့်မိသေးသည်။ အရိပ်အယောင်တောင်မှ မတွေ့ရ။

ထို့ကြောင့် သက်ပြင်းချ၍ လက်ထဲမှ ပိုက်ဆံထဲ အာရုံပြန်စိုက်ပြီး နောက်ဆုံး ငါးလုံးမြောက်ဂဏန်းအား အရဲစွန့်၍ ကြည့်လိုက်သည်။





ပေါ်လာသော ဂဏန်းကြောင့် ရင်တစ်ခြမ်း အေးသွားမိ၏။ အဘယ်ကြောင့်ဆိုသော ငှင်းဂဏန်းကြောင့် ဆယ်ပြည့်ပေါင်းလို့ ရသည့်အပြင် အပွင့်မှာ 'ကိုး' အထိပင်ရရှိသွားခြင်းကြောင့်ဖြစ်၏။ နိုင်ဖို့က သေချာသလောက်ရှိသွားပြီကိုး။

ထို့ကြောင့် သီဟ ရှေ့မှာထိုင်နေသော ကစားဖက်ဖြစ်သည့် နိုင်ဇော်အား အပြုံးသဲ့သဲ့ဖြင့်ကြည့်ပြီး နံပါတ်ပွတ်ထားသော ပိုက်ဆံအား အောက်သို့ချကာ...

'ကဲ... နိုင်ဇော်၊ ငါကတော့ ကိုးရှိတယ်၊ ဒီမှာ'

ထိုအခါ နိုင်ဇော်က သီဟချပြသော ပိုက်ဆံရှိ နံပါတ်များကို မျက်တွက်ဖြင့် လှမ်း၍ပေါင်းကာ ခေါင်းညိတ်၍...

'မင်းက တကယ်ကိုးပဲကိုကွ'

'ဒါပေါ့ကွ၊ ကဲ... ငါ စားပြီနော်'

ဟု ပြောပြီး သီဟက အလယ်ပွင့် ပုံ၍ထားသော လောင်းကြေးငွေနှစ်ထောင်ကို လှမ်းယူလိုက်စဉ် နိုင်ဇော်က လက်ဖြင့် လှမ်းကာလိုက်ပြီး...

'နေပါဦး... သီဟရ၊ မလောပါနဲ့'

'ဘာလဲကွ၊ ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ၊ ဒီမှာ ငါ့အပွင့်လေးလည်း ထည့်ပေါင်းကြည့်ပါဦး၊ ဟဲ... ဟဲ...'

ဟုဆိုပြီး သူ၏ လက်ထဲတွင် ယခုထိ ကိုင်ထားဆဲဖြစ်သော ပိုက်ဆံအား သီဟကို ထိုး၍ပေးလိုက်သည်။ ထိုအခါ သီဟမှာ ဇဝေဇဝါဖြင့် နိုင်ဇော်၏ ပိုက်ဆံနံပါတ်ကို ပေါင်းကြည့်လိုက်ရာ ရင်ထဲတွင် နင့်ခနဲပင် ဖြစ်သွားပါတော့၏။

'ဟာ... ဘူကြီးတောင် ဖြစ်တယ်'

သီဟ တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်၍ လောင်းကြေးပိုက်ဆံကို နိုင်ဇော်အား ထိုးပေးလိုက်ရသည်။

ထိုအခါ နိုင်ဇော်နှင့် သူ၏ အပေါင်းအပါများမှာ သီဟအား ကြည့်၍ လှောင်ရယ်လိုက်ကြတော့သည်။

'ဟား... ဟား... ဟား... ဟား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေများ ဒီလောက်တောင် သဘောကျနေကြတာလဲကွ'

ဆိုင်ပေါက်ဝမှနေ၍ ထိုသို့ ပြောလိုက်ခြင်းကြောင့် ရယ်သံများ တိခနဲတိတ်သွားပြီး နောက်သို့ လှည့်ကြည့်မိလိုက်ကြသည်။

ဝင်လာတာက မင်းညိုနဲ့ မေအေးကျော့တို့ပါ။

မင်းညိုကို တွေ့လိုက်ခြင်းကြောင့် နိုင်ဇော်တို့အုပ်စု၏ မျက်နှာများမှာ လင်ပုပ်အဖမ်းခံလိုက်ရသလို ဖြစ်သွားသော်လည်း သီဟကတော့ နိုင်ဇော်တို့နှင့် ဆန့်ကျင်ဘက်ပင် မှိုရသကဲ့သို့ မျက်နှာကြီး လက်သွားပြီး...

'ဟာ... သူငယ်ချင်း မင်းညို... လာ'

မင်းညို ဝိုင်းအနားသို့ ရောက်သောအခါ နိုင်ဇော်တို့က လွယ်အိတ်လွယ်သူလွယ် ပုဆိုးပြင်ဝတ်သူဝတ်ဖြင့် ပြန်ဖို့တာစူကြသည်။ ထိုအခါ မင်းညိုက...

'ဘာလဲကွ... ငါ့ကိုကြောက်ပြီး ပြန်ဖို့ ပြင်နေတာလား'

'ဘာကွ... မင်းဘာပြောလိုက်တယ်'

'ကြားတဲ့အတိုင်းပဲလေကွာ၊ ငါလာမှ မင်းတို့က ပြန်ဖို့လုပ်နေတာ ဆိုတော့ ဒါ... ငါ့ကို ကြောက်လို့ပေါ့ကွ ဟင်း... ဟင်း...'

ထိုသို့ မင်းညိုက ပေါ်တင်ကြီး ပြောလိုက်သဖြင့် နိုင်ဇော်တို့မှာ မချိမခံသာဖြစ်သွားဟန်ဖြင့်...

'ဒီမှာ မင်းညို၊ ငါတို့က မင်းကို ကြောက်စရာ ဘာအကြောင်းမှ မရှိဘူး၊ ခု ပြန်မယ်ဆိုတာက အတန်းတက်စရာရှိသေးလို့ကွ...ဟင်း'

'သွားစမ်းပါကွာ၊ မင်းတို့ မေဂျာရဲ့ အချိန်စာရင်းကို ငါ အလွတ်ရတယ်၊ ဒီအချိန် ဘာအတန်းမှမရှိဘူး၊ ကြောက်ရင် ကြောက်တယ်လို့ ဝန်ခံလိုက်စမ်းပါ နိုင်ဇော်ရာ'

'ဟင်... မင်း... မင်း...'

နိုင်ဇော် ကြိတ်မနိုင်ခဲမရဟန်ဖြင့် မင်းညိုအား မျက်လုံးကြီးပြူး၍ ကြည့်သည်။

ထို့ကြောင့် မင်းညိုက အားကျမခံ မျက်လုံးကို အစွမ်းကုန် ပြန်ပြူးကာ နိုင်ဇော်အား ပြန်ကြည့်ပေးလိုက်သည်။ ထိုအခါ နိုင်ဇော်က အီလည်လည်ကြီး ဖြစ်သွားပြီး...

'မင်း... မင်းက မကျေပွဲ ထပ်နွှဲချင်သေးလို့လား'





'ဒါပေါ့ကွ'

'ငါက မင်းနဲ့ သိပ်ကစားချင်တာ မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ'

'မင်းက လူလည်ကျတယ်'

မင်းညို စိတ်မကောင်းဖြစ်သွားသည့်ဟန် တမင်တကာဖမ်းပြီး...

'ဟာ... ပြောရက်လိုက်တာ နိုင်ဇော်ရာ၊ ဒီမှာ ဟော့ကောင်... ကမ္ဘာပေါ်မှာ ရှိတဲ့လူတွေထဲမှာ ရိုးသားတဲ့ လူတစ်ယောက်ပဲရှိတယ်ဆိုရင်တောင် အဲဒီတစ်ယောက်က ငါပဲဖြစ်လိမ့်မယ်ဆိုတာကို မင်းမြဲမြဲမှတ်ထားလိုက်စမ်းပါ'

ထိုအခါ နိုင်ဇော်က ငေါ့တော့တော့ လေသံဖြင့်...

'ဩော်... ဩော်... မင်းက တော်တော်ရိုးရှာတာကိုး'

'ဒါပေါ့ကွ'

'အပိုတွေ ပြောမနေစမ်းပါနဲ့ မင်းညိုရာ၊ မင်းဘယ်လောက်ထိ လူလည်ကျတယ်ဆိုတာကို ငါတင်မဟုတ်ဘူး၊ တစ်ကျောင်းလုံး သိတယ်'

'အဲဒါတွေက ကောလာဟာလတွေပါကွာ'

'တော်ပါကွာ... ဟွန်း'

'ကဲပါ... ဒါတွေအသာထားဦး၊ ခု... မင်းနဲ့ငါ ကစားမှာလား မကစားဘူးလား'

ထိုသို့ မင်းညို မေးလိုက်သောအခါ နိုင်ဇော် အင်တင်တင်ရှပ်ဖြင့်...

'မင်း... လူလည်မကျဘူးဆိုရင် ကစားမယ်'

'အိုကေ... ငါ လုံးဝကို လူလည်မကျဘူး၊ အရိုးသားဆုံး အသန့်ရှင်းဆုံး ကစားမယ်၊ ဟုတ်ပြီလား'

ထိုသို့ပြောလိုက်ခြင်းကြောင့် နိုင်ဇော်မှာ မင်းညိုအား လုံးဝအယုံအကြည်ရှိသည့်ပုံမပေါ်သော်လည်း မကစားပါက လူကြောက်ဟု အပြောခံရမှာစိုးသဖြင့် ကစားရန်အတွက် နေရာပြန်ယူလိုက်ရသည်။

ထို့နောက် မင်းညို သီဟအား နေရာဖယ်ခိုင်းပြီး ထိုနေရာတွင် ဝင်ထိုင်၍...

'ကဲ... နိုင်ဇော် ကြေးက ဘယ်လိုလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ခုနက သီဟနဲ့ ကစားသလို တစ်ထောင်ကြေးပဲလေ'

'ဘာ… မင်းကလည်း ကလေးတွေ ကျနေတာပဲ၊ တက္ကသိုလ်တောင်မှ နောက်ဆုံးနှစ်တက်နေတဲ့ ကျောင်းသားတွေပဲဟာ၊ မသကာ တစ်ပွဲကို ငါးထောင်လောက်တော့ လုပ်ပါကွာ'

'ဟာ… များတယ်ကွ'

'မများပါဘူးကွာ၊ မင်းခုနက သီဟဆီက နိုင်ထားတဲ့ ပိုက်ဆံတွေရှိတာပဲ၊ ဘာလဲ… ကြောက်လို့လားလို့ ထပ်မေးရမှာလား'

မင်းညိုပြောလိုက်သော နောက်ဆုံးစကားက နိုင်ဇော်၏ ဘဝင်ကို သွားထိသွားဟန်ဖြင့်…

'အောင်မာ… ဘာလို့ ကြောက်ရမှာလဲ'

'ဒါဆို ငါးထောင်ကြေးဖြစ်ပြီပေါ့'

'ဖြစ်တယ်ကွာ၊ ဖြစ်တယ်'

ထိုနောက်တော့ နိုင်ဇော်၏ သူငယ်ချင်းတစ်ယောက်က နံပါတ်ပွတ်ရန်အတွက် ပိုက်ဆံတစ်ထပ်ကို ထုတ်ပေးသည်။ သဘောက ထိုပိုက်ဆံဖြင့် မင်းညိုနှင့် နိုင်ဇော် ကစားကြဆိုသည့်သဘော။ မင်းညိုက နိုင်ဇော်အား…

'ဘာလဲ မင်းက ဒီပိုက်ဆံနဲ့ ကြည့်မှာလား'

'အေး…'

မင်းညိုက ဘာမှ မပြောဘဲ မေဒေးဘက်သို့ လှည့်၍…

'မေဒေး… ငါ့ကို နင့်ပိုက်ဆံ ခဏငှားစမ်း'

ဟု ပြောလိုက်ရာ မေဒေးက အလိုက်တသိဖြင့် ပိုက်ဆံတစ်ထပ်ကို ထုတ်ပေးသည်။ မင်းညိုက ထိုမေဒေး၏ ပိုက်ဆံကို စားပွဲပေါ်တင်၍…

'ငါက… ဒီပိုက်ဆံနဲ့ ကြည့်မယ်'

'အာ… ဘယ်ဖြစ်မလဲကွ'

'ဘာဖြစ်လို့လဲ'

'မေဒေး ပိုက်ဆံဆိုပေမယ့် မင်း နံပါတ်တွေ မှတ်ရင် မှတ်ထားမှာပေါ့ကွ'





'ဟာ… မင်းကျတော့ မင်းသူငယ်ချင်းဆီက ပိုက်ဆံကို မမှတ်ထားပါဘူးလို့ အာမခံလား'

ထိုသို့ မင်းညို ဟောက်လိုက်သောအခါ မှန်ကန်နေသည့်ဟန်ဖြင့် ပြီသွား၏။ သို့သော် သဘောမတူသည့်ဟန်ဖြင့်…

'ဟာ… မေဒေးပိုက်ဆံနဲ့ ဆော့မယ်ဆိုရင်တော့ ငါ မကစားဘူး'

မင်းညို မျက်လုံး ထောင့်ကပ်၍ ခဏမျှ စဉ်းစားဟန်ပြုသည်။ ပြီးမှ…

'ဟုတ်ပြီလေ၊ မင်းကလည်း ငါ့ကို မယုံ၊ ငါကလည်း မင်းကို ထုံနဲ့ ဒီတော့ ငါတို့ ကိစ္စနဲ့ မသက်ဆိုင်တဲ့ ကြားလူတစ်ယောက်ဆီက ပိုက်ဆံကို ခဏငှားပြီး ကြည့်မယ်၊ ဘယ်လိုလဲ'

မင်းညို၏ စကားကို နားထောင်၍ နိုင်ဇော် တွေဝေသွားပြီး…

'နေပါဦး… မင်းက ဘယ်သူ့ဆီက ပိုက်ဆံငှားမှာလဲ'

ထိုအခါ မင်းညို ဟိုကြည့် ဒီကြည့် လိုက်ကြည့်၍ ကောင်တာတွင် သူ့ဘာသာသူ ခပ်အေးအေး ထိုင်နေသော ဆိုင်ပိုင်ရှင် ကိုသန်းစိုးအား မေးငေါ့ပြ၍…

'ကိုသန်းစိုးဆီက ငှားမယ်ကွာ၊ ဖြစ်လား'

ထိုသို့ ပြောလိုက်ခြင်းကြောင့် နိုင်ဇော် ဘဝင်ကျသွားမိသည်။ ကိုသန်းစိုးဆိုတာက ဒီကစားပွဲနှင့် လုံးလုံးမသက်ဆိုင်တဲ့သူလေ။ ဒါကြောင့် သူ့ဆီက ပိုက်ဆံဆိုရင် ကိုယ်လည်း ဘာမှမသိသလို ဟိုကောင်လူလည် မင်းညိုလည်း ဘာမှ အကြံအဖန်လုပ်ဖို့ မလွယ်တော့။ ဒါကြောင့် ကစားဝိုင်းက ရိုးသားသွားပြီး အနိုင်အရှုံးကို ကံကြမ္မာကသာ အဆုံးအဖြတ်ပေးသွားသည်။ ထို့ကြောင့် နိုင်ဇော်က…

'အေး… ကိုသန်းစိုးဆီက ပိုက်ဆံဆိုရင်တော့ စိတ်ချလို့ရပါတယ်'

ထို့ကြောင့် မင်းညိုက ကောင်တာတွင် ထိုင်၍နေသော ကိုသန်းစိုးအား…

'ဗျို့… ကိုသန်းစိုး၊ ဒီမှာ ဘူကြီးတွဲမလို့ ပိုက်ဆံ ခဏလောက် ငှားစမ်းပါ'

ကျောင်းသားတို့၏ အထာကို နောကျေနေပြီဖြစ်သော ကိုသန်းစိုး



www.burmeseclassic.com

www.burmeseclassic.com



က ဘာမှ အထွေအထူးဆို၍ မနေဘဲ အံဆွဲထဲမှ ပိုက်ဆံတစ်ထပ်ကို ယူ၍ မင်းညိုတို့ဝိုင်းအား လာပေးရင်း…

'မင်းညို… သိပ်ဆူဆူညံညံကြီးတော့ မဖြစ်စေနဲ့ကွာ'

'စိတ်ချ ကိုသန်းစိုး… စိတ်ချ'

ထို့နောက်တော့ ကစားပွဲကြီး စတင်တော့သည်။

မင်းညိုက အရင်ဦးစွာ ကိုသန်းစိုးလာ၍ ပေးသော ပိုက်ဆံများကို အထက်အောက် သမအောင်မွှေ၍ မှောက်လျက်လုပ်ကာ စားပွဲပေါ်သို့ ပြန်၍တင်လိုက်ပြီး…

'ကဲ… နိုင်ဇော် မင်းစိတ်ကြိုက်အရင်ရွေးပေတော့'

ဟု ပြောလိုက်သဖြင့် နိုင်ဇော်က ရှေ့၌ ဖြန့်ထားသည့် ပိုက်ဆံများထဲမှ သူ့စိတ်ကြိုက် ပိုက်ဆံတစ်ရွက်ကို ရွေးယူလိုက်လေ၏။ ဤသို့ နိုင်ဇော်ရွေးပြီးသည်နှင့် တစ်ပြိုက်နက်တည်း မင်းညိုက ပိုက်ဆံတစ်ရွက်ကို ဆတ်ခနဲယူလိုက်ပြီး အများသူငါကဲ့သို့ တစ်လုံးချင်းပွတ်ကြည့်၍ မနေတော့ဘဲ တစ်ခါတည်း စားပွဲပေါ်မှာပင် အရှားမြင်သာအောင် လှန်ချလိုက်သည်။

မင်းညို ဤကဲ့သို့ ပြုလုပ်လိုက်ခြင်းကြောင့် အကုန်လုံး ဟာခနဲ ဖြစ်ကုန်ပြီး လှန်ထားသော ပိုက်ဆံမှ နံပါတ်ကလေးများကို အပြေးအလွှား ပေါင်းကြည့်လိုက်ကြ၏။

ပြီးတော့ ပြိုင်တူလိုလိုပင် အသံထွက်ကာ ပြောလိုက်ကြ၏။

'နှစ်ပေါက်ပဲ ရှိတယ်ဟ'

ဟုတ်ပါသည်။ မင်းညို၏ ပိုက်ဆံနံပါတ်များပေါင်းခြင်းသည် အမှန်တကယ်ကိုပင် 'နှစ်ပေါက်'တည်းရှိပါ၏။ ထို့ကြောင့် နိုင်ဇော်မှာ သူ ၏ ပိုက်ဆံနံပါတ်ကို မကြည့်ရသေးပေမယ့် မျက်နှာတွင် အပျော်ရိပ်တို့ ဖြတ်ပြေးသွားသည်။ မင်းညိုက နှစ်ပေါက်တည်းရှိခြင်းကြောင့် အခြေအနေ က သူနိုင်ဖို့ များသွားပြီလေ၊ ဒါကြောင့် ပျော်ပါသည်ပေါ့။

ထို့နောက် သူ့ပိုက်ဆံကို သူ ဝမ်းသာအားရဖြင့် ပွတ်ကြည့်လိုက်ရာ ချက်ချင်းပင် မျက်နှာကြီးမှာ သံပရာသီး အလုံးလိုက် ကိုက်စားလိုက်သကဲ့သို့ ရှုံ့တွသွားလေတော့၏။





မင်းဝေက သူရှုံးသွားပြီဆိုတာ သေချာပေါက်တွက်ထားသည့် ရုပ်ဖြင့်…

'ကဲ… နိုင်ဇော်… ငါက နှစ်ပေါက်တည်းရှိတာဆိုတော့ မင်း နိုင်တယ်မဟုတ်လား၊ ရော့… ရော့…'

ဟုဆိုပြီး တစ်ယောက်ငါးထောင်စီထပ်၍ထားသော ပိုက်ဆံ တစ်သောင်းပုံကို နိုင်ဇော်ဘက်သို့ တွန်းပို့ပေးလိုက်၏။

ထိုအခါ နိုင်ဇော်မှာ ပိုက်ဆံပုံအား မချိတင်ကဲဟန်ဖြင့် ကြည့်၍ မင်းညိုဘက်သို့ ပြန်လည် တွန်းပို့လိုက်ပြီး…

'နိုင်တာက မင်းကွ၊ ငါက တစ်ပေါက်တည်း ဟင်း…'

'ဟာ… တကယ်'

ထိုကဲ့သို့ ရှုံးမည်ဟု သေချာပေါက် တွေးထားပြီးမှ ပြန်လည် အနိုင်ရသွားခြင်းကြောင့် သီဟနှင့် မေအေးတို့မှာ ပျော်သွားကြသည်။ မင်းညို သော့ တရားပေါက်နေသူသကဲ့သို့ ဒါမျိုးလည်း ဖြစ်တတ်ပါလားဟု သိမြင်လိုက်သည့် သဘောဖြင့် ရုပ်တည်တည်ကြီး ခေါင်းတညိတ်ညိတ် လုပ်သည်။

နိုင်ဇော်နှင့် အပေါင်းအပါများကတော့ မချိမခံဖြစ်နေသည့်ဟန် ထင်းသား။ ထို့နောက်တော့ ပိုက်ဆံထပ်ထည့်၍နောက်တစ်ပွဲ ပြန်စသည်။

နိုင်ဇော်က ထုံးစံအတိုင်း ပိုက်ဆံတစ်ရွက်ကို အရင်ရွေးချယ်၍ ကောက်ယူလိုက်သည်။ မင်းညိုကလည်း ထုံးစံအတိုင်း နိုင်ဇော်နောက်မှ ယူ၍ အရင်ဆုံး လှန်ပြလိုက်သည်။

ဒီတစ်ခါ အခြေအနေက ခုနကထက်ပင် ဆိုးသွားလေ၏။

ဂဏန်းသုံးလုံးကို ဆယ်ပြည့်ပေါင်း၍ ရသော်လည်း ကျန်သည့် နှစ်လုံး ပေါင်းခြင်းရလဒ်က တစ်ဖြစ်၍နေသည်။

ထို့ကြောင့် မင်းညို 'တစ်ပေါက်'ပဲ ရှိပါ၏။

ဤသို့ မင်းညို တစ်ပေါက်ပဲရှိခြင်းကို စောစီးစွာ သိလိုက်ရ ခြင်းကြောင့် နိုင်ဇော်မှာ ရာနှုန်းပြည့်နီးပါး ဝမ်းသာသွားမိ၏။ ထို့ကြောင့် ပိုက်ဆံနံပါတ်ကို ခါတိုင်းကဲ့သို့ တစိမ့်စိမ့်ဖြင့် ပွတ်၍ ကြည့်မနေတော့ဘဲ အတိုင်း အမြန်ပင်ကြည့်မိလိုက်လေ၏။

နောက်ဆုံး ဂဏန်းငါးလုံးထဲမှ သုံးလုံးကို ဆယ်ပြည့်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



အရင်စိတ်တွက်ဖြင့် တွဲကြည့်သည်။ ဘယ်လိုမှ တွဲ၍မရ။ ထို့ကြောင့် မကျေနပ်နိုင်သေးဘဲ အပြန်ပြန်အခါခါ ကြည့်သေးသည်။ ဟုတ်သည်။ မည်သည့်ဂဏန်းသုံးလုံးကိုတွဲတွဲ ဆယ်ပြည့်လုံးဝကို ဖြစ်မလာ။ နိုင်ဇော် ဦးခေါင်းထက်မှ ချွေးတို့ ပြန်လာမိသည်။

ဂဏန်းသုံးလုံးကို ဆယ်ပြည့်တွဲ၍မရလျှင် 'မဖြစ်ဘူး'ဟု ပြောရပေမည်။ 'မဖြစ်'လျှင် တစ်ပေါက်တည်းသာရှိသော မင်းညိုကို ရှုံးပြီ။

'တောက်...'

နိုင်ဇော်ထံမှ တောက်ခေါက်သံကြောင့် အားလုံးကြောင်ပြီး ကြည့်လိုက်ကြ၏။ မင်းညိုက မျက်ခုံးကို ပင့်၍...

'တောက်တွေ ဘာတွေ ခေါက်လို့ပါလား၊ ကေန္တ ငါ့တစ်ပေါက်ကို ရှုံးပြီထင်တယ်၊ ဟုတ်လား'

'ဟုတ်တယ်ကွာ၊ ဟုတ်တယ်၊ ဟင်း... တောက်'

'အာ... မင်းကလည်း လန့်သွားတာပဲ ဖြည်းဖြည်းပြောပါကွ၊ ဟဲ... ဟဲ...'

ထိုသို့ပြောပြီး မင်းညို ပိုက်ဆံတစ်သောင်းပုံထားရာသို့ လက်လှမ်းလိုက်တော့သည်။ နိုင်ဇော်ရင်တွင်း၌ မခံချင်စိတ်တို့ တဟုန်းဟုန်းတောက်လောင်၍ နေသည်။ နှစ်ပွဲဆော့တာ နှစ်ပွဲရှုံးသည်။ ရှုံးတာကလည်း မင်းညိုဆိုသည့်ကောင် တော်၍မဟုတ်။ ကိုယ့်ကိုယ်၌ကကို ကုသိုလ်ကံမကောင်းသဖြင့် ရှုံးသွားတာ။

ဒီတော့ မကျေပွဲတစ်ပွဲ နွဲ့ရုံပဲ ရှိတော့တာပေါ့။ ထိုသို့ တွေးပြီး နိုင်ဇော် မင်းညိုနှင့် နောက်တစ်ပွဲ စရန် တာစူလိုက်သည်။

ပွဲက ယခု ကစားပြီးသော နှစ်ပွဲအပါအဝင် ဆယ်ပွဲကစားဖြစ်၏။

ထိုဆယ်ပွဲကစားရာ ဆယ်ပွဲစလုံး မင်းညိုအား နိုင်ဇော် ရှုံးပါသည်။ ထို့ကြောင့် နိုင်ဇော်မှာ သီဟဆီက နိုင်၍ထားသော ပိုက်ဆံနှစ်သောင်းတင်မက မိမိအိတ်ထဲမှ ပါလာသော ငွေသုံးသောင်းပင် အဆစ်ပါသွားကာ ပြောင်သလင်းခါသွားသည်။

ထိုသို့ ပိုက်ဆံမရှိတော့ခြင်းကြောင့်လည်း ကစားဝိုင်းမှာ အလိုအလျောက် ရပ်နားသွားသည်။





မင်းညိုက အနိုင်ရသည့် ပိုက်ဆံများကို သေချာစွာ ရေနေရင်း...

'အင်း... နိုင်ဇော်၊ မင်း ဒီနေ့ သိပ်ကံမကောင်းဘူး ထင်တယ် ကွာ'

ထိုသို့ ပြောလိုက်ခြင်းကြောင့် နိုင်ဇော် မင်းညိုကို 'ဘု'ကြည့် ကြည့်သည်။

ထိုအခါ မင်းညိုက ပြုံး၍...

'အဲလိုကြီး မကြည့်ပါနဲ့ကွာ၊ မင်းကလည်း ဘာလဲ... လမ်းစရိတ် မရှိတော့လို့လား၊ ငါပေးပါ့မယ်ကွ၊ ဟဲ... ဟဲ... ရော့... ရော့'

ဟုဆိုပြီး အိတ်ကပ်ထဲမှ နှစ်ရာတန်တစ်ရွက်ကို ဆွဲထုတ်ရင်း နိုင်ဇော်အား လှမ်း၍ ပေးလိုက်သည်။ ထိုအခါ နိုင်ဇော် ပေါက်ကွဲသွားပြီး...

'ဟေ့ကောင် မင်းညို၊ မင်းနှစ်ရာကို ငါက ဘာလုပ်ရမှာလဲ'

'လမ်းစရိတ်လုပ်လေ'

'မလုပ်ဘူးကွ၊ မလုပ်ဘူး ငါ့ဘာသာ ငါ အိမ်ကို လမ်းလျှောက်ပြီး ပြန်မယ်'

'ခြေထောက်ညောင်းမှာပေါ့ သူငယ်ချင်းရာ'

'ညောင်းပလေ့စေကွာ၊ ဟွန်း'

ထိုအခါ မင်းညို ပခုံးကို တွန့်၍...

'အေးလေ... မင်းက ဒီလောက်ထိ ကျန်းမာရေးကို လိုက်စားချင်နေမှတော့ ငါပေးမနေတော့ပါဘူး'

ဟု ဆိုပြီး ပိုက်ဆံနှစ်ရာကို အိတ်ကပ်ထဲ ပြန်ထည့်လိုက်လေသည်။ ထို့နောက် နိုင်ဇော်က မင်းညိုအား မကြည့်ကြည့် ကြည့်ပြီး...

'ဒီမှာ မင်းညို'

'အေး... ပြော'

'မင်း ငါ့ကို လိမ်ပြီး ကစားသွားတယ်ဆိုတာကို ငါသိတယ်'

'စွပ်စွပ်စွဲစွဲတွေကွာ'

'စွပ်စွဲနေတာ မဟုတ်ဘူး၊ ငါ့စိတ်ထဲကကို အလိုလို သိနေတာ င်း...'

'ဘာလဲ... မင်းက အကြားအမြင်ပေါက်နေလို့လား၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ရိုးရိုးသားသားနဲ့ ကစားသွားတာ၊ မင်းမျက်စိရှေ့မှာပဲဟာ မယုံရင် မင်းကောင်တွေကိုလည်း မေးကြည့်ဦး'

ဘယ်သူမှ ဘာညာဝင်၍ ပြောဆိုခြင်း မပြုကြပါ။ မင်းညိုက အားလုံးရဲ့ရှေ့မှာ ရှင်းရှင်းလင်းလင်းကြီး ကစားသွားတာကိုး။ ဒီတော့ စွပ်စွဲဖို့က ခက်သည်ပေါ့။

ဒါပေမဲ့ နိုင်ဇော်စိတ်ထဲမှာ မင်းညို လိမ်နေတာကို လုံးဝခံစား သိမြင်နေသည်။ လက်ဆုပ်လက်ကိုင်ပြဖို့သာ ခက်နေတာ။

ထို့ကြောင့် မကျေနပ်ပေမယ့် လက်လျှော့ကာ ဆိုင်ထဲမှ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ထွက်ခွာသွားသည်။ ထိုအခါ ဆိုင်အတွင်း၌ မင်းညို သီဟနှင့် မေဒေးတို့ သုံးယောက်သာ ကျန်ရစ်ခဲ့တော့သည်။ မင်းညိုက…

'သီဟ မင်းဘယ်လောက်ရှုံးလဲ'

'နှစ်သောင်း'

မင်းညို သီဟအား ငွေနှစ်သောင်း ပြန်ပေးလိုက်သည်။ ထို့နောက် ကျန်သည့် ပိုက်ဆံသုံးသောင်းအား လက်ဖြင့်ပုတ်၍…

'ကဲ… ဒီသုံးသောင်းနဲ့ မြို့ထဲကိုသွားပြီး မေဒေးအတွက် တစ်ခုခုဝယ်ပြီး လက်ဆောင်ပေးမယ်'

ထိုသို့ ပြောလိုက်ခြင်းကြောင့် မေဒေး ပျော်မြူးသွားပြီး ဟေးခနဲ ထအော်သည်။ သီဟက နဝေတိမ်တောင်ဖြင့်…

'မေဒေးအတွက် ဘာဖြစ်လို့ လက်ဆောင်ဝယ်ပေးရမှာလဲကွ'

ထိုအခါ မေဒေးက သီဟကျောအား ဖြန်းခနဲ ရိုက်ထည့်လိုက်ပြီး…

'ဟင်… သီဟ၊ နင်က ငါ့ရည်းစားဖြစ်ပြီးတော့ ငါ့ကို တော်တော်ဂရုစိုက်ပါလား၊ ဟင်'

'ဘာလဲဟ… ဘာဖြစ်လို့လဲ'

'ဩ… ဘာဖြစ်ရမှာလဲ၊ ဒီနေ့ ငါ့မွေးနေ့လေ၊ အဲဒါကို မင်းညိုက သတိရပြီး နင်က မေ့နေတယ် ဟုတ်လား၊ ဟွန်း'

ထိုသို့ ပြောလိုက်ခြင်းကြောင့် သီဟ သူ့အမှားကိုသူ သိမြင်သွားပြီး မျက်လုံးပြူးသွားသည်။ မေဒေးက မေဒေးကျော်ဆိုသည့် နာမည်အတိုင်း မေဒေး (အလုပ်သမားနေ့)ပြီး နောက်တစ်ရက်တွင် မွေးခြင်းဖြစ်သည်။





ထို့ကြောင့် မေဒေး၏ မွေးနေ့သည် မှတ်ရမခက်ဘဲ လွယ်လွယ်ကူကူပင် သတိရနိုင်သည်။

ထို့ကြောင့် မင်းညို မှတ်မိနေခြင်းဖြစ်၏။ ဒါကို ကာယကံရှင်၏ ရည်းစားအရင်းခေါက်ခေါက်ဖြစ်သော သီဟက မေ့နေသည်ဆိုတော့ ဟိုက တင်းသည်ပေါ့။ မေဒေး၏ မျက်နှာ စူပုပ်နေသည်။

သီဟ ပျာပျာသလဲဖြင့်…

'စိတ်မဆိုးပါနဲ့ မေဒေးရယ်၊ ငါ တကယ် မေ့သွားလို့ပါ၊ နင်ကလည်း ကြိုမှမပြောတာ'

'ပြောစရာလားဟဲ့… ဟွန်း'

ဟု ပြောရင်း မေးဒေးနှုတ်ခမ်းထော်၍ တစ်ဖက်လှည့်သွား၏။

သီဟ ကပျာကယာဖြင့် လိုက်ချော့သည်။

ဤသို့ဖြင့် ခဏမျှ အချော့သံသရာ လည်သွားသေးသည်။ နောက် မေဒေးလိုချင်တာကို ဝယ်ပေးပါ့မည်ဆိုသော ကတိဖြင့် အခြေအနေ ပြန်လည်အေးချမ်းသွားသည်။

ဆိုင်ထဲမှထွက်ရန် ပြင်သောအခါ မင်းညိုက ကောင်တာတွင် ထိုင်နေသော ကိုသန်းစိုးထံသွား၍ ငှားထားသော ပိုက်ဆံတို့ကို ပြန်ပေးရင်း…

'ကျေးဇူးပါပဲ ကိုသန်းစိုး'

'အာ… ရပါတယ်ကွာ၊ မင်းကလည်း ဘယ်လိုလဲ၊ အဆင်ပြေလား'

'ပြေတာပေါ့ဗျာ'

'အေးကွာ၊ မင်း အဆင်ပြေတယ်ဆိုရင် ပြီးတာပါပဲ၊ ငါက ပြဿနာဖြစ်မှာကိုသာ စိုးရိမ်နေတာ'

'ဒီလောက်တော့ ကျွန်တော်လည်း သိပါတယ် ကိုသန်းစိုးရာ၊ ဘာပြဿနာမှ မဖြစ်စေရဘူး၊ စိတ်ချ'

'အေးပါ… အေးပါ မင်းကို ငါ ယုံပါတယ်'

ထိုသို့ ပြောပြီးနောက် မင်းညို ကိုသန်းစိုးကို နှုတ်ဆက်ကာ သီဟတို့နှင့်အတူ ထွက်လာခဲ့လေသည်။ လမ်းတွင် သီဟက မင်းညိုအား…



www.burmeseclassic.com

www.burmeseclassic.com



'မင်းညို မင်းဒီနေ့ တော်တော်ကံကောင်းတယ်နော်'

'ဘာဖြစ်လို့လဲကွ'

'ဘာဖြစ်ရမှာလဲ ဟိုကောင် နိုင်ဇော်နဲ့ ဆယ်ပွဲကစားတာ ပွဲတိုင်း မင်းချည်းပဲ အနိုင်ရတဲ့ဟာ၊ အဲဒါ မင်းကံအရမ်းကောင်းလို့ပေါ့ကွ'

မင်းညို ဟက်ဟက်ပက်ပက်ရယ်ပြီး...

'ဟား... ဟား... အဲဒါ ကံကောင်းလို့ မဟုတ်ဘူးကွ၊ အကြံကောင်းလို့ နိုင်တာ'

မင်းညိုစကားကြောင့် သီဟ အူတူတူဖြစ်သွားပြီး...

'ဘယ်လို... အကြံကောင်းလို့ ဟုတ်လား'

'အေး...'

'ဘယ်လိုလဲကွ... ငါ နားမလည်တော့ဘူး'

မင်းညို ဘာမှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံး၍နေသည်။ ထိုအခါ မေဒေးကပါ သိချင်ဟန်ဖြင့်...

'မင်းညို... ငါတို့ကို ပြောပြပါ၊ နင်ဘယ်လို နိုင်အောင် လုပ်လိုက်တာလဲ'

မင်းညို ပြုံးစိစိရယ်ဖြင့်...

'ဒီလိုဟ... ငါက ကိုသန်းစိုးကို အရေးကြုံလာရင် ခွင်ရိုက်လို့ရအောင် ဟိုးအရင်ကတည်းက ပိုက်ဆံတွေကို နံပါတ်မှတ်ပြီး ပေးထားတာ ရှိတယ်၊ အခု ငါတို့ နံပါတ်ကြည့်တဲ့ ပိုက်ဆံတွေက အဲဒီပိုက်ဆံတွေလေ ဒါကြောင့် ပိုက်ဆံတိုင်းရဲ့ နံပါတ်တွေကို ငါက အလွတ်ရပြီးသားဆိုတော့ ဟိုကောင်နိုင်ဇော် ခံလိုက်ရတာပေါ့၊ ဟင်း... ဟင်း'

မင်းညို၏ စကားလည်း ဆုံးရော သီဟနှင့် မေဒေးတို့မှာ ရယ်မိကြတော့သည်။

'ဟား... ဟား... ဟား... ငါက မသိပါဘူးကွာ၊ မင်းတော်တော်ကံကောင်းနေတယ်လို့ထင်တာ'

'ခစ်... ခစ်... မင်းညို... နင်ဟာလေ နိုင်ဇော်တို့ ပြောလည်း ပြောချင်စရာပဲ၊ တော်တော်လူလည်ကျတဲ့ကောင်၊ ခစ်... ခစ်'

ထို့နောက်တော့ သုံးယောက်သား ပျော်ရွှင်စွာဖြင့် မြို့ထဲသို့သွား၍





မေဒေးအတွက် အမှတ်တရ မွေးနေ့လက်ဆောင်များ ဝယ်ပေးလိုက်ကြသည်။

ညနေစောင်းမှ မေဒေး၏ အိမ်ရှေ့အထိ လိုက်ပို့ကြပြီးနောက် သီဟက...

'မင်းညို'

'ဟေ...'

'ငါ မင်းကို တိုင်ပင်စရာတစ်ခု ရှိတယ်၊ အေးချမ်းပြီး စကားပြောလို့ကောင်းတဲ့ နေရာကို သွားကြတာပေါ့ကွာ'

'ဘာလဲ ဘီယာဆိုင်လိုဟာမျိုးလား'

'ဒါပေါ့ကွ'

ထို့နောက်တော့ နှစ်ယောက်သား ပန်းဖက်၍ ဆိတ်ငြိမ်သော ဘီယာဆိုင်လေးတစ်ဆိုင်သို့ ရောက်လာခဲ့ကြသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

စားသောက်၍ ဝသလောက်ရှိတော့မှ နှစ်ယောက်သား ထိုင်ခုံ နောက်ကျောကို မှီ၍…

'သီဟ… မင်းငါ့ကို ပြောစရာရှိတယ်ဆို'

'အေး… မင်း… လတ်အောင်ဆိုတဲ့လူကို သိတယ် မဟုတ်လား'

မင်းညို မျက်မှောင်ကြုတ်၍…

'ဘာလဲ… ငါတို့ ကျောင်းကပဲလား'

'မဟုတ်ဘူးလေကွာ၊ မင်းကို ငါ တစ်ခါက ပြောဖူးတယ်၊ မေဒေးတို့ အိမ်ကို လာလာပြီး မေဒေးကို ကြောင်နေတဲ့ မန္တလေးက ရွှေဆိုင်ပိုင်ရှင်ဆိုတာလေကွာ'

'သြော်… အေး… အေး… မှတ်မိပြီ၊ မှတ်မိပြီ ခုဘာဖြစ်လို့လဲ'

'အဲဒီလူက မေဒေးကျောင်းပြီးရင် လက်ထပ်ချင်တယ်ဆိုပြီး မေဒေး မိဘတွေကို အတိအလင်းပြောလာလို့ကွ'

'ဟော…'

မင်းညို ခေါင်းကုတ်မိသည်။

'နေပါဦး… မေဒေး မိဘတွေနဲ့ အဲ့ဒီ လတ်အောင်ဆိုတဲ့လူနဲ့ ဆက်ဆံရေးက ဘယ်လိုလဲဆိုတာကို မင်းသိလား'

'အင်း… မေဒေးပြောပြသလောက်တော့ အဲဒီလူနဲ့ သူ့မိဘတွေက လုပ်ငန်းချင်းလည်း ပတ်သက်နေတယ်၊ ပြီးတော့ လူမှုရေးအရလည်း တော်တော် ရင်းနှီးတယ်လို့လည်း ပြောတယ်ကွ'





မင်းညို သက်ပြင်းချမိသည်။

*'မင်းဟာက မလွယ်ဘူးပဲ'*

*'အေးကွ၊ ပြီးတော့ ဒီလူက အသောက်အစားရော မိန်းမရော* ကောင်းတယ်တဲ့'

'ဒါဆို စံပြပုဂ္ဂိုလ်ကြီးပေါ့'

သီဟက မရယ်ချင်ရယ်ချင်ဟန်ဖြင့် ရယ်သည်။ မင်းညိုက…

'နေပါဦး… မေဒေးက ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုပြောလဲ'

'စိတ်ညစ်တယ် ဘာညာတော့ ပြောတာပေါ့ကွာ'

'ကြာပါတယ်ကွာ၊ ခိုးသာပြေးကြပေါ့'

'ငါ ပြောကြည့်ပြီးသွားပြီကွ၊ မေဒေးက လက်မခံဘူး'

'ဒါဆို မင်းမိဘတွေကို ဖွင့်ပြောပြီး သွားတောင်းကွာ၊ မင်းတို့ လည်း ဆင်းဆင်းရဲရဲထဲကမှ မဟုတ်တာ'

သီဟ၏ မိဘတွေက အရမ်းချမ်းသာပါသည်ဟု ပြော၍မရတောင် သူဌေးဟု သတ်မှတ်ခံလောက်သည့် လူတန်းစားထဲတွင် ပါဝင်ပါသည်။

'အဲဒါလည်း ငါပြောကြည့်ပြီးသွားပြီကွ၊ မေဒေးက သူ့အိမ်ကို ဖွင့်ပြောတော့ သူ့အိမ်က ငါ့ကို အလုပ်အကိုင် အတည်အကျမရှိဘူးဆိုပြီး ငြင်းတယ်တဲ့ကွ'

'အာ… ဒါတော့ကွာ၊ မင်းက ကျောင်းမှ မပြီးသေးဘဲနဲ့ဟာ'

'အေးကွာ… အဲဒါကြောင့် မင်းဆီက ငါ အကြံဉာဏ်တောင်း နေတာ'

သီဟပုံစံက စိတ်ညစ်နေသည့်ဟန် အထင်းသား…

မင်းညို နားထင်ကိုကုတ်၍ အကြံထုတ်သည်။ ခဏကြာမှ…

'ဟာ… ဟုတ်ပြီ၊ ငါ အကြံရပြီ'

မင်းညို အကြံရပြီဆိုသဖြင့် သီဟလည်း အားတက်သွားပြီး…

'ဟုတ်လား… ဘာအကြံလဲ'

'ဒီလိုလေကွာ၊ ခု ဒီကိစ္စမှာ တကယ်တမ်း တရားခံက ဟိုလတ် အောင်ဆိုတဲ့လူ၊ ဟုတ်တယ်မဟုတ်လား'

'အေး… ဟုတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့် ဒီလတ်အောင်ဆိုတဲ့လူကို ဖယ်ထုတ်လိုက်ရင် ပြဿနာက ရှင်းသွားပြီ'

'ဟုတ်တယ်၊ ဘယ်လိုနည်းနဲ့ ဖယ်ထုတ်မှာလဲ သူငယ်ချင်း'

'ချောင်းရိုက်လိုက်မယ်လေကွာ'

မင်းညိုအပြောကြောင့် သီဟ တွန့်ခနဲဖြစ်သွားပြီး…

'အာ… မင်းကလည်း ပြဿနာတွေတက်ကုန်မှာပေါ့ကွ'

'ဟ… ဒီလောက်တော့ ရင်းရမှာပေါ့ကွ'

'မလုပ်ပါနဲ့ကွာ၊ မိန်းမရတဲ့အပြင် လက်ထိပ်နဲ့ပါ ညားနေပါဦးမယ်'

မင်းညို ရယ်သည်။

'အလကားစတာပါကွာ၊ ဒီကိစ္စမှာ အဓိကကာယကံရှင်ဖြစ်တဲ့ မေဒေးကသာ အရေးကြီးတာပါ၊ ပြီးတော့ ဒီခေတ်ကြီးမှာက ဒီလိုမျိုး သမီးမိန်းကလေးတစ်ယောက်ကို မိဘတွေက အတင်းအကျပ်အိမ်ထောင်ချပေးလို့ မရတော့ပါဘူး၊ မေဒေးအကြောင်းလည်း မင်းရော ငါရော သိနေတာပဲ၊ သူက ခေါင်းကြောက ခပ်မာမာရယ်၊ ဒီတော့ မင်း ဘာမှ စိတ်ပူမနေနဲ့၊ အချိန်တန်ရင် မေဒေး သူ့မိဘတွေကို ဆန့်ကျင်ပြီး မင်းဆီကို ရောက်လာလိမ့်မယ်၊ ဟုတ်ပြီလား'

ထိုသို့ ပြောလိုက်ခြင်းကို သီဟ မယုံသင်္ကာဟန်ဖြင့်…

'ဟုတ်ပါ့မလားကွ၊ မင်းကလည်း'

'ဟုတ်ပါတယ်ကွ၊ အေး… ဒါပေမဲ့ ဒီပြဿနာက အရမ်းကျဉ်းထဲကျပ်ထဲ ရောက်သွားပြီး သူကိုယ်တိုင် မဖြေရှင်းနိုင်ဘူးဆိုရင်'

မင်းညို ကိုယ့်ရင်ဘတ်ကို ကိုယ့်ဘာသာကို ပုတ်၍…

'ငါ့ဆီကို ရောက်လာလိမ့်မယ်၊ မင်းစိတ်ချပြီး စောင့်ကြည့်နေ'

'ဟုတ်ပါပြီကွာ… မင်းပြောတာ မှန်မမှန်ဆိုတာကို ငါတို့စောင့်ကြည့်ကြတာပေါ့ မင်းညိုရာ'

'ဟား… ဟား… ဒါပေါ့ကွ၊ အေး… ခုတော့ ငါတို့ကို စောင့်နေတဲ့ ဟောဒီခွက်လေးထဲက အရည်လေးတွေရဲ့ ဆန္ဒကို ဖြည့်ပေးလိုက်ကြစို့'

'ချကွာ… ချီးယားစ်'





ထိုသို့ မင်းညိုနှင့် သီဟတို့နှစ်ယောက် ပြောဆို တိုင်ပင်ပြီးသွားပြီးသည့်ရက်နှင့် သိပ်မကြာမီ ရက်ပိုင်းအတွင်းတွင် မေဒေး ကျောင်းနှစ်ရက်၊ သုံးရက်ခန့် မတက်ပါ။

အဲ… ကျောင်းပြန်တက်သည့်နေ့သို့ ရောက်သောအခါ ရုပ်ချောချောနှင့် ပိုက်ဆံရှိ လူကုံတန်တစ်ယောက်ဟု ထင်းခနဲ သိမြင်နိုင်သည့် လူတစ်ယောက်က ကားအကောင်းစားကြီးနှင့် မေဒေးအား ကျောင်းသို့ လိုက်ပို့သည်ကို မြင်လိုက်ရသဖြင့်…

သီဟ၏ ရင်ဘတ်သည် မီးထတောက်၍ မင်းညို၏ မျက်လုံးအစုံတို့သည် အရောက်လက်ခနဲ တောက်သွားတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

'တောက်… ဒါက ဘာသဘောလဲကွ ဟင်'

'စိတ်ကို အေးအေးထားစမ်း သီဟ'

'ငါကွာ… ဟင်း…'

သီဟ ခေါင်းထွက်လွှန်း၍ အသားတို့ တဆတ်ဆတ်တုန်နေသည်။

မင်းညိုက သီဟ၏ ပခုံးကို အသာထိန်း၍ ဖက်လိုက်ရင်း…

'မင်းကလည်း ဒီလောက်ထိ စိတ်တိုမနေစမ်းပါနဲ့၊ အကျိုးအကြောင်းကို သေချာသိရသေးတာမှ မဟုတ်ဘဲနဲ့'

ထိုသို့ နှစ်သိမ့်မယ့်သာ နှစ်သိမ့်နေမိသည်။ သီဟ၏ ခံစားချက်ကို မင်းညို နားလည်ပေး၍ ရပါသည်။ ရည်းစားလူလု အနုကြွဲခတ် မဟုတ်လား။ ပြီးတော့ အခု မြင်တွေ့နေရသော မြင်ကွင်းက စိတ်တိုစရာလည်းကောင်းသလို အမြင်ကတ်စရာလည်း ကောင်းလှသည်။

စီးထားသော ကားကြီးက အကောင်းစားကြီးဖြစ်သလို လတ်အောင်ဆိုသည့် ပုဂ္ဂိုလ်ကလည်း တကယ့်အကောင်းစားကြီးဖြစ်နေတာပါ။ ပုံစံက ဆောင့်ကြွားကြွားနှင့် တစ်လောကလုံး သူ့လုပ်စာထိုင်စားနေသည်ဆိုသည့် ရုပ်နှင့်။ ပြီးတော့ ရုပ်က ချောတော့ ချောသည်။ ဒါပေမဲ့ ယောကျ်ားတိုင်းလိုလို အမြင်ကတ်လှသည့် မိန်းမဆန်ဆန် ချောနည်းမျိုးဖြင့် ချောနေခြင်းသာ ဖြစ်သည်။

ထို့ကြောင့် မင်းညိုတင်မက တစ်ကျောင်းလုံးရှိ ၄င်းကို တွေ့သူ ယောကျ်ားတိုင်း ကြည့်မရ ဖြစ်သွားကြသည်။

ပြီးတော့ သီဟနဲ့ မေအေးကျော်တို့ ကြိုက်နေတာကို တစ်ကျောင်း





လုံး သိကြသည်ဆိုတော့ ယခုလို မြင်ကွင်းမျိုးကို တွေ့လိုက်ကြသဖြင့် ကျွတ်စီကျွတ်စီဖြစ်ကုန်ကြသည်။

မေအေးရဲ့ ရုပ်ကလေးကတော့ စိတ်ရှုပ်နေတဲ့ ရုပ်နဲ့ပါ။

ဝေါက ကားပေါ်မှ ဆင်းပြီးနောက် မသွားသေးဘဲ မေအေးအား ဘာတွေမှန်းမသိ ပွစိပွစိ ပြောနေသည်။ မေအေးက လက်မခံဟန်ဖြင့် ခေါင်းတခါခါ လုပ်နေ၏။

ခဏကြာတော့မှ စိတ်လျှော့လိုက်ဟန်ဖြင့် ကားပေါ်သို့ ပြန်တက်ဘာ ဆောင့်ကြွားကြွားဟန်ဖြင့် မောင်းထွက်သွားသည်။

ထိုအခါမှ မေအေး မင်းညိုတို့ရှိရာသို့ စိတ်ရှုပ်သည့်ရုပ်ဖြင့် ရောက်ပြီး သက်ပြင်းချကာ ဝင်ထိုင်လိုက်၏။

သီဟ ရှုပ်ပုပ်ပုပ်ရုပ်ဖြင့် တစ်ဖက်သို့ လှည့်သွား၏။ ထို့ကြောင့် အေးက သီဟအား စိတ်တိုသွားသည့်ဟန်ဖြင့် ကျောပြင်အား ဖြန်းခနဲနေဝင် ရိုက်၍…

'ဟဲ့… နင့်ရုပ်က ဘာဖြစ်နေတာလဲ'

သီဟ နာသွားသော နေရာကို လက်ဖြင့်ပွတ်၍ လေသံမာမာ…

'ဘာမှမဖြစ်ဘူး'

'အောင်မာ ဒီလောက် ရှုပ်ပုပ်ပွနေတဲ့ရုပ်က ဘာမှမဖြစ်ပါဘူးလို့ ပြီး ပြောင်လိမ်နေတယ်၊ ဟုတ်လား… ဟွန်း'

ဟု ပြောရင်း တစ်ဆက်တည်း ကိုယ့်ဘာသာကိုယ် ပြောသော သံမျိုးဖြင့်…

'ဒီမှာ ကိုယ့်ရည်းစားက ဘာတွေဖြစ်နေတယ်၊ ဘယ်လောက်ထိ ဦးအကျပ်ထဲ ရောက်နေတယ်ဆိုတာကို မေးမယ် မြန်းမယ် မရှိဘူး၊ စပြီး စိတ်တောင် ပြန်ကောက်နေသေးတယ်၊ တော်တော် အားကိုးဖို့ င်းတဲ့ ရည်းစားပဲ၊ ဟွန်း'

ထိုသို့ မေအေး ပွစိပွစိ ပြောလိုက်မှ သီဟ ခေါင်းပြန်လှည့်လာ

…

'ဘာလဲ… နင်က ဘာဖြစ်နေလို့လဲ'

'ဘာဖြစ်ရမှာလဲ၊ အိမ်မှာ ပြဿနာက အကြီးကြီးတတ်နေပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ ဟိုလတ်အောင်ဆိုတဲ့လူကြောင့်လား'

ဆက်၍…

'သူ့ကြောင့်ပဲ ပြဿနာတက်တယ်လည်း ပြောသေး၊ နင်က လာတော့ အဲဒီလူ ကားပေါ်မှာ အခန့်သား'

'ကျွတ်… သီဟ… နင်ဟာလေ တော်တော့်ကိုတုံးတဲ့ ငတုံးပါပဲ'

'ဘာလဲ… ငါက ဘာတုံးရမှာလဲ'

'ဟဲ့… နင်တုံးလို့ ဒီလိုအပြောမျိုး ပြောတာပေါ့'

'ငါပြောတာ မှားနေလို့လား'

'မှားတယ်ဟဲ့ မှားတယ်… ဟွန်း…'

ထိုသို့ နှစ်ယောက်သား စကားများကြရန် တာစူနေသော အချိန်တွင် မင်းညိုက ဝင်၍…

'ကဲ… တော်ကြစမ်းပါကွာ၊ မင်းတို့ကလည်း… မေဒေးက လည်း အကျိုးအကြောင်းကို ငါတို့ သိအောင် ရေရေလည်လည် ရှင်းပြမှပေါ့'

'ငါက ရှင်းပြမလို့လေ၊ ဟိုမှာ နင့်သူငယ်ချင်းက ရန်လာထောင်နေတာကို မတွေ့ဘူးလား'

သီဟက ခွန်းတုံ့ပြန်ဖို့ ပါးစပ်ပြင်လိုက်စဉ် မင်းညိုက ဟန့်တားလိုက်ပြီး မေဒေးအား…

'အေးပါဟာ… ဒါတွေ ထားလိုက်ပါတော့၊ နင် အခု ဘာတွေဖြစ်ပြီး ဘာပြဿနာတွေ တက်လာသလဲဆိုတာကိုသာ ငါတို့ကို ပြောပြ'

ထိုအခါကျမှ သီဟကို အရင်မျက်စောင်းထိုးပြီး မိမိ ယခုရက်ပိုင်းအတွင်း ကြုံတွေ့နေရသော ပြဿနာကို ပြောပြသည်။

ဖြစ်ပုံမှာ မေဒေး၏ မိဘများမှာ မေဒေးနှင့် လတ်အောင်တို့ကို နီးစပ်စေချင်သည့် ဆန္ဒအရ လတ်အောင်အား ရန်ကုန်တွင် ရွှေဆိုင်၊ ဆိုင်ခွဲဖွင့်ရန်ဆိုပြီး အကြောင်းပြ၍ မိမိတို့၏ အိမ်သို့ လာရောက် တည်းခိုကာနေထိုင်စေခဲ့သည်။ ထိုအခါ မေဒေးကလည်း စိတ်ထဲတွင် ကျေလည်မှုမရှိလှသော်လည်း ခပ်ပေါ့ပေါ့တွေးကာ မိဘများ ယာယီစိတ်ချမ်းသာပါစေတော့ဟု ဆိုပြီး တစ်အိမ်တည်းနေသော လတ်အောင်အား လိုက်လိုက်လျောလျောနေခဲ့မိ၏။





ထိုအခါ လတ်အောင်က သူ့ဘက်သို့ မေဒေး စိတ်ယိုင်လာပြီအထင်နှင့် နောက်တစ်ဆင့်တက်ကာ မေဒေး၏ မိဘများအား သူနှင့်မေဒေးကို လက်ထပ်ပေးပါရန် အတိအလင်း တောင်းဆိုသည်။ မေဒေး၏ မိဘများကလည်း လတ်အောင်အား ရွှေသမက်၊ ငွေသမက်ဟု ထင်မြင်ထားခြင်းကြောင့် ကျောင်းပြီးလျှင် မေဒေးနှင့် လက်ထပ်ပေးပါမည်ဟု ကတိပေးလိုက်တော့သည်။

ထိုအခါ မေဒေးမှာ ဒေါသပုံထပြီး မိဘများအား လတ်အောင်အား လုံးဝ လက်မထပ်လိုကြောင်း ငြင်းဆန်၍ မိမိနှင့် သီဟတို့ လူငယ်ချင်း ကြိုက်နေကြောင်းကိုပါ ထည့်သွင်းပြောကြားလိုက်သဖြင့် မေဒေး၏ မိဘများမှာ တစ်ဖက်မှ စကားလွန်သွားပြီလည်း ဖြစ်ပြန်၊ ရွှေသမက် ငွေသမက်ဖြစ်သော လတ်အောင်အားလည်း လက်လွှတ်မခံလိုခြင်းကြောင့် မျက်ဖြူးပျာပျာတွေဖြစ်ကုန်ပြီး မေဒေးအား ကျောင်းပင်မတက်စေတော့ဘဲ ချုပ်ချယ်ကြလေသည်။

ထိုအခါ မေးဒေးက တငိုငို တရယ်ရယ်တွေလုပ်၍ ဆန္ဒပြတော့မှ ပြန်လည် လိုက်လျောသည့်အနေဖြင့် ကျောင်းကို ပြန်တက်စေသည်။ သို့ရာတွင် ဒီအတိုင်းတော့မဟုတ်။ ကတိများ အထပ်ထပ်တောင်းခံသည့်အပြင် ကျောင်းတက်ကျောင်းဆင်းကို လတ်အောင်အား လိုက်ပို့စေခဲ့ခြင်းဖြစ်သည်။

မေဒေး၏ စကားလည်းဆုံးရော မင်းညို သက်ပြင်းချမိသည့်အပြင် သီဟကလည်း မိမိချစ်သူ ဒီလောက်ထိ စိတ်ဒုက္ခရောက်နေရကြောင်းကို သိမြင်သွားခြင်းကြောင့် စိတ်မကောင်းဖြစ်သွားကာ မေဒေး၏ လက်ဖဝါးလေးကို ဖျစ်ညှစ်၍ ဆုပ်ကိုင်လိုက်ရင်း…

'ဆောရီးပဲ မေဒေးရာ၊ ငါ တကယ်ကို မသိလိုက်မိဘူး'

မေဒေး မျက်ရည်တဝဲဝဲဖြင့် ခေါင်းငုံ့သွားသည်။ မင်းညိုက…

'ဒါဆိုရင် နင်အခု ဘာဆက်လုပ်မယ်လို့ စဉ်းစားထားလဲ မေဒေး'

ထိုသို့ မေးလိုက်ခြင်းကြောင့် မေးဒေး ခေါင်းပြန်မော့၍လာပြီး…

'အင်း… ငါလည်း မသိတော့ပါဘူးဟာ'

ထိုအခါ မင်းညိုက…

'ဒါဆိုလည်းဟာ နင်တို့နှစ်ယောက် ခိုးပြေးကြပေါ့'



www.burmeseclassic.com

www.burmeseclassic.com



မေဒေး ခေါင်းခါ၍…

'ငါ အဲဒီလိုလည်း မလုပ်ချင်ဘူး'

'ဘာဖြစ်လို့လဲ'

မေဒေးသက်ပြင်းချ၍…

'ငါ့အိမ်ကိုလည်း ဒီလိုမလုပ်ပါဘူးလို့ ကတိပေးထားတယ်၊ နောက်ပြီးတော့ ငါ့စိတ်ဆန္ဒကလည်း ဒီလိုမျိုး အတတ်နိုင်ဆုံး မလုပ်ချင်ဘူး'

ထိုအခါ သီဟက မျက်နှာငယ်လေးဖြင့်…

'မေဒေးကလည်း ခုအချိန်မှာက ဒီလိုမလုပ်ရင် ဘယ်လိုလုပ်မှာလဲ၊ ငါ နင့်ကို တင့်တောင့်တင့်တယ် လက်ထပ်နိုင်ပါတယ်ဟ'

'မဟုတ်ဘူးဟ၊ ငါသာ တကယ်လို့ နင်နဲ့ ခိုးပြေးလိုက်မယ်ဆိုရင် နောက်မှ အဆင်ပြေတာ မပြေတာ အသာထားဦး၊ လောလောဆယ်မှာ ငါ့မိဘတွေ အရင် မျက်နှာပျက်ရမှာ၊ ငါက အဲဒါမျိုး မဖြစ်စေချင်ဘူး'

ဤသို့ မေဒေး၏ သဘောထားကို သိမြင်သွားခြင်းကြောင့် သီဟ ဘာမှမပြောသာတော့ဘဲ သက်ပြင်းချမိသည်။ ဟုတ်တော့လည်း ဟုတ်သည်။ တစ်ဖက်မှာက စကားလွန်ထားခြင်းကြောင့် မျက်နှာပျက်ရသည့် အပြင် ဂုဏ်သိက္ခာပါ ကျဆင်းသွားနိုင်သည် မဟုတ်ပါလား။ ထို့ကြောင့် မေဒေး သူ့မိဘများအား ပြန်လည်ငဲ့ကွက်ရသည်မှာ အလွန်မဟုတ်။

ထို့ကြောင့် သီဟက မေဒေးအား…

'ဒါဆိုရင် ငါတို့ ဘာဆက်လုပ်ကြမှာလဲ'

မေဒေး ခေါင်းကို ခပ်ဖြည်းဖြည်းခါသည်။ ထို့နောက်တော့ နှစ်ယောက်သား တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်၍ စိတ်ဓာတ် ကျဆင်းနေသည့်ဟန်ဖြင့် ငြိမ်သက်သွားကြသည်။ ခဏကြာမှ တစ်စုံတစ်ခု ကို ပြိုင်တူသတိရသွားဟန်ဖြင့် နှစ်ယောက်သား မျက်လုံးခြင်းဆုံမိသွား ကြပြီး မင်းညိုဘက်သို့ ပြိုင်တူလှည့်၍…

'မင်းညို'

ဆေးပေါ့လိပ်တစ်လိပ်ကို အေးအေးလူလူ ထိုင်၍ ဖွာနေသော မင်းညိုက ဘာလဲဆိုသည့် သဘောဖြင့် လှည့်၍ကြည့်ကာ မေးဆတ်ပြ သည်။ ထိုအခါ သီဟက…





'ဒီပြဿနာအတွက် ဖြေရှင်းနိုင်မယ့် အကြံလေးများ မင်းဆီမှာ ရှိဘူးလား'

မင်းညို တစ်ချက်မျှ စဉ်းစားဟန်ပြုပြီး…

'အေး… ရှိတော့ ရှိသလိုပဲကွ'

ထိုသို့ စကားဦးသန်းလိုက်ခြင်းကြောင့် သီဟနှင့် မေဒေးတို့ တက်ကြွသွားပြီး…

'ဘာလဲကွ… ဘယ်လိုအကြံမျိုးလဲ၊ ငါတို့ကို ပြောပြလေ'

'ဒီလိုလေကွာ၊ ဒီပြဿနာစပြီး ဖြစ်လာတာက ဟို… လတ်အောင် ဆိုတဲ့လူကြောင့်ကွ၊ ဒါကြောင့် ဒီပြဿနာကို အဆုံးသတ်သွားစေချင်တယ် ဆိုရင် ဒီလတ်အောင်ဆိုတဲ့လူကို ဖယ်ထုတ်ပစ်လိုက်မှ ရမယ်၊ ဒါဆိုရင် ပြီးသွားပြီပေါ့'

ထိုသို့ ပြောလိုက်သောအခါ သီဟက သဘောပေါက်သွားသည့် ဟန်ဖြင့် ဝမ်းသာအားရ လက်ဖျောက်တီးကာ…

'ဟုတ်ပြီ ငါသိသွားပြီ၊ ခု ငါတို့ ဘာလုပ်ရမလဲဆိုတော့ ဒီလတ် အောင်ဆိုတဲ့လူကို ချောင်းရိုက်ရမယ်၊ ဟုတ်တယ် မဟုတ်လား'

'ဟာ… ဒီကောင်'

'ကျွတ်… သီဟ နင်ဟာလေ'

ထိုစကားများကို မင်းညိုနှင့် မေဒေးတို့နှစ်ယောက် ပြိုင်တူလိုလို ထွက်သွားပြီး သီဟအား ဘုကြည့် ဝိုင်းကြည့်ကြသည်။ ထိုအခါ သီဟက မျက်နှာငယ်သွားပြီး…

'ဘာလဲကွ၊ ငါပြောတာမှားသွားလို့လား'

'အဲဒီလို လုပ်လို့ ရမလားကွ၊ ပြဿနာတွေ အကုန်တက်ကုန် မှာပေါ့'

'ဟ… မင်းပဲ ငါ့ကို ဟိုတစ်ရက်က ပြောတာလေ'

'ဒါပေမဲ့ ငါက စတာပါလို့ ပြန်ပြောခဲ့တယ်လေ'

ထိုအခါမှ သီဟလည်း ခေါင်းကုတ်၍ ငြိမ်သွားသည်။ ထို့နောက် မေဒေးက…

'ကဲပါ မင်းညိုရယ်၊ နင်ဆက်ပြောစရာရှိတာသာ ပြောပါ'

'ဒီလိုဟ အဲဒီလူကို ရှင်းထုတ်ပစ်ဖို့ဆိုတာ ငါတို့တစ်တွေ အနေ



www.burmeseclassic.com

www.burmeseclassic.com



တကြီးနဲ့ သွားလုပ်လို့ မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပေါ့တီးပေါ့ဆ သွားလုပ်မိရင် မထင်မှတ်ဘဲနဲ့ ပြဿနာက အခုလက်ရှိထက် ပိုပြီးကြီး သွားနိုင်တယ်၊ ဒါကြောင့် တစ်ဆင့်ပြီးတစ်ဆင့် အကွက်ချပြီးလုပ်မှ ရမယ်'

မင်းညို၏ စကားကို မဒေး သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်၍…

'ဒါဆိုရင် ပထမ အဆင့်ကို ဘယ်ကနေပြီး စမှာလဲ'

မင်းညို မျက်မှောင်ကုတ်၍ တစ်ချက်မျှ စဉ်းစားလိုက်ပြီး…

'အင်း… ပထမအဆင့်က နင်လည်း အနေချောင်သွားအောင် ပြီးတော့ ဒီလူကိုလည်း သင်ခန်းစာပေးတဲ့အနေနဲ့ ကျောင်းထဲကို မလာ အောင် လုပ်ရမယ်'

'ဘယ်လိုလုပ်ရမှာလဲ'

'လုပ်မယ့် အစီအစဉ်က ငါတို့ချည်းပဲဆိုရင်တော့ မရသေးဘူး လူအင်အားလိုတယ်၊ ဒါကြောင့် ဟို ဗရုတ်ညီနောင် အေးရွှေနဲ့ အေးငွေ တို့ ညီအစ်ကိုကို စစ်ကူခေါ်မှ ရမယ်'

မင်းညို ပြောတဲ့ ဆိုက်ကိုက အေးရွှေ၊ အေးငွေ ညီအစ်ကိုဆိုတဲ့ နှစ်ကောင်က တစ်ကျောင်းလုံး သူတို့ မနောက်ဖူး မပြောင်ဖူး မရှိသလောက် ကို နောက်ပြောင်တတ်တဲ့ နှစ်ကောင်ပါ။ အဲ… နောက်ပြောင်ရာမှာလည်း မှင်သေသေနဲ့ နောက်တတ်တဲ့ ကောင်စားမျိုးတွေပါ။

ထို့ကြောင့် သီဟက အူတူတူရုပ်ဖြင့်…

'ဒီကောင်တွေကို စစ်ကူခေါ်ပြီးတော့ ဘာလုပ်ရမှာလဲကွ'

ဟု မေးလိုက်ရာ မင်းညိုက ဒီလို လုပ်ရမှာကွဟု အစချီ၍ သီဟနှင့် မဒေးအား လတ်အောင်ဆိုသည့်လူကို သင်ခန်းစာပေးရန် အစီ အစဉ်အား ပြောပြသည်။ မင်းညို စကားဆုံးသွားသောအခါ မဒေးက တစ်ခစ်ခစ်ဖြင့် ရယ်၍ ခုန်ဆွခုန်ဆွလုပ်ကာ…

'ဟေး… ပျော်လိုက်တာ'

ဟု ထပြောသည်။ သီဟကလည်း ပြုံးဖြဲဖြဲလုပ်၍…

'မင်းဟာလေ'

ဟု မင်းညိုအား ပြောသည်။ မင်းညိုက ပြုံး၍…

'ကဲ… ခု မင်းတို့ အစီအစဉ်ကို သိသွားပြီဆိုတော့ ငါ





ဒီကိစ္စကြီးတစ်ခုလုံးကို လျှို့ဝှက်နာမည်တစ်ခုတော့ပေးရင် ကောင်းမယ် ကွ'

ထိုသို့ ပြောလိုက်ရာ မဒေးက ထခုန်၍…

'မိုက်တယ်ဟေ့၊ ဗီဒီယိုတွေထဲကအတိုင်းပဲ၊ ဒါနဲ့ မင်းညို ငါတို့ ဘယ်လို နာမည်ပေးမှာလဲဟင်'

ထိုအခါ မင်းညိုက မျက်မှောင်ကြုတ်၍ စဉ်းစားဟန်ပြုပြီး…

'ဂျားကားဆိုရင်ရောကွာ'

'ဟင်… ဂျားကားဟုတ်လား၊ အဲဒါ ဘာအဓိပ္ပာယ်လဲဟင်'

'ဟိုဟာ ကိုယ့်လိုင်းမဟုတ်ဘဲနဲ့ တခြားလိုင်းကိုဝင်ပြီး ဂျားဖြတ် ဆွဲတဲ့ ကားမျိုးကို ခေါ်တာ၊ ကားသမားတွေ အခေါ်အဝေါ်ပေါ့၊ ခု နင့်တို့ နှစ်ယောက်ကြားထဲကိုလည်း ဒီလတ်အောင်ဆိုတဲ့လူက ကြား(ဂျား)ဖြတ်ဝင် လာတဲ့ ကိစ္စဖြစ်တဲ့အတွက် ငါက နှိုင်းနှိုင်းပြီး ဂျားကားလို့ နံမည်ပေးလိုက် တာ'

'ဟာ… မိုက်တယ်ဟာ၊ ဟုတ်တယ် အဲဒီနံမည် ပေးမယ်'

ထိုစဉ် သီဟက ဖြတ်၍…

'နေဦးကွ၊ ပိုပြီးတော့ ပြည့်စုံသွားအောင်လို့ 'ဂျားကားအော်ပရေး ရှင်း' လို့ အမည်ပေးရင်ကောကွာ'

သီဟ၏ အဆိုပြုချက်ကို မင်းညိုနှင့် မဒေးတို့က သဘောကျ သွားကြသည်။ မင်းညိုက…

'အေးကွ… ဒီလိုဆိုရင် ပိုကောင်းတယ်'

ထို့နောက် သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ လက်ဝါးခြင်းရိုက်၍ နိုးကြားရွှင်လန်းသော လေသံကိုယ်စီ ဖြင့်…

'ဂျားကား အော်ပရေးရှင်း အောင်ရမည်'

ဟု အော်ဟစ်လိုက်ကြတော့သည်။

□ □ □

www.burmeseclassic.com

## အခန်း(၅)

ဂျူးကား အော်ပရေးရှင်း (၁)

နံနက်ခင်း၏ နေခြည်ခပ်နွေးနွေးသည် ကျောင်းဝင်းအနှံ့သို့ ခပ်ပြေပြေကျရောက်၍ နေသည်။ ၄င်းနေခြည်နွေးနွေးအောက်တွင် သစ်လွင်စွာ ဝတ်စားထားကြသော ကျောင်းသား ကျောင်းသူများ လှုပ်ရှားသွားလာနေကြ၏။

၄င်းအချိန်တွင် လူတစ်စုက ကျောင်းဝင်းကားအဝင်လမ်းမရှိရာသို့ တမျှော်မျှော် လုပ်နေကြသည်။ ၄င်းလူစုမှာ မင်းညို၊ သီဟ၊ အေးရွှေ အေးငွေတို့ ညီအစ်ကို စသည်တို့ ဖြစ်သည်။ အေးရွှေက ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်၍...

'မင်းညို... ငါ့ဒီအဝတ်အစားက စားပွဲထိုးနဲ့ လိုက်ပါတယ်နော်'

'ဖြစ်ပါတယ်ကွ၊ မင်း ဥပမိရုပ်ကလည်း စားပွဲထိုးနဲ့ နင်လားငါလားပဲဟာ၊ ဒါနဲ့ မင်း ကိုသန်းစိုးနဲ့ ညှိပြီးပြီလား'

'အေး... အားလုံး အိုကေပဲ၊ ထိုင်ခုံပါ ကြိုတင်ပြင်ဆင်ထားပြီးပြီ'

မင်းညိုက နားလည်သည့်ဟန်ဖြင့် ခေါင်းညိတ်၍ အေးငွေဘက်လှည့်ကာ...

'အေးငွေ... မင်းရော စီစဉ်စရာရှိတာကို စီစဉ်ပြီးသွားပြီးလား'

'အေး...'

'ပိပိရိရိရှိပါစေနော်'

'စိတ်ချပါကွာ မင်းကလည်း'





ထိုသို့ ပြောနေကြစဉ်အချိန်တွင် မေဒေးကျော်ကို တင်ဆောင်လာသော လတ်အောင်၏ ကားအကောင်းစားကြီးသည် ကျောင်းလမ်းဆက်၌ ညင်သာညက်ညောစွာ မောင်းနှင်၍ လာလေသည်။ ထို့ကြောင့် မင်းညိုတို့ လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး...

'ဟိုမှာ လာနေပြီကွ'

'အေး... မင်းတို့နှစ်ကောင် ကိုသန်းစိုးဆိုင်ကို အမြန်လစ်တော့'

ထိုသို့ မင်းညို ပြောလိုက်ခြင်းကြောင့် အေးရွှေနှင့် အေးငွေတို့နှစ်ယောက် ခပ်သုတ်သုတ် ထွက်သွားကြသည်။ ထို့နောက် မင်းညိုနှင့် သီဟတို့နှစ်ယောက်လည်း လတ်အောင် မမြင်စေရန်အကွယ်တစ်နေရာတွင် အသာချောင်း၍ စောင့်ကြည့်နေလိုက်ကြသည်။

ကားအကောင်းစားကြီးက ယာဉ်ရပ်နားရမည့် နေရာတွင် စက်သံညက်ညက်ဖြင့် ထိုးဆိုက်ကာ ရပ်နားလိုက်သည်။

ပထမ လှပစွာ ဝတ်စားထားသော မေဒေး ကားပေါ်မှဆင်းလာသည်။

ဒုတိယအနေဖြင့် အကောင်းစားနေကာ မျက်မှန်တပ်ထားပြီး ရှပ်အကျီလက်ရှည် အဝါနုရောင်နှင့် စတိုင်ဘောင်းဘီအနက်ကို တွဲဖက်ကာ သပ်ရပ်စွာ ဝတ်ဆင်ထားသည့် လတ်အောင် ဆင်းလာသည်။

စတိုင်ကတော့ လန်းပါသည်။ ရုပ်ရည်ကလည်း လန်းပါသည်။ နှစ်ယောက်တွဲ အားလုံးခြုံကြည့်လျှင် ချောင်းရိုက်ချင်စရာလည်း ကောင်းပါသည်။

ထို့ကြောင့် တွေ့သမျှ ယောကျ်ားလေးတိုင်းက 'ဘာကောင်မှန်းမသိ ဆောင့်ကြွားကြွားနဲ့' ဟု ပြောသွားသကဲ့သို့ မိန်းကလေးတိုင်းကလည်း 'ချောချောကြီးတန်မဲ့ ပဲကိုများတယ်' ဟု ပြောသွားကြသည်။

ထိုသို့ တီးတိုးပြောသွားကြပြီး ကွက်ကြည့် ကွက်ကြည့် ကြည့်သွားခြင်းကို လတ်အောင်က သူ့အား မင်းသားသဖွယ် သဘောထားပြီး ကြည့်သည်ဟု ထင်ကာ ပို၍ပင် ပဲတက်ပြီး တတ်ထားသည့် နေကာမျက်မှန်ကို အလုပ်မရှိအလုပ်ရှာ ဖြုတ်လိုက်တပ်လိုက်လုပ်ခြင်း၊ လက်မှ အကောင်းစားနာရီကို မကြာခဏကြည့်ခြင်း၊ ခါး၌ ဟန်ပါပါ တပ်ဆင်ထားသော ဖုန်းဖုန်းထည့်ထားသည့် အိတ်အား ပွတ်သပ်၍ ထုတ်သော့မလိုလို



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုလိုလုပ်ခြင်း အစရှိသည့် လူအမြင်ကတ်စရာ ကိစ္စများကို ဒိုင်ခံလုပ်ချနေတော့သည်။

ထိုသို့ ကိုယ့်ပစ္စည်းနှင့် ကိုယ် အမုန်းခံနေခြင်းကို စိတ်ရှည်လက်ရှည်၊ စိတ်ပျက်လက်ပျက်ဖြင့် စောင့်ကြည့်၍ နေသော မေဒေးက…

'ကိုလတ်အောင်'

ဟု ခေါ်လိုက်ရာ လတ်အောင်က မေဒေးအား မျက်ခုံးတစ်ဖက်ပင့်၍ ဟန်ပါပါကြည့်ရင်း…

'ဘာလဲ… မေဒေး သွားတော့မလို့လား'

'အင်း အတန်းချိန်က စောပါသေးတယ်'

'ဒီတော့'

မေဒေး လည်ကုတ်ကလေးကို ခပ်ဖွဖွကုတ်၍…

'ဟိုလေ မနက်က အိမ်မှာ ဘာမှ စားမလာဘူး၊ အဲ့ဒါ တစ်ခုခု သွားစားရင် ကောင်းမလားလို့ စဉ်းစားနေတာ'

'အဟား… ကောင်းတာပေါ့ကွ၊ ကိုယ်လိုက်ကျွေးပါ့မယ်၊ ဘယ်ဆိုင်မှာ သွားစားချင်သလဲဆိုတာကိုသာ မေဒေးပြော'

ကိုယ့်ထောင်ချောက်ထဲသို့ တန်းတန်းမတ်မတ်ကြီး ဝင်လာခြင်းကြောင့် မေဒေးရင်သည် ဒိတ်ခနဲ ခုန်သွားကာ အပျော်စိတ်တို့ ဝင်ရောက်လာ၏။ သို့ရာတွင် မျက်နှာကို မူမပျက်စေရန် အသာပြန်ထိန်း၍…

'အင်း… အချိန်ကလည်း သိပ်ရှိတာ မဟုတ်ဘူးဆိုတော့ အပြင်မှာတော့ သွားစားမနေတော့ပါဘူး၊ ဒါကြောင့် ကျောင်းကန်တင်းမှာပဲ သွားစားမယ်လေ'

ထိုသို့ ပြောလိုက်ခြင်းကြောင့် လတ်အောင်မှာ ရေးစကားနှင့် သုံးရပါက လွန်စွာ သဘောခွေ့သွားသည်။ အဘယ်ကြောင့်ဆိုရသော် မေဒေး၏ ပိုင်နက်ဟုဆိုရမည်ဖြစ်သော ဤကျောင်းဝင်းအတွင်း၌ မေဒေးနှင့် စုံတွဲခုတ်ကာ မုန့်စားရမည့် အခွင့်အရေးသည် နည်းသည့်အခွင့်အရေးမဟုတ်။ မိမိနှင့် မေဒေးတို့ တစ်စုံတစ်ခု သက်ဆိုင်ပါသည်ဆိုတာကို ကြေညာမောင်းခတ်သလိုဖြစ်သွားပြီလေ။ ထို့ကြောင့် ပက်ပက်စက်စက်ကို သဘောကျသည်ပေါ့။





'ရတာယ်… မေဒေး ရတာယ်၊ မေဒေးသဘောဟာ ကိုယ့်သဘောပဲ၊ မေဒေး ဆန္ဒဟာ ကိုယ့်ဆန္ဒပဲ မေဒေးစိတ်ကူးဟာ ကိုယ့်စိတ်ကူး…ဟူး'

'တော်ပါတော့… ဒီလောက်ဆိုရပါပြီ… ဟွန်း'

ထိုသို့ မေဒေးပြောလိုက်ခြင်းကြောင့် လတ်အောင်မျက်နှာငယ်လေးဖြင့် ငြိမ်သွား၏။ ထို့နောက်တော့ မေဒေးက လတ်အောင်ဆိုသောကောင်အား ကိုသန်းစိုး၏ ဆိုင်ရှိရာသို့ တက်ကြွသော ခြေလှမ်းများဖြင့် ခေါ်ဆောင်သွားတော့သည်။

□ □ □

'ဟော… ဟိုမှာ မေဒေးတို့ သွားပြီကွ'

မင်းညိုက သီဟ၏ စကားကို ခေါင်းညိတ်ထောက်ခံ၍…

'အေး… ငါတို့ ခဏနေကျရင် လှုပ်ရှားကြတာပေါ့'

ထို့နောက်တော့ မင်းညိုတို့ မေဒေးနှင့် လတ်အောင်မျက်စိအောက်မှ ပျောက်ကွယ်သွားမည့် အချိန်ကို အသာစောင့်ကြည့်ကြသည်။ ပျောက်ကွယ်သွားသောအခါမှ…

'လာကွာ… သီဟ ငါတို့ သွားလှုပ်ရှားရအောင်'

ထိုသို့ ပြောဆိုလိုက်ပြီး နှစ်ယောက်သား လတ်အောင်၏ ကားအကောင်းစားကြီးရှိရာသို့ မယောင်မလည်ဖြင့် ကပ်လိုက်ကြသည်။ မင်းညိုက…

'သီဟ… မြန်မြန်လုပ်၊ ငါ လူကြည့်ထားပေးမယ်'

'စိတ်ချ'

ထိုသို့ပြောပြီး သီဟ ကားဘီးတစ်ခုအောက်တွင် ထိုင်ချလိုက်ပြီး လှုပ်ရှားလိုက်သည်။

မင်းညိုကတော့ တောင်ကြည့် မြောက်ကြည့် ကြည့်ရင်း လူရိပ်လူခြည်အား အကဲခတ်လျက်…

ခဏမျှကြာသောအခါ သီဟက…

'မင်းညိုတစ်ဘီးတော့ ပြီးသွားပြီကွ'

'အေး… လိုလိုပိုပို နောက်တစ်ဘီးပါ ထပ်လုပ်လိုက်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



သီဟ ဘာစကားမှ ပြောမနေဘဲ နောက်ထပ် တစ်ဘီးဘေးတွင် ထိုင်လိုက်ပြန်သည်။

'ရပြီ… မင်းညို'

'အေး… ဒါဆိုရင် ငါတို့ ကိုသန်းစိုးဆိုင်ကို လိုက်ကြတာပေါ့'

ထို့နောက် နှစ်ယောက်သား ခြေလှမ်းကျဲကြီးများဖြင့် ကိုသန်းစိုး၏ ဆိုင်သို့ လျှောက်လာခဲ့ကြသည်။

❐ ❐ ❐

လတ်အောင်တစ်ယောက် လမ်းလျှောက်နေရင်း ခြေဖဝါးက မြေကြီးပင် မထိဟု ခံစားနေရသည်။ (မှတ်ချက်။ ရှူးဖိနပ်စီးထားခြင်း ကြောင့်ဟု မထင်စေလိုပါ)

အဘယ်ကြောင့်ဆိုသော် မေဒေးကျော်ဆိုသည့် ကောင်မလေးသည် ဘယ်တုန်းကမှ မိမိနှင့် ယခုလို ဆိုင်ထိုင်ဖို့မပြောနှင့် ဘေးချင်းကပ်၍ လမ်းအတူလျှောက်ခြင်းကိုပင် ကြည်ဖြူခဲ့ခြင်း မရှိပါ။ သူ့မိဘတွေကို မလွန်ဆန်နိုင်ခြင်းကြောင့်သာ ဤကဲ့သို့ ကျောင်းပို့၊ ကျောင်းကြိုလုပ်ခြင်း ကို အင်တင်တင်ဖြင့် လက်ခံခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အကြိုအပို့မှ လွဲ၍ မည်သည့် အခွင့်အရေးမှ ထပ် ပေးခြင်း မရှိခဲ့။ ထို့ကြောင့် မိမိသည် မည်သို့ပင် ဝတ်ထားစားထား၊ အများအမြင်တွင် မေဒေးအား ကျောင်းပို့ကျောင်းကြိုလုပ်သော ဒရိုင်ဘာ သဖွယ်သာဖြစ်နေသည်။

ယခုတော့ ထိုသို့ မဟုတ်တော့။ ဘယ်ဒရိုင်ဘာက မိမိသူဌေး သမီးနှင့်အတူ ယှဉ်တွဲ၍ လျှောက်ပါမည်နည်း။ မုန့်အတူ ထိုင်၍စားပါမည် နည်း။ ထို့ကြောင့် မိမိသည် ဤမေဒေးကျော်ဆိုသည့် အလှဘုရားမလေး နှင့် တစ်စုံတစ်ခု ပိုင်ပိုင်နိုင်နိုင် ပက်သက်နွယ်နေမည်မှန်း လူတိုင်း တွေး ကြပေတော့မည်။ သိကြပေတော့မည်။ ထို့ကြောင့် မိမိ၏ ရာထူးအဆင့် အတန်းသည်လည်း ဝုန်းခနဲမြင့်တက်သွားပေတော့သည်။ ထို့ပြင် ယခင်က မိမိအား ကြည်ဖြူခြင်းမရှိခဲ့သော မေဒေးသည် ယခုကဲ့သို့ အတူတကွ မုန့်စားရန် ခွင့်ပြုလိုက်ခြင်းကြောင့် မီးစိမ်းပြသရာလည်း ရောက်သွားသည်။





ထို့ကြောင့် လတ်အောင် ပျော်ပါသည်ပေါ့။ ပို၍ ပို၍ ဖောန်တာတာ သွားပါသည်ပေါ့။

လတ်အောင် ဤသို့နေရင်းထိုင်ရင်း အောက်ခြေလွတ်နေသည့် အချိန်တွင် မေဒေးရင်သည် အဆင်မှပြေပါ့မလားဆိုသည့်အတွေးတို့ဖြင့် လမ်းလျှောက်ရင်း တဒိုင်းဒိုင်း ခုန်နေ၏။

သို့ရာတွင် စားသုံးသူ ကျောင်းသားများဖြင့်စည်းကားလျက်ရှိ သော ကိုသန်းစိုး၏ဆိုင်ကို လှမ်းမြင်လိုက်ရသော ခဏ၌ ရင်ခုန်နှုန်း တစ်ဝက်ငြိမ်းသွားသည်။

ဆိုင်ထဲတွင် လူပြည့်နေသည်။ သို့ရာတွင် စားပွဲတစ်လုံးကတော့ လွတ်နေသည်။ ထိုင်မည့်သူ မရှိခြင်းကြောင့်မဟုတ်၊ မိမိတို့ ကြိုတင် ငှည်းဝါးကိုက်ထားခြင်းကြောင့် ထိုစားပွဲကို မည်သူမှ ဝင်ထိုင်ခြင်း မပြု နိုင်အောင် တားမြစ်ထားခြင်း ဖြစ်သည်။

ထိုသို့ တားမြစ်ထားသူက တစ်ခြားလူတော့ မဟုတ်၊ စားပွဲထိုး သဖွယ် အယောင်ဆောင်ထားပြီး စားစရာများကို ဟိုချ ဒီချ လိုက်ချနေ သော အေးရွှေပင် ဖြစ်သည်။ ၎င်း စားပွဲလွတ်နှင့် ကပ်လျက်ဝိုင်းတွင် ထိုင်နေသူက အေးငွေ၊ အေးငွေက မုန့်ဟင်းခါးတစ်ပွဲကို စိတ်အေး လက်အေးပုံစံဖြင့် ကျော်ခိုင်းကာ ထိုင်စားနေသည်။

အခြေအနေက မိမိတို့ ကြိုတင်စီစဉ်ထားသည်နှင့် လုံးဝကွက်တိ။ ထို့ကြောင့် မေဒေးရင်တစ်ဝက် ငြိမ်းမိသွားခြင်းဖြစ်သည်။

မေဒေးတို့ ဆိုင်အတွင်းသို့ ဝင်ရောက်လိုက်သည်နှင့် တစ်ပြိုင်နက် စားပွဲထိုး အယောင်ဆောင်ထားသော အေးရွှေ ရောက်လာပြီး သွက်လတ် စွာဖြင့် လတ်အောင်အား လက်ဆွဲမတတ် ပုံစံဖြင့်…

'လာ… လာ… အစ်ကိုလေး ဟိုဘက်မှ စားပွဲလွတ်ရှိတယ်'

ဟု ပြောကာ လတ်အောင်အား ရှေ့မှ ဦးဆောင်၍ ခေါ်ဆောင် သွားသည်။ မေဒေးကတော့ အနောက်မှ မှင်သေသေရုပ်ဖြင့် ထပ်လိုက် လျှက်။

ဝိုင်းလွတ်သို့ ရောက်သောအခါ အေးရွှေက လတ်အောင်အား အေးငွေနှင့် ကျောချင်းကပ်လောက်တွင် နေရာအရင်ချထားပြီးနောက်

www.burmeseclassic.com



မေဒေးအား မျက်နှာချင်းဆိုင်တွင် ခုံတစ်လုံး ဆွဲယူပေးကာ ထိုင်စေသည်။ ပြီးမှ…

'ဒီက အစ်ကိုလေးနဲ့ အစ်မလေးတို့ ဘာများ သုံးဆောင်ကြမလဲ မသိဘူး'

ဟု ယဉ်ကျေးစွာ မေးလိုက်သည့်အခါ လတ်အောင်က မေဒေး အားကြည့်၍…

'မေဒေး စားချင်တာမှာလေ၊ ကိုယ်ကတော့ ဒီလိုဆိုင်တွေမှာ မစားတတ်တော့ အဟင်း… ဘယ်လိုပြောရမလဲ'

ဟု ဆောင့်ကြွားကြွားလေသံဖြင့် ပြောလိုက်ရာ အေးရွှေက…

'ဒီဆိုင်မှာ လူတွေ စားလို့ရတဲ့အရာတွေကိုပဲ ရောင်းတာပါ၊ ဒါကို အစ်ကိုက မစားတတ်ဘူးဆိုတော့ ဟိုလေ အစ်ကိုက လူမဟုတ်ဘူးလား ဟင်'

ထိုသို့ ဗြောင်ကြီး ထဲ့လိုက်ခြင်းကြောင့် လတ်အောင် မျက်နှာ နီခနဲ ဖြစ်သွားပြီး…

'ဟော့ကောင် မင်း… မင်း ဘာစကားပြောတာလဲ'

'လူစကားပါ ခင်ဗျာ၊ အစ်ကို နားမလည်ဘူးလား မသိဘူး'

'အာ… ဒီကောင် ငါကွာ၊ တောက်'

ဟု ပြောပြီး လတ်အောင် ဝုန်းခနဲ ထရပ်လိုက်ပြီး အေးရွှေအား စားတော့ ဝါးတော့မတတ်ဖြင့် ကြည့်လိုက်ရာ အေးရွှေက ကြောက်ရွံ့ဟန် ဖြင့် နောက်သို့ အနည်းငယ်ဆုတ်ပြီး…

'အာ… အဲဒီလိုကြီး မကြည့်ပါနဲ့ဗျာ၊ ကျွန်တော်က သရဲကြောက် တတ်တယ်'

'ဘာ… ဘာကွ'

'သရဲကြောက်တတ်တယ်လို့ ပြောတာပါ၊ အစ်ကိုလေးက မျက်လုံးကြီးပြူးပြီး နှာခေါင်းကြီး ပွလာတာကိုး'

'အာ… မင်း… မင်း ငါလေ… တယ်'

လတ်အောင် တော်တော်ကြီးကို ရှူးရှူးရှဲရှဲ ဖြစ်သွားပြီး အေးရွှေ အား ဟိုဟာပဲ လုပ်တော့မလိုလို ဒီဟာပဲ လုပ်တော့မလိုလို ပုံစံမျိုးလုပ် သည်။ သို့ရာတွင် ဘာမှ ကိုယ့်ထိလက်ရောက် လုပ်ရဲသည့် သတ္တိရှိပုံ





မရသဖြင့် ဘာမှမလုပ်ဖြစ်ဘဲ နှာခေါင်းကြီးပွ၍သာ တဟင်းဟင်း တထဲ ထဲဖြင့် ဒေါပွနေသည်။ မေဒေးက ရယ်ချင်သည့်စိတ်ကို နှုတ်ခမ်းကိုက်၍ ထိန်းရင်း…

'ကိုလတ်အောင် ကျွန်မ ဒီနေ့အဖို့ မုန့်စားရဦးမှာလား'

ထိုသို့ ပြောလိုက်ခြင်းကြောင့် လတ်အောင်၏ စိတ်တို့သည် မေဒေး ထံ ပြန်လည်လာပြီး…

'သြော်… မေဒေး ဆောရီး ဆောရီး၊ ကိုယ် ဒီစားပွဲထိုးကို ဒေါသထွက်သွားမိတော့ မေဒေးကို မေ့သွားသလို ဖြစ်သွားတာပါ၊ ပြော… ပြော… မေဒေး ဘာစားချင်သလဲ အဟင်း'

မေဒေးက မျက်လုံးထောင့်ကပ်၍ စဉ်းစားဟန်ပြုပြီး…

'အင်း… မြီးရှည်စားမယ်'

'မြီးရှည် ရမှာပေါ့'

ဟု ပြောပြီး အေးရွှေဘက်သို့ လှည့်၍ လေသံမာမာဖြင့်…

'ဟိုကောင် စားပွဲထိုး ကြားတယ်နော်၊ ငါ့ကောင်မလေးက မြီးရှည်တဲ့၊ ကောင်းကောင်းနဲ့ သန့်သန့်လေးလုပ်ခဲ့၊ ဟွန်း…'

ထိုအခါ အေးရွှေက မျက်နှာသေလေးဖြင့်…

'ဟုတ်ကဲ့ အစ်မလေးက မြီးရှည်ဆိုတော့ အစ်ကိုလေးက မြီးတို လားဟင်'

'ဘာကွ… ဘာ မြီးတိုလဲ'

'မြီးမရှည်တာကို ပြောတာပါ အစ်ကို'

လတ်အောင် နဖေတီမ်တောင် ရှုပ်ဖြင့်…

'တိုတို ရှည်ရှည်ကွာ၊ မင်းတို့ ဆိုင်စုတ်ကဟာတွေ တစ်ခုမှ စားချင်ဘူးကွာ၊ နားလည်လား'

ထိုစကားက အနည်းငယ် ကျယ်သည်။ ထို့ကြောင့် စားနေသူ အားလုံးပါ ကြားသည်။ ထိုသို့ ကြားခြင်းကြောင့် ခေါင်းထောင်၍ကြည့် ပြီး လတ်အောင်အား မျက်စိစပါးမွေးစူးကုန်ကြသည်။

ဒါကို လတ်အောင်က မသိချင်ယောင်ဆောင်၍ ပမာမခန့်ရုပ်ဖြင့် ငုတ်တုတ်ထိုင်ရင်း မေဒေးကိုကြည့်ကာ…

'ဟွန်း… မေဒေးက အချိန်မရဘူးဆိုလို့ပေါ့ကွာ၊ မဟုတ်ရင် အဆင့်



www.burmeseclassic.com

www.burmeseclassic.com



အတန်းမြင့်မြင့် စားသောက်ဆိုင်တွေကို ခေါ်သွားပါတယ်၊ ဒီလို အဆင့်ရှိတဲ့ ဆိုင်တွေ ဘယ်လောက်စိတ်ပျက်စရာကောင်းတယ်ဆိုတာကို တွေ့ပြီ မဟုတ်လား၊ စားပွဲထိုးကအစ အူကြောင်ကြောင်နဲ့၊ ဟင်း'

ထိုသို့ ပြောလိုက်ခြင်းကို ပထမတစ်ချီကတည်းက သတိထားမိခြင်းကြောင့် လူအများမှာ ကြားသွားပြီး နှာခေါင်းရှုံ့သူရှုံ့၊ အတင်းအုပ်သူအုပ်ဖြင့် ဖြစ်ကုန်ကြသည်။

အချိန်က ကျလာပါပြီ။

အဘယ်ကြောင့်ဆိုသော် အငွေ့တထောင်းထောင်းထနေသော မြီးရှည်ပန်းကန်ကတစ်ဖက် ရေနွေးအိုးကတစ်ဖက် ကိုင်ထားသော အေးရွှေက မေဒေးတို့ဝိုင်းသို့ လျှောက်လာရင်းဖြင့် အေးငွေအား မျက်ရိပ်လှမ်းပြလိုက်ခြင်းကြောင့်ပင် ဖြစ်သည်။ အေးငွေ သတိအနေအထား ပြင်လိုက်သည်။

အေးရွှေ မေဒေးတို့ ဝိုင်းသို့ ရောက်လာပါပြီ။ လက်ထဲတွင် ကိုင်ထားသော မြီးရှည် ပန်းကန်ကို ဝိုင်းပေါ်သို့ အရင်ချမလိုလို ဘာလိုလို လုပ်သည်။ ထို့ကြောင့် လတ်အောင်ကလည်း မေဒေးအား ဖားချင်သည့်ဆော်ဖြင့် လှမ်းယူတော့မလိုလိုဖြင့် လုပ်သည်။ သို့ရာတွင် အေးရွှေက ဟို လိုလိုဒီလိုလို လုပ်နေသဖြင့် လတ်အောင်လည်း ယောင်တောင်တောင်ဖြစ်သွားပြီး လှမ်းမယူဖြစ်တော့။ သို့ရာတွင် လက်ကတော့ လေထဲတွင် တန်းလန်းကြီးဖြစ်နေ၏။ ထို့ကြောင့် အေးရွှေက ထိုလက်ထဲသို့ ရေနွေးကြမ်းအိုးအား ထည့်ပေးလိုက်သည်။

ထိုအခါ လတ်အောင်မှာ စဉ်းစားဆင်ခြင်ရန် အချိန်မရလိုက်ခြင်းကြောင့် ယောင်ရမ်းပြီး ရေနွေးအိုးအား လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်သောအခါ…

'အား… အား ပူတယ်… ပူတယ်'

ထိုသို့ အော်ပြီး ရေနွေးအိုးအား လက်မှလွှတ်ချလိုက်သည်။ ရေနွေးအိုးသည် စားပွဲခုံပေါ်သို့ ဒုန်းခနဲကျပြီး အဖုံးပွင့်သွားသည်။ ရေနွေးများက မထင်မှတ်ပါဘဲနှင့် စားပွဲပေါ်မှ စီးဆင်းသွားပြီး လတ်အောင်၏ ပေါင်ဂွကြားရှိရာသို့ တန်းတန်းမတ်မတ် စီးဝင်ကုန်သည်။

'အား…'

လတ်အောင်ထ၍ ခုန်လိုက်သည်မှာ တစ်ပေပင်မက…





'အား… ပူ… ပူတယ်၊ အား…'

ပူသွားသော ပေါင်ဂွကြားအား လက်ဖြင့် ကိုင်တော့မလိုလို ဘာလိုလို လုပ်သည်။ သို့ရာတွင် လူကြားသူကြားထဲမှာ ဖြစ်နေခြင်းကြောင့် ထိုသို့ လုပ်၍လည်း မဖြစ်။ ထို့ကြောင့် မတ်တတ်ရပ်၍ ခုန်ဆွခုန်ဆလုပ်ကာ သွေးရူးသွေးတန်းဖြစ်နေသည်။

'အား… ပူတယ်၊ လုပ်ကြပါဦး အီး… ဟီး… ဟီး'

လတ်အောင်မှာ အပူဒဏ်ကြောင့် အသားပင် တဆတ်ဆတ်တုန်နေ၏။

လူအများမှာ ပထမတော့ လတ်အောင်၏ ဖြစ်အင်အား ကြောင်စီစီဖြင့်သာ ကြည့်နေမိ၏။ နောက်မှ ယခင်က အမြင်ကတ်ထားတာရော ရယ်ချင်တာရော ပေါင်း၍ တအုံးအုံးဖြင့် ရယ်ကြတော့သည်။

'ဟား… ဟား… ဟား… ခစ်… ခစ်… ခစ်'

ထိုအခါ နဂိုကပင် အပူဒဏ်ကြောင့် နီချင်ချင်ဖြစ်နေသော မျက်နှာမှာ ယခု လူအများ ဝိုင်း၍ ရယ်လိုက်ခြင်းကြောင့် အပူပေါ် အရှက်ဆင့်သွားပြီး ရဲရဲကို တွတ်သွားလေသည်။

၎င်းအချိန်တွင် အေးငွေက လတ်အောင် ထိုင်သော ထိုင်ခုံရှည်အား နေရာလှမ်းရွှေ့၍ ထားလိုက်သည်။ ပြီးနောက် အသင့်ယူလာသော ငါးပိစိမ်းစားထုပ်ကိုလည်း မြေပြင်တွင် ချထားလိုက်၏။

အေးငွေ လုပ်နေသည်ကို လတ်အောင် မရိပ်မိစေရန်အတွက် အေးရွှေက လတ်အောင်အနားသို့ တိုးကပ်လျက်…

'ဒီက အစ်ကိုလေး တော်တော်ပူသွားတယ်နဲ့ တူတယ်၊ ဆောရီးပါ… ဆောရီး'

'ပူတာပေါ့ကွ၊ မင်းပဲ ကိုယ်ချင်းစာကြည့်ပါဦး… အီး'

'ဟုတ်ပါတယ် အစ်ကိုလေးရယ်၊ ကျွန်တော် မှားပြီးတော့ ရေနွေးအိုးကို ပေးလိုက်မိတာပါ၊ အစ်ကိုလေးက ဘာဖြစ်လို့ ကိုင်းကကိုင်ဘဲ ဒီအတိုင်းကြီး ကိုယ်ထည်က သွားကိုင်ရတာတုန်း'

'မင်းက အဲလိုကြီး ပေးတော့ ငါကလည်း အဲလိုကြီး ယောင်ပြီး ကိုင်မိတာပေါ့ကွ၊ အီး'



www.burmeseclassic.com

www.burmeseclassic.com



'ဆောရီးဗျာ၊ ဆောရီး... ကဲ... ကဲ... မတ်တတ်ကြီးနဲ့ လူမြင်လို့မကောင်းပါဘူး ထိုင်လိုက်နော်၊ ထိုင်လိုက်'

လတ်အောင်မှာ မိမိအား လူအများ ဝိုင်းလှောင်၍ ရယ်နေကြသည့်အထဲမှ ယခု အေးရွှေက ကိုယ်ချင်းစာသည့်ဟန်ဖြင့် ပြောနေခြင်းကြောင့် အေးရွှေ၏ စကားကို နားယောင်မိပြီး ထိုင်ချလိုက်သည်။

လတ်အောင်၏ တင်ပါးသည် အောက်မှ အခုအခံနှင့် ထိတွေ့ခြင်းမရှိသောကြောင့် အောက်သို့ ဆက်လက် ကျဆင်းသွားသည်။ ရင်ထဲတွင် နိမ့်ခနဲဖြစ်သွားခြင်းကြောင့် လက်နှစ်ဖက်က မှီရာကို ဒရောသောပါး လှမ်းဆွဲကြည့်သေး၏။ မည်သည့် အရာကိုမျှ ဖမ်းဆုပ်ကိုင်မိခြင်းမရှိပါ။

ထို့ကြောင့် မြေကြီးထက်သို့ ခြေလွတ်လက်လွတ်ဖြင့် ဖင်ထိုင်ရက် ပြုတ်ကျတော့သည်။ အောက်တွင် အေးရွှေ ချထားသော ငပိစိမ်းစားပုံက ဆီးကြိုလျက်...

'ဘုတ်'

'အူး... အောင်မလေးဗျ'

ကျချက်က ပက်စက်ပါသည်။ ထို့ကြောင့် တင်ပါးဆုံရိုးသည်လည်း ပက်ပက်စက်စက်ပင် နာသွားသည်။ နာကျင်မှုတရားသည် အခြေဆုံးသို့ ရောက်ရှိသွားသဖြင့် လတ်အောင် တင်ပါးကိုပွတ်၍ ကုန်းရုန်းထ ပြန်ထသည်။

'အား... ကျွတ်... ကျွတ်...'

လက်၏ အထိအတွေ့သည် တင်ပါးဆီမှ ပျော့တိပျော့ဖပ် အရာများကို စမ်းမိခြင်းကြောင့် နာကျင်မှုကို ခဏမျှ မေ့သွားကာ လက်ကိုရုတ်၍ ကြည့်လိုက်မိသည်။ ညိုပုပ်ပုပ်အရာများက လက်ထဲတွင် စေးထ စွာ ကပ်နေလျက်။ ပြီးနောက် ပြင်းထန် စူးရှသည့် အနံ့ကလည်း တထော ထောင်း...

'ဟာ ငါးပိစိမ်းစားတွေ...'

❐ ❐ ❐



## အခန်း(၆)

ထိုသို့ ယောင်ရမ်းပြီး အားရပါးရ အော်ဟစ်လိုက်မိချိန်တွင် ရယ်သံများ ဝေါခနဲထွက်လာသည်။ ထိုအခါ လတ်အောင်၏ မျက်နှာသည် ခရမ်းချဉ်သီးပုပ်နှင့် ဆင်ဆင်တူသွားတော့၏။

၎င်းအဖြစ်အပျက်များသည် စက္ကန့်ပိုင်းအနည်းငယ်အချိန်တွင် ဖြစ်ပေါ်သွားခြင်းဖြစ်သောကြောင့် လတ်အောင်၏ စိတ်ခံစားမှုသည် ရှက်ရမည်လား၊ နာရမည်လား၊ နံရမည်လား သေချာဝေခွဲ၍မရခြင်းနှင့်အတူ အူတူတူ၊ ကြောင်စီစီကြီးဖြစ်နေတော့၏။ ငါးပိဆိုတဲ့ အမျိုးက စား၍သာ ကောင်းတာ၊ အနံ့က ပြင်းသည်လေ။

မေအေးကတော့ ရယ်ချင်သည့် စိတ်ကို အနိုင်နိုင်ထိန်းရင်း နှာခေါင်း ပိတ်ကာ တစ်ဖက်သို့ မျက်နှာလှည့်သွား၏။

လူများက အခုအချိန်အထိ တသောသော ရယ်လျက်...

ထို့နောက် နောက်ဘက်တွင်ရှိသော အေးငွေက...

'ဟာ... ဟေ့လူ ခင်ဗျားဖင်က ငါးပိနံ့ နံတယ်ဗျာ'

ထိုသို့ အော်ကြီးဟစ်ကျယ် ပြောလိုက်ခြင်းကြောင့် လတ်အောင် တုံ့ခနဲဖြစ်သွားပြီး အေးငွေဘက်သို့ လှည့်၍ ဒေါသဖြင့်...

'အဲ့ဒါက ငါးပိပဲဟာ ငါးပိနံ့ နံမှာပေါ့ကွ၊ ဟင်း...'

'ဘာ... ဘာကွ'

လတ်အောင် မျက်နှာနီကြီးဖြင့် ခုန်ဆွခုန်ဆွ လုပ်သည်။ ငါးပိ တို့ကိုင်မိထားသော လက်ကိုလည်း တခြားဟာတွေ မကိုင်မိစေရန် အပေါ်သို့ မြှောက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အနံ့သည် ပတ်ဝန်းကျင်၌ တထောင်းထောင်းထ၍လာခြင်းကြောင့် လူအများက နံတယ်ဗျို့ဟု ဝိုင်းကာ အော်ဟစ်ကြသည်။

'ဒီမှာ ယော့ကောင်… ငါထိုင်မယ့်ခုံကို နေရာရွှေ့လိုက်တာ မင်းဟုတ်လား'

'ကြံကြီးစည်ရာဗျာ၊ ကျုပ်က အားအားယားယား ဒီလို လုပ်စရာလား'

'မင်း မလိမ်နဲ့နော်၊ နောက်မှာက မင်းပဲ ရှိတာ'

'ကျွတ်… ခင်ဗျားက ဘာသက်သေရှိလို့ လာစွပ်စွဲနေရတာလဲ၊ ကိုယ့်ဘာသာကိုယ် ဖင်မငြိမ်ဘဲနဲ့ တက်ထိုင်ပြီးတော့များ'

'ဟေ့ကောင်… မင်း… မင်း ဘာပြောတယ်'

'ကြားတဲ့အတိုင်းပဲ'

ထိုစဉ် အေးရွှေက ဝင်၍ အလန့်တကြား လေသံဖြင့်…

'ဟာ… အစ်ကိုလေး… အစ်ကိုလေး နှာခေါင်းမှာ ဘာကြီးလဲ မသိဘူး'

ဟု ပြောလိုက်ရာ လတ်အောင်လည်း ယောင်ရမ်း၍…

'ဟင်… ဟုတ်လား… ဘာလဲ'

ဟု ဆိုပြီး ပေနေသော လက်ဖြင့် နှာခေါင်းအား လက်ဖြင့်ပွတ်လိုက်မိပါလေတော့သည်။ ထိုအခါ လူအများက တအုန်းအုန်းဖြင့် ထရယ်ပြန်တော့၏။

လတ်အောင်မှာ ကိုယ့်နှာခေါင်းကို ကိုယ်ပြန်၍ သုတ်မိခြင်းကို မရိပ်မိဘဲ မိမိအား ထိုင်ခုံရွှေ့၍ လုပ်ကြံလိုက်သူဟု ယူဆရသော အေးငွေအား ရန်စောင်သည့် အကြည့်ဖြင့် ဆက်လက်၍ ကြည့်နေပါတော့သည်။

ပြောရလျှင် လတ်အောင်၏ အခြေအနေသည် တော်တော်ကြီးကို ဆိုးဝါးနေပါပြီ။ ရှေ့ပိုင်းက ရေနွေးပူလောင်ထားသကဲ့သို့ နောက်ပိုင်းကလည်း မြေပြင်နှင့် ထိခိုက်မိခြင်းကြောင့်လည်း နာနေပါသည်။ ပြီးတော့ ငါးပိတွေက တင်ပါးတင်မဟုတ်။ လက်နှင့် နှာခေါင်းကိုလည်း ပေရေနေခြင်းကြောင့် ရက်တတ် နာတတ်လျှင် ကိုယ့်ကိုယ်ကိုယ် တစ်ခါတည်း အဆုံးစီရင်ပစ်ချင်သည့် အခြေအနေသို့ပင် ဆိုက်ရောက်နေ၏။

သို့ရာတွင် လတ်အောင်မှာ ယခု လတ်တစ်လောတွင် မိမိအား





ဓာခုကဲ့သို့ပြုလုပ်ထားသော တရားခံအပေါ်တွင်သာ သွေးဆူ၍ ဒေါသထွက်နေပြီး ရှက်ရကောင်းမှန်း၊ နာရကောင်းမှန်းကို သိပ်သတိထားမိခြင်း မရှိသေးပေ။

ထို့ကြောင့် မအေးက အခြေအနေကို ဝင်ထိန်းသည့်အနေဖြင့်…

'ကိုလတ်အောင်'

'ဟင်… မအေး'

'ဟိုလေ… လူမြင်လို့လည်း မကောင်းတော့ပါဘူး၊ ပြီးတော့ အနံ့ကလည်း အရမ်းနံနေပြီ၊ အိမ်သာကိုသွားပြီး ဆေးလိုက်ပါလား'

ထိုသို့ ပြောလိုက်ခြင်းကြောင့် လတ်အောင်မှာ အေးငွေအပေါ်တွင် ရှိနှင့်နေသော ဒေါသတရားတို့ ပျောက်၍ အရှက်တရားတို့ ငယ်ထိပ်သို့ တက်ဆောင့်ပြီး မျက်နှာကြီး အမ်းသွားသည်။

'အင်း… အင်း… ဟုတ်တယ်၊ မအေး ဟုတ်တယ်'

ထိုသို့ ပြောပြီး မိမိ၏ ခန္ဓာကိုယ်၌ ပေရေနေသော ငှင်းမဖွယ်မရာ အရာများကို ဆေးကြောပစ်ရမည်ဟု အသိတရားဝင်ရောက်လာပြီး အိမ်သာ ညွှန်ပြပေးမည့် ပုဂ္ဂိုလ်အား အသည်းအသန်လိုက်ရှာရတော့သည်။ သို့ရာတွင် သိပ်တော့ မရှာလိုက်ရ။ နံဘေးတွင် အခုထိ ရှိ၍နေဆဲဖြစ်သော အေးရွှေအား တွေ့လိုက်ရခြင်းကြောင့်…

'ဟေ့ကောင်… စားပွဲထိုးကောင် အိမ်သာ ဘယ်မှာရှိသလဲဆိုတာ ကို မြန်မြန်ပြောစမ်း'

အေးရွှေက ဆိုင်နောက်ဘက်တစ်နေရာသို့ လက်ညှိုးထိုးပြလိုက်သည်။

ထို့ကြောင့် လတ်အောင်က ကပျာကယာထွက်သွားမည့်ဟန်ပြင်စဉ်မှာပင် အေးရွှေက ဖမ်းဆွဲထားလိုက်ပြီး…

'နေဦး… ခင်ဗျား ဒီက သွားလို့မရဘူး'

'ဘာလဲကွ… ဘာဖြစ်လို့လဲ'

'ဩော်… ခင်ဗျားက ဘာမှမလုပ်ပေမယ့် ခင်ဗျားဆီက ထွက်တဲ့ အနံ့အသက်က စားသုံးသူတွေကို အစားအသောက်ပျက်အောင် လုပ်ထိခိုက်မယ်၊ ကျုပ်တောင် အခု နှာခေါင်းပိတ်ပြီး စကားပြောနေရတာကို



www.burmeseclassic.com

www.burmeseclassic.com



ပြည့်လော့ ဒါကြောင့် ဒီကမသွားဘဲ ဆိုင်အပြင်ဘက် လူရှင်းတဲ့နေရာက ခဏ စွေ့ပြီးသွားပေါ့'

အေးရွှေ ထိုသို့ ပြောလိုက်ခြင်းကြောင့် လတ်အောင်မှာ တင်းသွား ။ ယနေ့ရှိမှ သို့ရာတွင် လက်ရှိအခြေအနေမှာ မိုးထဲရေထဲသို့ ရောက်နေခြင်းကြောင့် ဓာန်လျှော့ပြီး အေးရွှေအား နေနှင့်ဦးပေါ့ကွာဆိုသည့် အကြည့်ဖြင့် ကြည့်ကာ အေးရွှေ ညွှန်ပြသည့်အတိုင်း ဆိုင်အပြင်ဘက်မှနေ၍ ကွေ့ဝိုက်ကာ အိမ်သာရှိရာသို့ ခပ်သုတ်သုတ် ထွက်သွားသည်။

ငှင်းအချိန်တွင် မင်းညိုနှင့် သီဟတို့ ဆိုင်အတွင်းသို့ ဝင်ရောက်လာပြီး မင်းညိုက…

'ဟော့ကောင်တွေ… အဆင်ပြေရဲ့လား'

ထိုအခါ အေးရွှေတို့က အပြုံးမျက်နှာများဖြင့်…

'ပြေသမှ သိပ်ပြေ ဟော့ကောင်ရေ၊ ဟား… ဟား'

'ဟုတ်လား၊ ခုရော ဘယ်ရောက်သွားသလဲ'

'ငါ့လက်ချက်ကြောင့် အိမ်သာကို ဆေးကြောသုတ်သင်ဖို့ ထွက်သွားလေရဲ့'

ဟု ပြောကာ အေးငွေ ပျော်၍နေလေ၏။ သူ မနက်က နှာခေါင်းပိတ်ပြီး ယူလာသည့် ငါးပိတွေက ခွင်တည့်ပြီး ယူလာရကျိုးနပ်သွားတာကိုး။

မေဒေးက မျက်စောင်းကလေးဖြင့်…

'နင်တို့က ကြာလိုက်တာဟယ်၊ ငါ့မှာ တစ်ယောက်တည်း ရှုရလွန်းလို့ အူတွေတောင် တက်တော့မယ်၊ ခစ်… ခစ်…'

သီဟက…

'ပျော်နေတယ်၊ ဟုတ်လား'

'ပျော်တာပေါ့'

ထိုသို့ ပြောနေကြသည့်အချိန်တွင် လတ်အောင်တစ်ယောက် အိမ် သာထဲတွင် တိုင်ပတ်နေပါသည်။ ရေဖြင့်ဘယ်လောက်ဆေးဆေး ငါးပိ များက မရှိတော့ပေမယ့် အနံ့အသက်ကတော့ လုံးလုံးမပျောက်၊ ထို့ ဘောင်းဘီရှေ့ပိုင်းတွင်လည်း ရေနွေးပူများ စိုထားသဖြင့် အကွက်ကြီး ဖြစ်နေသကဲ့သို့ နောက်ပိုင်းသည်လည်း ငါးပိများကို ဆေးကြောထားသဖြင့်





ရေစိုကွက်ကြီးက ထင်းနေသည်။ ပြောရလျှင် ရှေ့ကွက်၊ နောက်ကွက်နှင့် မြင်မကောင်းအောင်ဖြစ်၍ နေသည်ပေါ့။ ဒီကြားထဲ အနံ့အသက်များကို ရှူရလွန်းသဖြင့် ခေါင်းပါ ကိုက်ချင်ချင် ဖြစ်နေပြီ။

ထို့ပြင် ရေနွေးလောင်ထားသော ရှေ့ပိုင်းရှိ အသားစိုင်များမှာ နူပယ်ပူလောင်ဖြစ်နေသကဲ့သို့ ခြေပစ်လက်ပစ် ပြုတ်ကျ၍ထားသော နောက် ပိုင်းတင်ပါးကလည်း အောင့်သက်သက်ကြီးဖြစ်ကာ နာကျင်နေ၏။

ဤသို့ အောက်ပိုင်း ပြဿနာများကို အပြည့်အဝ ခံစားနေရရင်းမှ အရုက်တရားသည်လည်း ရင်တွင်းမှ ဟုန်းဟုန်းထကာ တောက်လောင် နေသည်။

မေဒေးကျော်အား မည်သည့် မျက်နှာနှင့် ရင်ဆိုင်ရပါမည်နည်း။

ဟုတ်သည်။ တစ်ခါဆို ဆိုသလောက် မိမိ၏ အရုက်သိက္ခာသည် ချေချွမရှိတော့လောက်အောင် မေဒေးကျော်ရှေ့၌ ကွဲခဲ့ပြီ။ မေဒေးကျော် အမြင်ကို မည်သို့ ထင်သွားမည်နည်း။ ယခုအချိန်လောက်ဆိုလျှင် မိမိ၏ ရှုပ်ထွေးမရာအဖြစ်အပျက်များကို မေဒေးကျော်က တစိမ့်စိမ့် ရယ်နေမှာ မြေကြီး လက်ခတ်မလွဲ။

ဒီလို ဖြစ်ရပ်များ၏ အဓိက တရားခံသည် ဘယ်သူလဲ။

မေဒေးကျော်အား ကျောင်းသို့ လိုက်ပို့မိသည့် မိမိလား၊ ဒါမှ မဟုတ် မိမိအား မုန့်စားရန် ခေါ်ဆောင်သွားသည့် မေဒေးကျော်လား၊ ထို့ နောက်နမ့်ဖြင့် မိမိလက်ထဲသို့ ရေနွေးအိုးကြီး လှမ်းပေးသည့် စားပွဲထိုး ကောင်လား၊ ဒါမှမဟုတ် မိမိထိုင်ခုံအား ဆွဲယူကာ ရွှေ့လိုက်သည်ဟု ထင်ရသော ကျောင်းသားလား၊ ချိန်သားကိုက် အောက်၌ရှိ၍နေသော ငါးပိကြောင့်လား…

ထိုသို့ တရားခံကို ခေါင်းမူးနောက်အောင် ရှာရင်းဖြင့် စိတ်ထဲ တွင် ရှုပ်ထွေးကာ…

'ခွေးမသားတွေ'

ဟု မည်သူ့ကို မှန်းမသိ စိတ်ကို ဖိကာ ဆဲရေးလိုက်မိလေတော့

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့... ဟဲ့... ဟိုမှာ လာနေပြီ'

ဟု မေဒေးကျော်၏ ခပ်အုပ်အုပ်အသံကြောင့် လတ်အောင်၏ အတင်းကို ဟီးဟီးဟားဟားဖြင့် ဝိုင်းအုပ်နေကြသော အေးရွှေနှင့် အေးမွေတို့ မေဒေးတို့ဝိုင်းမှ ခွာကာ လူချင်းခွဲလိုက်ကြသည်။ မင်းညိုနှင့် သီဟ တော့ ဝိုင်းတွင် ထိုင်လျက်သားဖြင့် ကျန်ရစ်ခဲ့၏။

လတ်အောင်မှာတော့ မေဒေးနှင့် တစ်ဝိုင်းတည်းထိုင်နေသော ခင်ညိုတို့ကိုမြင်လိုက်ရခြင်းကြောင့် မျက်မှောင်ကြုတ်ကာ ဝိုင်းသို့ လျှောက်လာသည်။ သို့ရာတွင် ရိုးရိုးတန်းတန်း လမ်းလျှောက်လာခြင်းတော့ မဟုတ်။ ရှေ့ဝိုင်းရေကွက်၍နေသော နေရာအား လူမြင်မည်စိုးသဖြင့် ခပ်ကွယ်ကွယ် လုပ်ကာ လျှောက်၍လာခြင်းသာဖြစ်သည်။

ထိုသို့ လျှောက်၍လာခြင်းကို မင်းညိုက လက်ကွယ်ထားသည့် နေရာအား စူးစမ်းဟန်ဖြင့် ပြုံးတူပြုံတဲ လိုက်ကြည့်၏။ ထိုအခါ လတ်အောင် ပို၍ ရှိုးတိုးရှန်းတန်း ဖြစ်သွားပြီး လက်နှစ်ဖက်စလုံးဖြင့် ဖုံးကွယ်ကာ ခြေလှမ်းကို ခပ်စိပ်စိပ်လျှောက်သည်။ ထို့ကြောင့် မင်းညိုက ပို၍ စိတ်ဝင်စားသွားသည့်ဟန်ဖြင့် ပို၍ ပြုံးပြုံကြည့်သည်။

ဒီလိုနှင့် လတ်အောင် အနားသို့ ရောက်လာသည်။ ထိုအခါမှ မင်းညိုက သူသိလိုသော အဖြေကို သိရှိသွားသည့်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ပြီး...

'သြော်... လတ်စသတ်တော့ ခင်ဗျားက မကြီးမငယ်နဲ့ ဘောင်းဘီ ထဲ ရှူးရှူးပေါက်ချမိလို့ကိုး'

ဟု မှတ်ချက်ချလိုက်လေသည်။ ထိုအခါ လတ်အောင် မထိုင်ဖြစ်သေးဘဲ ရှူးခနဲ ဒေါသထွက်သွားပြီး...

'ဟေ့ကောင်... မင်း... မင်း ဘာ... ဘာပြောတယ်'

'ဘာလဲ မဟုတ်ဘူးလား'

'မဟုတ်ဘူးကွ၊ မဟုတ်ဘူး... တောက်'

ထိုစဉ် သီဟက လတ်အောင်၏ နောက်ကျောဘက်သို့ ခေါင်းငုံ့၍ ကြည့်ပြီး...

'ဟာ... တင်ပါးမှာလဲ အကွက်ကြီးနဲ့ကွ၊ ဒါဆို သေးတင်မဟုတ်ဘူး၊ အီးပါ ဘောင်းဘီထဲ ထွက်ကျတာ ဖြစ်မယ်ကွ'





'ဟာ... ဟုတ်လား'

ထိုသို့ ပြောလိုက်ခြင်းကြောင့် လတ်အောင်မှာ သူ့တင်ပါးဆီသို့ လက်ဖြင့် အမြန်အုပ်၍ ထိုင်ခုံထက်တွင် အမြန်ဝင်ထိုင်လိုက်ပြီး မျက်နှာကြီးပြုံးကာ အသည်းအသန်လေသံဖြင့်...

'မဟုတ်ဘူးကွ၊ မဟုတ်ဘူး'

ဟု ကြုံးကာ အော်လိုက်သည်။ ထိုအခါ မင်းညိုက ကရုဏာသက်သည့်ဟန်ဖြင့်...

'ဘာမှရှက်မနေပါနဲ့ဗျာ၊ ဒါမျိုးက ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် ခဏခဏ ဖြစ်နေကျပဲဟာ၊ အင်း... ဒါပေမဲ့ ခင်ဗျားက ကြီးကောင် ကြီးမားမှဆိုတော့... ဘယ်လို ပြောရမလဲ မကောင်းဘူးပေါ့ဗျာ'

သီဟကပါ ဝင်၍...

'အေးဗျာ... ခင်ဗျားကလည်း အရမ်းကြီး ဟိုဒင်းဖြစ်ချင်နေတောင်မှ အိမ်သာလေး ဘာလေးတော့ မီအောင်ထိန်းမှပေါ့၊ ခု ဘောင်းဘီကြီးထဲမှာဆိုတော့ ဘယ်ကောင်းပါ့မလဲ'

ထိုသို့ မင်းညိုတို့ နှစ်ယောက်အတိုင်အဖောက်ညီညီဖြင့် ပြောဆိုနေခြင်းကို လတ်အောင် ဘယ်လိုမှ သည်းမခံနိုင်တော့သည့်ဟန်ဖြင့် စားပွဲခုံကို ဒုန်းခနဲနေအောင်ပင် လက်ဖြင့်ပုတ်ကာ...

'ဟေ့ကောင်တွေ မင်း... မင်းတို့နော် ပေါက်ကရတွေ ပြောနေတာတွေကို တော်တော့'

'ဘာလဲဗျ၊ မဟုတ်လို့လား'

'မဟုတ်ဘူးကွ... မဟုတ်ဘူး'

'ဒါဆိုရင် ခင်ဗျား ဘောင်းဘီက အကွက်တွေနဲ့ အနံ့တွေက ဘာတွေလဲ... ပြော'

'အဲဒါက ရေတွေ စိုနေတာကွ'

'ဒါဆိုရင် အနံ့ကရော ဘယ်ကရတာတုံး'

'အဲဒါက ငါးပိနံ့ကွ'

'ဟာ... ခင်ဗျားက လူစင်စစ်ကနေ ဟိုဟာက ငါးပိထွက်တယ် ဟုတ်လား'

'မင်း... မင်း...'



www.burmeseclassic.com

www.burmeseclassic.com



လတ်အောင်၏ မျက်လုံးကြီး ရှေ့သို့ပြူးထွက်လာသည်။ ပြီးမှ စိတ်ကို ပြန်လျှော့လိုက်ဟန်ဖြင့် မေဒေးဘက်သို့ လှည့်ကာ…

'ဟူး… မေဒေး ကိုယ် တော်တော်မောနေပြီကွာ၊ ဗိုင်းပြီး ရှင်းပေးပါဦး'

ဟု စိတ်ပျက်လက်ပျက်လေသံကြီးဖြင့် မေဒေးအား ပြောလိုက်၏။ လတ်အောင်၏ ပုံစံမှာလည်း အမှန်တကယ် စိတ်ပင်ပန်းလူပင်ပန်း ဖြစ်နေသည့်ဟန်ရှိနေသည်။ ထို့ကြောင့် မေဒေးလည်း မနေသာတော့ဘဲ မင်းညိုတို့ သိထားပြီးပြီဖြစ်သော အဖြစ်အပျက်များအား လိုရင်းတိုရှင်း ဟန်ဖြင့် ပြောပြလိုက်သည်။

ထိုအခါမှ မင်းညိုတို့က ယခုမှ နားလည်သွားသည့်ဟန်ဖြင့် ခေါင်းတညိတ်ညိတ် လိုက်၍ လုပ်ကြသည်။ ထိုသို့ ရှင်းပြပြီးသွားသော အခါ မေဒေးက ဆက်၍ လတ်အောင်ဘက်သို့ လှည့်ပြီး…

'ကိုလတ်အောင် ဒါက ကျွန်မရဲ့ သူငယ်ချင်းတွေလေ၊ သူက မင်းညိုတဲ့၊ ဒီဘက်က သီဟတဲ့'

ထိုသို့ ပြောလိုက်ရာ လတ်အောင်က အသိအမှတ်ပြုချင်သလိုလို မပြုချင်သလိုလို မျက်နှာပေးဖြင့် ခေါင်းညိတ်သည်။

ထိုအခါ မင်းညိုက အမှန်တကယ် စိတ်မကောင်းဖြစ်သည့် မျက်နှာပေးဖြင့်…

'အေးဗျာ ကိုလတ်အောင်ရဲ့ အဖြစ်အပျက်တွေကို သိလိုက်ရတော့ ကျွန်တော် တကယ်ကို စိတ်မကောင်းဘူး၊ ကိုလတ်အောင်နေရာမှာ ကျွန်တော်သာဆိုရင် ရှက်လွန်းလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မှာ'

ထိုအခါ သီဟက ဝင်၍…

'ဟုတ်တယ်ဗျာ၊ ကျွန်တော်ဆိုရင်လည်း ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချပြီး သေပစ်လိုက်မှာ'

ထိုသို့ ပြောလိုက်ခြင်းကို မင်းညိုက လက်မခံနိုင်ဟန်ဖြင့်…

'အာ… မင်းကလည်း မကောင်းပါဘူး၊ ဆွဲကြိုးချပြီး သေတယ် ဆိုရင် လျှာကြီးတန်းလန်းထွက်ပြီး မသာမျက်ခွက်က ပြောင်စပ်စပ်ကြီး





ဖြစ်နေတော့မှာပေါ့၊ ကိုလတ်အောင်က ဂုဏ်သရေရှိ လူကြီးလူကောင်းပဲဟာ ဒါမျိုးပြောင်စပ်စပ်မသာရုပ်နဲ့ ဘယ်လိုက်ပါ့မလဲ'

'အေးကွ… ဒါလည်း ဟုတ်တာပဲ၊ ဒါဆိုရင်ရေနစ်ပြီး သေနိုင်းရင်ရော'

'ဒါလည်း မဖြစ်ပါဘူးကွာ၊ ရေနစ်ပြီး သေရင် အလောင်းက ဖုပ်ပွလာတော့ ငါးတွေက ဗိုင်းတွတ်ရော၊ အဲဒီအခါကျမှ ကိုလတ်အောင် ပဲ သေပြီးမှ ရုပ်ပျက်ဆင်းပျက် ဖြစ်ရဦးမှာ'

သီဟ ခေါင်းကို ကုတ်၍…

'ဒါဆိုရင် အဆိပ်သောက်ပြီး သေမယ်ဆိုရင်ရောကွာ'

မင်းညို အရင် ခေါင်းခါ၍…

'ငါကြားဖူးတာက အဆိပ်သောက်ပြီး သေတဲ့ မသာတွေက တစ်ကိုယ်လုံးညိုပုပ်ပြီးတော့ ဒွါရကိုးပေါက်ကနေ သွေးတွေ ထွက်လာ တတ်တယ်တဲ့ကွ၊ ဒီတော့ မင်းပဲ စဉ်းစားကြည့်လေ၊ ကိုလတ်အောင် ရုပ်က ဒီလောက်ချောတဲ့ဟာ၊ သေပြီးမှ အသားအရေတွေ ညိုပုပ်ပြီး ရှိသမျှ အပေါက်တွေထဲက သွေးတွေထွက်လာတယ်ဆိုရင် ဘယ်မှာလှပြီး သေဖန်း ပွင့်တော့မှာလဲကွ'

ထိုသို့ မင်းညိုတို့ အလိုက်ကမ်းဆိုးမသိ ပြောသမျှတွေကို လတ်အောင်မှာ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် နားထောင်နေမိရင်း ချွေးတို့ စိမ့်ထွက်လာကာ ကြက်သီးပင် တဖျန်းဖျန်းထ၍ နေလေ၏။ မပြောပါ နဲ့တော့ဟု တားမြစ်ရန် အကြိမ်ကြိမ် ပြောဆိုမည်ပြင်သော်လည်း မင်းညို၏ ဘောပိုင်းက အမျှင်မပြတ်ဖြစ်၍နေသဖြင့် ဘယ်လိုမှ တားမြစ်ခွင့် မသာခဲ့။ သီဟက…

'ဟုတ်ပြီ… ငါသိပြီ၊ ဆယ့်နှစ်ထပ်တိုက်ပေါ်ကနေ ခုန်ချရင်တော့ လုံးဝအိုကေသွားနိုင်တယ်'

'သီဟ… မင်းမှာလေ တော်တော်ကို ပိန်းတဲ့ကောင်၊ ဆယ့်နှစ် ထပ်တိုက်ပေါ်ကနေ ခုန်ချပါပြီဆိုမှတော့ အရိုးတခြား အသားတခြားဖြစ် ကုန်ပြီပေါ့ကွ၊ အဲ့ဒီအခါကျရင် ကိုလတ်အောင် အမျိုးတွေက သေတာတောင် တစ်စစီဖြစ်ပြီး ကိုယ့်အမျိုးဂုဏ်ကို ဖျက်သွားတာလား လတ်အောင်ရဲ့သို့ ရင်ထုမနာပြောပြီး ငိုကြမှာပေါ့ကွ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောလိုက်ခြင်းကြောင့် သီဟဆက်၍ စဉ်းစားမရဖြစ်ဟန်ဖြင့် ခေါင်းကုတ်ကာ…

'ဒါဆိုရင် ဘယ်လို သေနည်းမျိုးနဲ့မှ ကိုလတ်အောင်နဲ့ သင့်လျော်မှာလဲ'

ထိုအခါ မင်းညိုက လတ်အောင်ထံ မေးငေါ့၍…

'ဒါကတော့ကွာ၊ ကာယကံရှင်ဖြစ်တဲ့ ကိုလတ်အောင်ပဲ ဆုံးဖြတ်ပါစေကွာ'

ဟုဆိုပြီး တဆတ်တည်း လတ်အောင်အား…

'ကဲ… ကိုလတ်အောင်က ဘယ်လိုသေနည်းမျိုးကို သဘောကျလဲ'

ထိုအခါ လတ်အောင် တုန်တုန်ယင်ယင်ဖြင့် ခေါင်းကို သွက်သွက်ခါ၍…

'ဟင့်အင်း… ဟင့်အင်း… ကျဘူး၊ ဘာမှ သဘောမကျဘူး'

'ဒီလိုလည်း မဟုတ်ဘူးလေဗျာ၊ တစ်ခုခုတော့ ရွေးမှ ဖြစ်မှာပေါ့'

'အာ… မရွေးပါဘူး၊ ဘာကိစ္စ ရွေးရမှာလည်း၊ ငါ့အသက်က ငယ်ငယ်ကလေးပဲ ရှိသေးတဲ့ဟာကို ဟင်း…'

သီဟက ဝင်၍…

'ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲဗျာ၊ ကွေးသောလက် မဆန့်မီ ဆန့်သောလက် မကွေးမီ အချိန်မရွေး ရောသွားနိုင်တယ်လို့ ဘုရားကတောင် ဟောထားသေးတာပဲ၊ ဒီတော့ ကိုလတ်အောင်လည်း ကိုယ်နဲ့ လိုက်ဖက်မယ့် သေခြင်းမျိုးကို ရွေးချယ်ထားသင့်တာပေါ့'

'ဟင့်အင်းကွာ… ဟင့်အင်း… မင်းတို့ဘာသာ ကွေးတာတွေ ဆန့်တာတွေ လုပ်ကြ၊ ငါကတော့ သေလည်း မသေသေးဘူး၊ သေလည်း မသေချင်ဘူး၊ အိုကွာ… ဒီသေတဲ့ ကိစ္စကို စဉ်းကို မစဉ်းစားဘူး၊ နားလည်လား'

'ကျွတ်… မင်ဗျား တော်တော်ခက်တဲ့လူပဲ'

'ငါက ခက်တာမဟုတ်ဘူး၊ မင်းတို့ ကောင်တွေက ခက်နေတာကွ၊ နိမိတ်မရှိ နမာမရှိနဲ့ ငါ့ကို အမျိုးမျိုးသေကြောင်းကြံနေကြတာ၊ အီး…'

ထိုအခါ မင်းညိုက…





'ကျွန်တော်တို့က သဘောပြောတာပါဗျ၊ ခင်ဗျားကလည်း'

ထိုသို့ ပြောလိုက်ခြင်းကို လတ်အောင်က ငိုသံပါကြီးဖြင့်…

'မင်းတို့ပြောတဲ့ သဘောက ကြောက်စရာကြီးကွ၊ ငါ့မှာ သေးအောင် ထွက်ချင်နေပြီ၊ အီး'

'အေးဗျာ… ဆောရီးပဲ'

'ကြောက်ပါတယ်ဆိုမှ ဆွဲကြိုးချသေတာရော၊ ရေနစ်ပြီး သေတာရော၊ အဆိပ်သောက်ပြီး သေတာရောတွေ ပြောတယ်၊ အဟင့်'

'ဆယ့်နှစ်ထပ်တိုက်ပေါ်ကနေ ခုန်ချတာလည်း ကျန်သေးတယ်လေဗျာ'

'တွေ့လား… တွေ့လား ပြောရင်းဆိုရင်းနဲ့ နိမိတ်မရှိ နမာမရှိတွေ ထပ်ပြောနေပြန်ပြီ၊ အီး…'

'ဟုတ်ပါပြီ… နောက် မပြောတော့ပါဘူး'

သီဟနှင့် မင်းညို စိတ်နည်းနည်းညစ်သွားမိပြီး ခေါင်းကုတ်မိ၏။ လတ်အောင်ဆိုသည့်လူ ဤမျှ အသည်းငယ်မည်မှန်း အစက မသိခဲ့မှန်ပါ။ ခုတော့ ယောကျ်ားကြီးတန်မယ့် ဒီလို ထိုင် ငိုမဲ့မဲ့လုပ်တာကို မြင်ရတော့ ညစ်သည်ပေါ့။

ထို့ကြောင့် မေအေး၊ မင်းညိုနှင့် သီဟတို့ သုံးယောက်သား အချင်းချင်း မျက်ရိပ်ပြလိုက်ကြသည်။ မေအေးက ခတ်တတ်ထရပ်၍…

'ကျွန်မ အတန်းတက်ဖို့ သွားတော့မယ် ကိုလတ်အောင်'

ထိုအခါ လတ်အောင်က ပြူးကျယ်သော မျက်လုံးကြီးများဖြင့်…

'ဟင်… သွား… သွားတော့မလို့လား'

မင်းညိုနှင့် သီဟကပါဝင်၍…

'ဟုတ်တယ်… ကျွန်တော်တို့ အကုန်လုံး သွားရတော့မှာ၊ အတန်းချိန်က နီးနေပြီ'

ကိုယ်တွေအစီအစဉ်က ဒီမှာ ပြီးဆုံးသွားပြီလေ။ ဒါကြောင့် ထွက်ခဲ့ကြတော့မည်ပေါ့။ သို့ရာတွင် လတ်အောင်ဆိုသော အူကြောင်ကြောင်ကောင်ကြောင့် ဇာတ်လမ်းက အခန်းဆက်၍ သွားလေသည်။ လတ်အောင်က ငိုသံပါကြီးဖြင့်…

'မင်းတို့က ငါ့ကို ဒီအတိုင်း ထားသွားတော့မလို့လား'



www.burmeseclassic.com

www.burmeseclassic.com



လတ်အောင် စကားကြောင့် မင်းညိုတို့ နဖေတိမ်တောင်တွေ ဖြစ်သွားပြီး…

'ဘာလဲဗျ… ဒီအတိုင်း မထားလို့ ကင်းမြီးကောက် ထောင်ပေးပြီး ထားခဲ့ရမှာလား'

'အာ… အဲဒါကို ပြောတာ မဟုတ်ဘူးကွ၊ မင်းတို့ကသွားတော့ ငါက တစ်ယောက်တည်း ကျန်ခဲ့မှာပေါ့ကွ'

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ'

'တစ်ယောက်တည်းကျန်ခဲ့တော့ ငါ့ကားဆီကို ဘယ်လို ပြန်ရမှာလဲ'

'ဟောဗျာ… ခြေထောက်နဲ့ပဲ လမ်းလျှောက်ပြီး ပြန်ပေါ့'

လတ်အောင် ခေါင်းကို ကုတ်၍…

'ဟိုကွာ… ငါ့မှာက ရှေ့ကွက် နောက်ကွက်ကြီးနဲ့ဆိုတော့ တစ်ယောက်တည်းပြန်ရင် ကျောင်းသားတွေမြင်ပြီး ဝိုင်းဟားဦးမှာကွ'

ထိုသို့ ပြောလိုက်မှ မင်းညိုတို့လည်း သဘောပေါက်ကုန်၏။ ဟုတ်တော့လည်း ဟုတ်သည်။ သူ့ခမျာ ရှေ့ကွက်၊ နောက်ကွက်ကြီးတွေနဲ့ဆိုတော့ လမ်းမှာ မြင်တွေ့တဲ့လူတိုင်းက ဟားကြမည်မှာ မြေကြီးလက်ခတ်မလွဲ။ လူက ခုတောင်မှ မျက်ရည်တလည်လည်နဲ့ ဖြစ်နေတာ အဲဒီလိုမျိုး ဝိုင်းအဟားခံလိုက်ရရင်တော့ လူ့လောကီကို စိတ်ပျက်သွားပြီး ရာသက်ပန် ဘုန်းကြီးပါ ဝတ်သွားနိုင်သည်။

ထို့ကြောင့် မင်းညိုတို့လည်း မဆိုစလောက်လေး ကရုဏာသက်မိသွားပြီး…

'ကဲ… ဟုတ်ပါပြီ၊ ဒါဆိုရင် ကျွန်တော်တို့က ခင်ဗျားကို ဘာဆက်လုပ်ပေးရမှာလဲ'

'ငါ့ကို ကားဆီကို လိုက်ပို့ပေးပါကွာ နော်'

မင်းညိုနှင့် သီဟတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။ ပြီးမှ ခေါင်းကို ခပ်လေးလေး ညိတ်လိုက်ကြပြီး…

'ကောင်းပြီလေ… ဒါဆိုလည်း လိုက်ပို့ပေးရတော့မှာပေါ့'

ထိုသို့ ပြောလိုက်ခြင်းကြောင့် လတ်အောင် မျက်နှာကြီး ဝင်းခနဲ ဖြစ်သွားသည်။





မင်းညိုက တဆက်တည်း မေဒေးဘက်သို့ လှည့်၍…

'ကဲ… မေဒေး နင်ကတော့ သွားနှင့်တော့'

သီဟက…

'မင်းညို ငါတို့ အခု သူ့ကို ဘယ်လိုနည်းနဲ့ လိုက်ပို့မှာလဲ'

'အင်း… သူက ရှေ့ရော နောက်ရော ကွက်နေတာဆိုတော့ လျှောက်တဲ့အခါကျရင် လူတွေမမြင်အောင်'

ဟုဆိုပြီး စကားကို ခဏရပ်၍ စဉ်းစားဟန်ပြုသည်။ ပြီးမှ အကြံရသွားဟန်ဖြင့်…

'ဟုတ်ပြီ… ဒီလို လိုက်ပို့ကြတာပေါ့'

ဟု ပြောပြီး လိုက်ပို့မည့် နည်းလမ်းကို ပြောပြလိုက်လေတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

သီဟ လမ်းလျှောက်နေရင်းမှ နောက်သို့ လှည့်ကြည့် လှည့်ကြည့်ဖြင့် ကျောချမ်းနေမိသည်။

'ဟေ့လူ… ခင်ဗျား ကျုပ်နောက်ကို အရမ်းမကပ်နဲ့နော်၊ အသည်းယားတယ်ဗျ'

ထိုအခါ လတ်အောင်က အူတူတူ လေသံဖြင့်…

'မကပ်ပါဘူးကွာ မင်းကလည်း၊ တစ်ထွာလောက်တော့ ကွာပါတယ်'

'ဒီထက် ပိုပြီးတော့ ခွာလို့ မရဘူးလားဗျ'

'မရဘူးကွ၊ ဒီထက်ခွာလိုက်ရင် လူတွေ တွေ့သွားလိမ့်မယ်'

သီဟ သက်ပြင်းကို ဟင်းခနဲဖြင့် စိတ်မသက်မသာ ချမိသည်။

သီဟနည်းတူ လတ်အောင်လည်း ကိုယ့်နောက်ပိုင်းကို ကိုယ်မလုံမလဲဖြစ်ရင်း သက်ပြင်းအခါခါ ချမိကာ…

'ဟေ့ကောင် မင်းညို၊ မင်းလည်း ငါ့နောက်ကနေ နည်းနည်းခွာဦးနော်'

'တစ်ထွာလေ… တစ်ထွာခွာထားတယ်'

'ဟင်း… ငါ့စိတ်ထဲမှာ တစ်ချက်တစ်ချက် လာလာထိမိနေသလိုပဲ'

'မတော်တဆ ဖြစ်ဖြစ်သွားလို့ပါဗျ၊ ခင်ဗျားကလည်း'

'အေးပါကွာ… အေးပါ ဂရုတော့ စိုက်ပေးပါ'

သီဟက မကျေမနပ်ဟန်ဖြင့်…





'ဟေ့ကောင်… မင်းညို မင်းနဲ့ငါနဲ့ နေရာချင်း ချိန်းမယ်ကွာ'

'ဒီအတိုင်းပဲ ရှေ့ကဦးဆောင်ပြီး လျှောက်စမ်းပါ သီဟရာ၊ ဟီး… ဟီး…'

'တောက်… မင်းကတော့ ရယ်နေ သီလား၊ ငါ့မှာတော့ ဟင်း'

ထိုသို့ ပြောပြီး သီဟ ဒေါသထွက်ရတော့မလိုလို ထိုင်ပဲ ငိုရတော့မလိုလိုဖြစ်နေမိသည်။ ဘယ်လိုကြည့်ကြည့် ဒီသုံးယောက်ထဲမှာ အသားလွတ်ကြီး ခံနေရတာ ကိုယ်ဖြစ်နေတာကိုး။ ဒီလိုဖြစ်အောင် အကြံဆေးတာက ဟိုကောင် မင်းညို။

ထိုသို့ ကလေးများ ဆော့သလို ကြီးကောင်ကြီးမားမှ မီးရထားတွဲကြီးသဖွယ်လျှောက်နေကြသော သုံးယောက်သားမှာ ရွှေကိုင်းမျက်မှန် တဝင်းဝင်းနှင့် လူတစ်ယောက်က ရှေ့မှ လမ်းလျှောက်လာရင်း သူတို့အား အသုန်မမှိတ်ကြည့်လာသဖြင့် သီဟရော မင်းညိုပါ ခေါင်းကြီးသွားကြသည်။

'ဟာ… ဆရာ ဦးစောဟန်ပါလား'

ဟုတ်ပါသည်။ မင်းညိုတို့၏ စိတ်ပညာမေဂျာဆရာဖြစ်သော ဆရာဦးစောဟန်ပါ။ ဆရာဦးစောဟန်သည် အရပ်ရှည်သလောက် စကားကြောလည်း အလွန်ရှည်ပါသည်။ ပြောရရင် စပ်စုပါသည်ပေါ့။

ဆရာဦးစောဟန်သည် အနားသို့ ရောက်လာသောအခါ ပထမ သီဟကို ကြည့်သည်။ ဒုတိယ လတ်အောင်ကို ကြည့်သည်။ တတိယ မင်းညိုကို ကြည့်သည်။ မင်းညို အလှည့်သို့ ရောက်သောအခါ မျက်မှန်ကို ပင့်၍…

'ဟေ့ကောင် မင်းညို'

'ဗျာ… ဆရာ ဟီး… ဟီး'

မင်းညို ခြေလှမ်းကို ရပ်၍ သွားဖြီးကာ ပြန်ထူးလိုက်သည်။ ထိုသို့ မင်းညို ရပ်တန့်လိုက်ခြင်းကြောင့် လတ်အောင်နှင့် သီဟပါ အလိုအလျောက် ရပ်တန့်သွားကြ၏။

ဆရာ ဦးစောဟန်က စူးစိုက်၍ ကြည့်ပြီး…

'မင်းတို့တစ်တွေ ဘာလုပ်နေကြတာလဲကွ ဟေ…'

ထိုသို့ မေးလိုက်ရာ မင်းညိုက ဘာပြောရမှန်း မသိသဖြင့် ပါးစပ်ထဲရှိရာ ပြောချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုလေ… ကျွန်တော်တို့ မီးရထားကြီး ဂျုံးဂျုံးဂျက် ကစားနေကြတာပါ ဆရာ… အဟီး'

ထိုအခါ ဆရာဦးစောဟန် နားမလည်ဖြစ်သွားသည့်ဟန်ဖြင့် မျက်မှောင်ကြုတ်၍…

'ဘယ်လို မီးရထားကြီး ဂျုံးဂျုံးဂျက် လုပ်တန်း ကစားနေတယ်၊ ဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'ကျွတ်… မင်းတို့ကွာ ကလေးမဟုတ် သူငယ်မဟုတ်နဲ့'

'အဟဲ… ဒီလိုပါပဲ ဆရာ'

ဆရာဦးစောဟန် ခေါင်းတညိတ်ညိတ်လုပ်၍…

'နေပါဦး… မင်းတို့ကို ငါ မေးစရာ ရှိတယ်'

'ဟုတ်ကဲ့… မေးပါ ဆရာ'

'ငါ့အတန်းကို မင်းတို့နှစ်ကောင် မတက်တာ ဘာကြောင့်လဲ'

'တက်ပါတယ် ဆရာ'

'ဘာတက်တာလဲ၊ မနှစ်က တက်တာကို ပြောတာလား'

'အာ… ဆရာကလည်း အဲလောက်တော့ မကြာပါဘူး၊ မတက်ဖြစ်တာ တစ်လလား နှစ်လလားပဲ ရှိပါသေးတယ်'

'အေး… ကြပ်ကြပ်လုပ်၊ စားမေးပွဲ ကျကုန်မယ် ဘာမှတ်လဲ'

'ဟုတ်ကဲ့ပါ ဆရာ'

ဒီမျှနှင့် စကားကြောက မပြတ်သေးပါ။ ဆရာဦးစောဟန်က အလယ်ကောင်မှ လတ်အောင်အား စူးစိုက်ကြည့်ပြီး…

'နေပါဦး… သူကရော ဘယ်သူလဲ'

'ဟိုလေ ကျွန်တော်တို့ သူငယ်ချင်းပါ ဆရာ'

'ဒီကောင်ပုံစံက ဘယ်လိုဖြစ်နေတာလဲကွ၊ ကြောက်သလိုလို ရှုံ့သလိုလိုနဲ့'

'အဟင်း… ဒါက ဟိုလေ…'

မင်းညို ဘယ်လို ပြန်ဖြေရမှန်းမသိ ဖြစ်သွား၍ ခေါင်းကုတ်မိသည်။ ထိုသို့ မေးချင်ပါကလည်း မေးချင်စရာပေ။ လတ်အောင်၏ မျက်နှာကြီးကလည်း သူ၏ ရှေ့ကွက်နောက်ကွက် ပြဿနာကြီးကို လှုရိပ်မိ





သွားမှာစိုးသဖြင့် သိသိသာသာကြီး ဖရိုဖရဲဖြစ်၍နေတာကိုး။ ထို့ကြောင့် မင်းညို အကြံထုတ်မိ၏။ ဒီမေးခွန်းကို မိမိ ပြီးစလွယ် ဖြေလိုက်သည် ဆိုပါကလည်း ဆရာဦးစောဟန်က ဆိုက်ကိုသမားပီပီ မေးခွန်းတွေ ဆင့်ကဲ ဆင့်ကဲ ဖြစ်ပေါ်လာပြီး မေးလို့ကို ဆုံးမှာ မဟုတ်တော့။

ထို့ကြောင့် ဆရာ့အား တစ်ချီတည်းနဲ့ ရှာလည်သွားအောင် ပြန်ဖြေ ရတော့မည်။

ထို့ကြောင့် မင်းညို အသက်ကို ဝဝရှူ၍…

'ဒီလိုပါဆရာ (၉၆)ပါး ရောဂါထဲမှာ သူ့အလိုလို ပျောက်မယ့် ရောဂါက (၃၂)ပါး၊ တတ်ကျွမ်းတဲ့ ဆရာကုမှ ပျောက်မယ့် ရောဂါက (၃၂) ပါး၊ ဘယ်လိုကုကု မပျောက်နိုင်တဲ့ ဝဋ်နာကံနာက (၃၂)ပါးဆိုတာ ရှိပါတယ်၊ ဒီလို ရောဂါတွေထဲမှ ဘယ်လိုကုကု မပျောက်နိုင်တဲ့ ဝဋ်နာကံနာ (၃၂)ပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ (phobia)ဆိုတဲ့ အကြောက်လွန်ရောဂါကို ကျွန်တော့်သူငယ်ချင်းက ခံစားနေရပါတယ်၊ ကြာလာရင် (psychosis)ဆိုတဲ့ အပြင်းစား စိတ်ဝေဒနာကိုပါ ရောက်ရှိသွားနိုင်တဲ့ အတွက် (reframing)ဆိုတဲ့ အပြုအမူ ပုံပြောင်းခြင်း ဖြစ်ပေါ်လာအောင် ကျွန်တော်နဲ့ သီဟက (imagination)ဆိုတဲ့ စိတ်ကူး ပုံဖော်ပြီး သူ့ကို အားပေးတဲ့အနေနဲ့ ကြားထဲမှာထည့်ပြီး မီးရထားကြီး ဂျုံးဂျုံးဂျက် လုပ်တမ်း ကစားနေတာပါ ဆရာ၊ ရှင်းအောင် ပြောရရင် သူပျော်ပါစေဆိုတဲ့ သဘောပေါ့၊ ဒါပေမဲ့ ဆရာရယ် ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်က ထူးမထင်ခဲ့ပါဘူး၊ ခုပဲကြည့်လေ အပဟာသိဆိုတဲ့ မျက်ရည်ထွက်တဲ့အထိ ရယ်ဖို့ မပြောနဲ့၊ ဟာသိတဆိုတဲ့ မျက်စိဖွင့်ရုံလေး ပြုံးခြင်းကိုတောင်မှ ဖြစ်မလာပါဘူး ဆရာ၊ ဒါကြောင့် ကျွန်တော်တို့က (diet)ဆိုတဲ့ ဓာတ်စာကို ကျွေးပြီး (trance)ဆိုတဲ့ အိပ်မွေ့ချတဲ့နည်းနဲ့ ကုကြည့်ရင် ကောင်းမလားလို့ စဉ်းစားနေပါတယ် ဆရာ၊ ဒါပေမဲ့ သိပ်တော့ ထင်ပါဘူးလေ၊ သူ့ရောဂါက ဝဋ်နာကံနာ (၃၂)ပါးမှာ ပါဝင်နေတော့ ပဲ ရာဇာမယသိဒ္ဓိဆိုတဲ့ ကိုယ်အလိုရှိသလို ဖန်တီးနိုင်တဲ့ သိဒ္ဓိရှိခဲ့ ဖြစ်တော့ မှာပါ ဆရာ၊ ဒါကြောင့်…'

'မင်းညို… မင်းညို'

'ဗျာ… ဆရာ… ဗျာ'

www.burmeseclassic.com



ဆရာ ဦးစောဟန် ရှုပ်ထွေးသည့်ဟန်၊ စိတ်မရှည်သည့်ဟန်ဖြင့် ပြောပေါ်လိုက်တာဝါ ပြီးမှ...

'တော်ပါပြီကွာ၊ တော်ပါပြီ မင်းသူငယ်ချင်း ခံစားနေရတဲ့ စိတ်ဝေဒနာကို ဆရာ သဘောပေါက်ပါပြီ'

'ကျွန်တော် ပြောတာ သိပ်မပြည့်စုံသေးဘူး ဆရာ၊ ထပ်ရှင်းပြစရာကျန်သေးတယ်'

'ဟာ... တော်ပါပြီကွာ၊ တော်ပါပြီ ဒီလောက်နဲ့တင် ဆရာ မျက်စိလည် အဲ... နားလည်သွားပါပြီ'

'သေချာလို့လား ဆရာရယ်'

'သေချာပါတယ်ကွာ၊ သေချာပါတယ်'

'ရောဂါရဲ့ အနအရင့် ဖြစ်ပေါ်လာပုံတွေလည်း ကျန်သေးတယ် နော်'

'အာ... ရပါတယ်၊ ရပါတယ် ရှင်းပြဖို့ မလိုတော့ဘူး၊ ဆရာ ဘာသာဆရာ နားလည်လို့ ဖြစ်သွားပြီ'

'သြော်... သြော် ဒါဆို ကျွန်တော် ထပ်ရှင်းပြစရာ မလိုဘူး ပေါ့'

'ဟုတ်တာပေါ့ကွာ၊ ဟုတ်တာပေါ့'

တစ်ဆက်တည်း ဆရာဦးစောဟန်က...

'ကဲ... မောင်မင်းညိုနဲ့ မောင်သီဟရေ ဆရာလည်း အတန်းလေး တွေ ဝင်စရာရှိသေးလို့ သွားလိုက်ဦးမယ်ကွာ၊ နော်'

'ဟုတ်ကဲ့ပါဆရာ... သွားပါ၊ နောက်လည်း ကျွန်တော်တို့ သူငယ်ချင်းရဲ့ ရောဂါအခြေအနေကို သိချင်ရင် လာမေးလို့ ရပါတယ် ဆရာ'

'အဟေး... ဟေး မမေးတော့ပါဘူးကွာ၊ ဆရာသွားတော့မယ် နော်'

'ဟုတ်ကဲ့ပါ... ဆရာ၊ ဟုတ်ကဲ့'

ဒီလိုနဲ့ ဆရာ ဦးစောဟန်မှာ နောက်မှ ကျားလိုက်သကဲ့သို့ သုတ် သုတ် သုတ်သုတ်ဖြင့် ထွက်သွားပါလေတော့သည်။ ထို့ကြောင့် မင်းညို





တို့လည်း ဆက်သွားဟန်ပြင်ကြသည်။ လတ်အောင်က မကျေနပ်သေးသဖြင့် မင်းညိုအား...

'ဟ မင်းက ငါ့ကို ဘာဖြစ်လို့ အရူးလို့ ပြောလိုက်ရတာလဲကွ ကောင်း...'

ထိုအခါ မင်းညိုက...

'ဘာလဲ ခင်ဗျားက မကျေနပ်လို့လား'

'ကျေနပ်စရာလားကွ'

'ဟာ... မကျေနပ်လည်း မတတ်နိုင်ဘူးဗျာ၊ ဒီလိုမှ မပြောရင် ကားစ မပြတ်ဘဲ ခင်ဗျားရဲ့ မရှိတဲ့အရှက်ပဲ ထပ်ကွဲရဦးမှာ'

'ဘာကွ... မင်းဘာပြောတာလဲ'

'ကြားတဲ့အတိုင်းပဲ'

လတ်အောင် တဟင်းဟင်းဖြင့် အဖျားတက်သလို ညည်းပြီး မင်းညိုအား ဘုကြည့်ကြည့်သည်။

ထိုအခါ မင်းညို တင်းသွားပြီး...

'တောက်... သူ့ကို စေတနာနဲ့လည်း ကူညီရသေးတယ်၊ လူကို အောမခန့်နဲ့ လာကွာ သီဟ ငါတို့ ပြန်ကြမယ်၊ ဒီလူကို လူပဲကြည့်ကြည့် နွားပဲ ကြည့်ကြည့်၊ ထားခဲ့တော့'

'အေး... ကောင်းတယ်'

နဂိုကပင် လတ်အောင်အပေါ် စေတနာတစ်ဝက်မှ မရှိရှာသော သီဟမှာ မင်းညိုအား အားတက်သရော ထောက်ခံ၍ နှစ်ယောက်သား ထစ်ရန်ကြံရွယ်လိုက်စဉ်မှာပင် လတ်အောင်မှာ မျက်လုံးပြူးသွားပြီး...

'ဟာ... မင်းတို့ကောင်တွေကလည်းကွာ၊ ဒီလိုကြီးတော့ ငါ့ကို အားမသွားပါနဲ့ကွာ၊ နော်... နော်'

'သြော်... ခင်ဗျားက ကျေးဇူးရှင်ကို ကျေးစွပ်နေတာကိုး'

ထိုအခါ လတ်အောင် မျက်နှာလေး ငယ်သွားပြီး...

'အေးပါကွာ... အေးပါ... ငါ နောက်တစ်ခါ မစွပ်တော့ပါဘူး'

သီဟက ဝင်၍...

'ကျုပ်တို့ရဲ့ မေတ္တာ စေတနာတွေကိုရော တကယ် သဘောပေါက် ရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ဘ်ဝါတယ်ကွာ၊ ပေါက်ပါတယ်'

'ဟုတ်ပြီ ဒါဆိုရင် အလယ်ကောင်ကနေပြီးတော့ သေချာဖြ တိုက်'

'အေးပါကွာ… အေးပါ'

ဤသို့ဟောက်စားလုပ်လိုက်ပြီး တရွေ့ရွေ့ဖြင့် လမ်းပြန်လျှောက် ရင်း ကားရှိရာသို့ ရောက်လာခဲ့ကြသည်။

သူ့ကားရှိရာသို့ ပြန်ရောက်သောအခါ လတ်အောင်မှာ စိတ်ဓာတ် ပြန်လည် တက်ကြွသွားဟန်ရှိသည်။ သူ့ရဲ့ ကံဆိုးမိုးမှောင်ကျနေသော အချိန်ကာလတို့ကို ကားအကောင်းစားကြီးကို ဂူးခနဲ မောင်းထွက်ပြီး ပျော ဖြတ်သွားနိုင်မှာမို့လို့ပါ။

သို့ရာတွင် မင်းညိုတို့ လက်စွမ်းပြထားသည့် ပြားချပ်နေသော ဘီးကြီးက လတ်အောင်၏ အိမ်မက်ရောင်နီကို ရိုက်ချိုးပစ်လိုက်သည်

'ဟာ… ဘီး… ဘီး… ပြား… ပြားနေတယ်'

မျှော်လင့်ချက်ကြီး ပျက်စီးသွားခြင်းကြောင့် လတ်အောင်မှာ ရူးသွေးတန်းဖြစ်သွားပြီး ပြားချပ်နေသော ဘီးအား ခြေထောက်ဖြင့် ဒုန်း ခနဲကန်၍…

'တောက်… မျိုးမစစ်ကောင်တွေကွာ၊ လုပ်စရာရှားလို့… ဟင်'

ထိုအခါ မင်းညိုနှင့် သီဟက မနေသာတော့ဘဲ မင်းညိုက…

'ဟေ့လူ ခင်ဗျား ဘယ်သူ့ကို ပြောနေတာလဲ'

'လုပ်တဲ့ ကောင်တွေကို ပြောနေတာပေါ့ကွာ'

'အရမ်းလည်း လျှောက်မစွပ်စွဲနဲ့လေ၊ ခင်ဗျားကားက သူ့ဘာသာ သူ ဘီးပေါက်သွားတာ ဘာညာဖြစ်ချင်လည်း ဖြစ်မှာပေါ့'

'ဟ… ရိုးရိုးတန်းတန်း ဘီးပေါက်တာလည်း တစ်ဘီးပေ ခုဟာက နှစ်ဘီးတောင်မှ ဖြစ်နေတာဆိုတော့ ဒါ လုပ်ကြံတာမှန်း အသ သာကြီး'

'ဒါဆိုလည်းဗျာ ဒီလို ရှိုင်းစိုင်းစိုင်းတွေ ပြောမနေစမ်းပါနဲ့'

'ဘာဖြစ်လဲကွ ပြောတော့'

'ဘာဖြစ်ရမှာလဲ ဒီလို အောက်တန်းစား စကားတွေပြောတော့ ခင်ဗျားလည်း အလိုအလျောက် အောက်တန်းစားဖြစ်သွားမှာပေါ့ဗျာ'





ထိုသို့ ပြောလိုက်ခြင်းကြောင့် လတ်အောင်မှာ နပေတိမ်တောင်ပြ သွားပြီး ငြိမ်သွား၏။

ပြီးမှ မျက်နှာလေး ပြန်ငယ်သွားပြီး…

'ဒါဆို… ငါအခု အိမ်ကို ဘယ်လို ပြန်ရမှာလဲဟင်'

'ခြေထောက်အားကိုးပြီး လမ်းလျှောက်ပြန်ပေါ့ဗျ'

'အာကွာ… မင်းတို့ကလည်း'

လတ်အောင်၏ မျက်နှာမှာ ပြုံတော့မည့်မိုးနှယ် ဖြစ်နေပေသည်။ ကြောင့် မိုးညိုလည်း စိတ်အိုက်သွားပြီး ခေါင်းကုတ်ကာ…

'ဟင်း… ခင်ဗျားဟာကလည်း အာ… နေဦး ခင်ဗျားမှာ ပါတယ်မဟုတ်လား'

'အင်း… ပါတယ်'

'ဒါဆိုရင်လည်း အသိမိတ်ဆွေဖြစ်ဖြစ် ကားဝပ်ရှော့ကိုဖြစ်ဖြစ် ဖုန်းပြီးတော့ အကူအညီတောင်းကြည့်ပေါ့ဗျာ'

ထိုသို့ မင်းညို၏ အကြံပေးချက်ကြောင့် လတ်အောင် တစ်နေရာ ဖုန်းဖြင့်ဆက်ကာ လှမ်း၍ အကူအညီတောင်းသည်။ ပြီးမှ အဆင်ပြေ သွားဟန်ဖြင့် သက်ပြင်းချရင်း မင်းညိုအား…

'ငါ့အသိမိတ်ဆွေက ကားအပိုဘီးတွေယူပြီး လာခဲ့မယ်တဲ့'

'ဒါဆိုရင်လည်း ပြီးတာပဲ၊ ကျွန်တော်တို့ သွားတော့မယ်'

'ဟာ… နေ… နေပါဦးကွာ၊ ဟိုကလာတဲ့အထိတော့ စောင့်ပေး ဦး'

'ဟာ… ဘာလို့ စောင့်ရမှာလဲ၊ ကျုပ်တို့လည်း အတန်းတက်စရာ သေးတယ်'

'ငါ… ငါတစ်ယောက်တည်းဆိုရင် မျက်နှာပူလို့ကွ'

'ဒါဆိုလည်း ရေဖုန်း အဲယားကွန်းဖွင့်ပြီး ကားထဲ ဝင်ထိုင်နေ တော့ဗျို့၊ ကျုပ်တို့ကတော့ သွားပြီ တာ့… တာ'

ထိုသို့ ပြောဆိုပြီး မင်းညိုတို့ အမြန်လစ်လာခဲ့သည်။ လတ်အောင် တော့ မျက်နှာလေးငယ်၍ ကားထဲတွင် ငုတ်တုတ်ထိုင်ကာ ကျန်ရစ် သည်။ ထိုအခါ ဖြတ်သွား ဖြတ်လာ ကျောင်းသား ကျောင်းသူတော ထမဦးစွာ ကားအကောင်းစားကြီးကိုတွေ့ပြီး သဘောတကျဖြင့် ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



ကားအကောင်းစားကြီးပေါ်မှာ ခန့်ခန့်ကြီးထိုင်နေသော လတ်အောင်ကို တွေ့သွားပြီး အလိုလိုနေရင်း အမြင်ကတ်သွားကြသည်။

တတိယ ကန်တင်းတွင် လတ်အောင်၏ အဖြစ်အပျက်ကို မြင်တွေ့ခဲ့သူများက မှတ်မိသွားပြီး ထပ်မံ၍ ဗိုင်းဟားကြသည်။ ထိုသူများက တစ်ဆင့် တစ်ကျောင်းလုံး ကန်တင်းမှာ ငါးပိတက်ထိုင်မိတဲ့ လူကြီးအခု ကားအကောင်းစားကြီးပေါ်မှာ တက်ထိုင်နေတယ်ဟု ပျံ့နှံ့သွားကာ စပ်စုချင်သော လူတချို့က တကူးတကလာ၍ လတ်အောင်အား ကွက်ကြည့်ကွက်ကြည့်လုပ်ကာ တီးတိုးအတင်းအုပ်ကြသည်။ ဗိုင်းဟားချင်သူတချို့က တမင်လာ၍ ဗိုင်းဟားကြသည်။

လတ်အောင်၏ ကားနံဘေးပတ်ပတ်လည်တွင် စပ်စုချင်သူ ဟားချင်သူများဖြင့် စည်းကား၍နေသည်။

ထို့ကြောင့် လတ်အောင်မှာ ထိုနေ့တစ်နေ့တာ ကျောင်း၏နာမည်ကြီးလူများ စာရင်းတွင် ထိပ်ဆုံးမှ ပါဝင်သွား၍ တံတွေးခွက်ပင်လယ်တွင် ပက်လက်မျောကာ အရှက်သည် ဟက်တက်တွင်မက အစိတ်စိတ်အမြွာမြွာပင် ကွဲကြေကုန်သည်။

လတ်အောင် ကားပေါ်တွင် ငုတ်တုတ်ထိုင်ရင်း လူများ၏ အကြည့်ဒဏ်ကို မျက်နှာနီကြီးဖြင့် လည်စင်း၍ခံကာ ဤသို့ စိတ်ထဲမှ ကြုံးဝါးမိလိုက်တော့သည်။

'တောက်… ငါ ဒီကျောင်းကို နောက်ထပ် တစ်သက်လုံး ခြေဦးတောင်မှ မလှည့်တော့ဘူးကွ၊ ဟင်း… ဟင်း…'

□ □ □



## အခန်း(၈)

ဗွားကား အော်ပရေးရှင်း (၂)

မင်းညို၊ သီဟ၊ အေးရွှေ၊ အေးငွေနှင့် မေဒေးတို့ ငါးယောက်လုံး ခေါင်းချင်းဆိုင်နေကြသည်။ ပထမ အော်ပရေးရှင်းက ရက်ရက်စက်စက်ကို အောင်မြင်သွားသဖြင့် ယခု ဒုတိယအော်ပရေးရှင်းစရန်အတွက် အားလုံး တက်တက်ကြွကြွဖြစ်နေကြ၏။

မင်းညိုက မေဒေးအား…

'မေဒေး… အဲဒီ လတ်အောင်ဆိုတဲ့လူက ဘာမဟုတ်တာ လုပ်တတ်လည်းဆိုတာကို နင် သတိထားမိတာ ရှိလား'

'ဘာလဲဟ… ဘာကို ပြောတာလဲ'

'ဩော်… ဒီလိုလေကွာ၊ အရက်သောက်တာတို့၊ မိန်းမကိစ္စတို့ လောင်းကစားလုပ်တာတို့ ဒါမျိုးတွေပေါ့ဟာ'

ထိုသို့ ပြောလိုက်သောအခါ မေဒေးမျက်နှာကို ရှုံ့မဲ့၍…

'ဟော့အေး… မရှိဘူးဟ'

'တစ်ခါတစ်ရံလေးတောင်မှ မရှိဘူးလား'

'လုံးဝကို မရှိတာ၊ ဒါကြောင့် ငါ့မိဘတွေက ငါနဲ့ အသည်းအသန်ကို သဘောတူနေကြတာပေါ့'

မင်းညို စဉ်းစားရကျပ်သွားဟန်ဖြင့် ခေါင်းကုတ်သည်။ ထိုအခါ မေဒေးက ဆက်၍…

'နေပါဦး နင်က ငါ့ကို ဒါတွေ ဘာဖြစ်လို့ မေးရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငါမေးတာ ဒုတိယ အော်ပရေးရှင်းအတွက် မေးတာဟ၊ ငါ ပထမ စဉ်းစားထားတာက ဒီလိုလေ အဲဒီလူဆီမှာ မကောင်းတာလုပ်တာ တစ်ချက်ချက်ရှိရင် အဲဒီအချက်ကို ငါတို့က ခွင်ဆင်ပုံကြီးချဲ့ပြီး နှင့်မိဘတွေ အထင်လွဲအောင် လုပ်မလို့ဟ၊ အခု သူက ဘာဆို ဘာမှ မဘာဘူးဆို တော့ ဘာလုပ်ရမှန်း မသိတော့ဘူးပေါ့'

ထိုသို့ ရှင်းပြလိုက်ခြင်းကြောင့် အားလုံး နားလည်သွားပြီး စိတ်ညစ်သွားကာ သက်ပြင်းချကြသည်။ မေဒေးက အားမလို အားမရဟန်ဖြင့်...

'ဟင်း... ဒီလူကလည်း ယောကျ်ားဖြစ်ပြီးတော့ အရက်သေ ဘာလေးတောင် မသောက်တတ်ဘူး၊ အလကားလူ'

ထိုအခါ သီဟက ပါဝင်၍...

'ဟုတ်ပကွာ၊ ဒီလောက်လေးတောင်မှ မလုပ်တတ်ဘူးဆိုရင် ဒီ အခြောက်ကြီးပဲနေမှာ၊ ဟွန်း'

ထိုသို့ သီဟ အမှတ်မထင် ပြောလိုက်သောအခါ မင်းညို မျက်ဝန်းအစုံသည် လက်ခနဲဖြစ်၍သွားပြီး...

'ဘာပြောတယ်... သီဟ၊ မင်းခုနက ပြောလိုက်တာ အခြော ကြီး ဟုတ်လား'

'အေးလေကွာ... ဘီယာလေးတောင်မှ မသောက်တတ် ဆိုမှတော့ ငါက အခြောက်ကြီးလို့ ပြောတာ မှားလား'

မင်းညို ဝမ်းသာအားရဟန်ဖြင့် လက်ဖျောက်တီး၍...

'သိပ်မှန်တာပေါ့ကွာ၊ ဒီဂျားကားကို ငါတို့က အခြောက် ဖြစ်အောင် လုပ်လိုက်ကြတာပေါ့၊ ဟား... ဟား'

ထိုသို့ မင်းညိုပြောလိုက်ခြင်းကို အကုန်လုံး နားမလည်ပါ။ ကြောင့် အေးရွှေက...

'မင်းညို မင်း ဘာတွေ ပြောနေတာလဲ'

'ငါက အော်ပရေးရှင်း(၂)ကို ပြောနေတာပေါ့ကွ'

'ငါတို့ ဘာမှ နားမလည်ဘူး၊ ရှင်းဦး'

ထိုအခါ မင်းညို ချောင်းနှစ်ချက် အရင်ဟန့်၍...





'ဒီလိုလေကွာ၊ လတ်အောင်က အခြောက်ကြီးဖြစ်နေတယ်ဆိုရင် မေဒေးမိဘတွေက မေဒေးနဲ့ သဘောတူပါ့မလား'

'အာ... ဘယ်လိုလုပ်ပြီး သဘောတူပါ့မလဲ မင်းကလည်း'

'အေး... ဒါကြောင့် ငါတို့က မေဒေးမိဘတွေကို လတ်အောင်က အခြောက်ကြီးပါဆိုတာကို သိအောင် လုပ်ရမယ်၊ ဒါဆို ပွဲက ပြီးပြီ ဟင်း... ဟင်း'

ထိုသို့ ပြောလိုက်သောအခါ မေဒေးက အူတူတူဟန်ဖြင့်...

'ဟဲ့... ငါတို့က စကားအဖြစ်နဲ့သာ နောက်ပြီးတော့ ပြောနေကြတာ၊ လတ်အောင်က တကယ့် အခြောက်ကြီးမှ မဟုတ်တဲ့ဟာကို၊ ဒါပေမဲ့ အစ်မတွေ ကြားထဲမှာ နေခဲ့ရတော့ နေပုံထိုင်ပုံ နည်းနည်းနွဲ့ချင်နေတာပဲ ရှိတာပါ'

'အေးလေ... မင်းကလည်း'

'ကျွတ်... မင်းတို့ကလည်း ဝေးပြန်ပြီ၊ ဒီလူ တကယ့်အခြောက် ဟုတ်မှန်းတော့ ငါလည်း သိတာပေါ့ကွာ၊ ငါဆိုလိုတာက သူ့ကို အခြောက်ပါလို့ မေဒေး မိဘတွေက အထင်လွဲသွားအောင် ငါတို့က ခွင်ဆင်ရမှာ၊ ကဲ... နားလည်ပြီလား'

နားတော့ နားလည်သွားကြသည်။ ဒါပေမဲ့ ရှင်းတော့ မရှင်းကြ။ သီဟက...

'မင်းဆိုလိုတာကိုတော့ ငါတို့ နားလည်ပါပြီ၊ ဒါပေမဲ့ ယောကျ်ားကြီးတစ်ယောက်ကို အခြောက်ပါဆိုပြီး အထင်လွဲအောင် လုပ်ဖို့ဆိုတာက လွယ်ဘူး ထင်တယ်နော်'

ထိုအခါ မင်းညိုက ရင်ကိုကော့၍...

'မလွယ်ရင်လည်း လွယ်အောင် လုပ်ပစ်မှာပေါ့ကွ၊ ဟဲ... ဟဲ'

'ဟုတ်ပါပြီ ဆရာကြီးရယ်၊ ဘယ်လိုများ လွယ်အောင်လုပ်မှာလဲဆိုတာကို ရှင်းပြပေးပါဦး'

ထို့နောက် မင်းညို ပြုံး၍ ဘယ်လိုလုပ်ရမယ်ဆိုတာကို သေသေချာချာ ရှင်းပြသည်။ မင်းညို ရှင်း၍ ပြီးသွားသောအခါ မေဒေးမှာ တအံ့တဩဖြင့် ထရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်သည့် သီဟ၊ အေးရွှေနှင့် အေးငွေမှာတော့ မအိမသာရှိ ကြီးတွေဖြင့် ငြိမ်နေကြ၏။

သီဟက…

'မင်းဟာကြီးကလည်းကွာ၊ မဟုတ်သေးပါဘူး'

'ဘာလဲ မင်းတို့က မလုပ်နိုင်ဘူးလား'

သီဟ ခေါင်းကုတ်၍ အေးရွှေနှင့် အေးငွေတို့၏ မျက်နှာကို လှမ်းကြည့်သည်။ ပြီးမှ သုံးယောက်သား စိတ်မသက်မသာလေသံများဖြင့် ပြိုင်တူပင်…

'အေးပေါ့ကွာ၊ ခုကျမှတော့ လုပ်ရတော့မှာပေါ့ ဟူး…'

ဟု ပြောလိုက်ရာ မေအေးမှာမူ အရင်ကထက်ပို၍ ခွက်ထိုးခွက်လန်ပင် ရယ်လိုက်၏။ ဤကား အော်ပရေးရှင်း (၂)၏ နိဒါန်းတည်း။

□ □ □

အချိန်ကား ည ခုနှစ်နာရီခွဲ။

မေအေး စည့်ခန်းရှေ့၌ မယောင်မလည်လုပ်ကာ အခြေအနေကို စောင့်ကြည့်နေသည်။ မိခင်ဖြစ်သူ ဒေါ်မြင့်ဆွေက လက်ထဲတွင် ပုတီးကို တချောက်ချောက်စိပ်၍ တီဗီအစီအစဉ်မှလာသော ကိုရီးယားဇာတ်လမ်းတွဲကို ရင်တမိုမိုဖြင့် ကြည့်၍ နေသည်။ ထိုသို့ ကြည့်နေခြင်းမှာ ဒေါ်မြင့်ဆွေတစ်ယောက်တည်းမဟုတ်၊ လတ်အောင်ဆိုသော ငတိကပါ စိတ်ပါဝင်စားစွာဖြင့် ထိုင်ကြည့်နေခြင်း ဖြစ်သည်။

ဖခင်ဖြစ်သူ ဦးခင်မောင်ကတော့ ၎င်းကိုးရီးယားကားတို လုံးဝ စိတ်ဝင်စားသည့်ဟန်မရှိဘဲ အားကစားဂျာနယ်တစ်စောင်ကိုသာ သဲကြီးမဲကြီး ဖတ်နေသည်။

သိပ်မကြာခင်အချိန်မှာပင် ကိုရီးယား ဇာတ်လမ်းတွဲကို ကြော်ငြာများက ဝင်ရောက် နှောင့်ယှက်သည့်အချိန်သို့ ရောက်လာသည်။ ထိုအခါ ဒေါ်မြင့်ဆွေက မျက်စိကို ခဏအနားပေးသည့်အနေဖြင့် မှိတ်ကာ ပုတီးကို ပြန်၍ စိပ်နေသည်။





၎င်းအချိန်ကို အချိန်ကောင်းဟု ယတိပြတ်ဆုံးဖြတ်လိုက်သော မေအေးက ခပ်တည်တည်ဖြင့် မိခင်၏ နံဘေးတွင် ဝင်ထိုင်လိုက်ပြီး…

'အမေ'

ဟု ခေါ်လိုက်ရာ မှိတ်ထားသည့် ဒေါ်မြင့်ဆွေ၏ မျက်လုံးများက ပွင့်သည့်ဆိုရုံလေး ပွင့်၍လာသည်။ ထိုအခါကျမှ မေအေးက ဆက်၍…

'သမီး မနက်ဖြန် ပလာဇာ သွားချင်တယ်'

ထိုသို့ ပြောလိုက်ရာ ဒေါ်မြင့်ဆွေက…

'ဘာလဲ… ဝယ်စရာရှိပြန်ပြီလား'

'ဟုတ်ကဲ့'

'ဝယ်ပဲ ဝယ်နိုင်လွန်းတယ်နော်'

'အမေကလည်း တစ်ပတ်မှာ ဒီတနင်္ဂနွေတစ်ရက်လေးပဲ အပြင်ထွက်ရတဲ့ဟာကို'

'ဟွန်း… ဒါဆိုရင်လည်း မောင်လတ်အောင်ကို ခေါ်သွား'

'အမေပါ လိုက်ခဲ့လေ'

'အို… ငါ မလိုက်နိုင်ဘူး'

မေအေး နှုတ်ခမ်းကိုစူ၍…

'အမေကလည်း သမီး သူနဲ့မှ နှစ်ယောက်တည်း မသွားချင်တဲ့ဟာ'

'ဟဲ့… ခက်တော့တာပဲ၊ မနက်ဖြန် ဥပုသ်နေ့ကြီးလေ၊ ငါက ဘယ်လိုလုပ်ပြီး နင်နဲ့ လိုက်လို့ရမှာလဲ'

ထိုသို့ ပြောလိုက်ခြင်းကြောင့် မေအေး၏ ရင်ထဲတွင် ဒိုင်းခနဲ ကျန်လှုပ်သွားသည်။ ဟုတ်သည်။ မနက်ဖြန် ဥပုသ်နေ့ဖြစ်နေတော့ အမေဖြစ်သူ ဒေါ်မြင့်ဆွေကို ဘယ်လိုမှ အပါခေါ်၍ မရနိုင်တော့။ ဒေါ်မြင့်ဆွေက ဥပုသ်နေ့တိုင်း ဥပုသ်ကို မပျက်မကွက် စောင့်ခဲ့တာက ဘယ်စုနှစ်တစ်ခုပင် မကတော့။ ဒါကို သတိလက်လွတ်ဖြစ်ပြီး မေအေး မေ့သွားခြင်းဖြစ်သည်။ ဒါဆို မိမိတို့ စီစဉ်ထားသမျှ အကုန်လုံး လွဲချော်ကုန်ပြီပေါ့။

ထို့ကြောင့် မေအေး ခြေမကိုင်မိ လက်မကိုင်မိတွေ ဖြစ်ထွန်းပြီး ဘာဆက်ပြောလို့ ပြောရမှန်း မသိတော့။

www.burmeseclassic.com



၄င်းအချိန်တွင် မေဒေးတို့ ပြောနေကြသည့် စကားဝိုင်းကို အနီးတွင် စာစောင်ဖတ်၍နေသော ဦးထွန်းဝင်းက ကြားနေရ၏။ ထို့ကြောင့် ဦးထွန်းဝင်းက မိမိ၏ သမီးဖြစ်သူ မေဒေးနှင့် ဟိုသမက်လောင်းဟု ခေါ်ရမည်ဖြစ်သော လတ်အောင်တို့အား ယခုကဲ့သို့ ဘာမှ တရားဝင် ဧတ်သက်သေးသည့် အချိန်တွင် နှစ်ယောက်တည်း အပြင်သို့ လွှတ်သင့်သလား၊ မလွှတ်သင့်ဘူးလားဆိုခြင်းကို အမှတ်မထင် စဉ်းစား၍ နေမိ၏။

အမှန်အားဖြင့်ဆိုလျှင် ဦးထွန်းဝင်းမှာ လတ်အောင်အား သဘောကျသည်လည်း မဟုတ်၊ မကျသည်လည်း မဟုတ်သော အနေအထားမှာ ရှိသည်။ ယခု လတ်အောင်နှင့် သမီးဖြစ်သူတို့ ကိစ္စအားလည်း ဦးထွန်းဝင်းက မိန်းမဖြစ်သူ ဒေါ်မြင့်ဆွေအား လွှဲအပ်ထားပြီး ဘာမှ ဝင်ရောက်စွက်ဖက်ခြင်းလည်း မရှိခဲ့။

ကိုယ်က သမီးရှင်ဖြစ်သည့်အပြင် ဖခင်လည်းဖြစ်နေခြင်းကြောင့် ဒါမျိုး ကိစ္စတွေက ဝင်ပါလို့မကောင်း၍ ဝင်မပါခြင်းသာ ဖြစ်သည်။ ပြီးတော့ လတ်အောင်၏ မိဘတွေနှင့်ကလည်း ရင်းနှီးသည်က တစ်ကြောင်းလည်း အပါအဝင်ဖြစ်သည်။

ပုံမှန်အမြင်အားဖြင့်ဆိုလျှင် ဦးထွန်းဝင်းက ခေါင်းမာ၍ ခွကျတတ်သော လူမှန်လူဖြောင့်ကြီးတစ်ဦးဖြစ်သည့်အပြင် မိမိမှန်သည်ထင်လျှင် မည်သည့်အရာမှကို ဂရုမစိုက်တတ်ဘဲ ပြုလုပ်တတ်သူတစ်ဦးသာဖြစ်၏။

ပြောရလျှင် ဒေါ်မြင့်ဆွေကိုယ်တိုင်က ဦးထွန်းဝင်းအား ကြောက်ရသည်။ ယခု မေဒေးကိစ္စတွင် ဦးထွန်းဝင်းက လက်ရှောင်ထားသဖြင့် မိမိ၏ စိတ်တိုင်းကျ ချယ်လှယ်နေခြင်းသာ ဖြစ်၏။

ဦးထွန်းဝင်းကလည်း ဖခင်တစ်ယောက်အနေဖြင့် မကောင်းတတ်၍ ဝင်ပါခြင်းမပြုသော်လည်း လက်ရှိ ဖြတ်သန်းနေသော ပုံစံများကိုတော့ သိပ်တော့ ဘဝင်မကျချင်ပေ။

ပထမ လတ်အောင်က အလုပ်ကိစ္စကို အကြောင်းပြု၍ အိမ်တွင် လာတည်းသည်။ ဒါကထားတော့။ သူ့မိဘမျက်နှာက ရှိသေးသည်။

ဒုတိယ သမီးဖြစ်သူ မေဒေးကို သူ့အမေခွင့်ပြုချက်ဖြင့် ကျောင်း





သို့ အပို့အကြိုလိုက်လုပ်သည်။ ဒီမှာတင် စိတ်ထဲမှာ အနည်းငယ် နိုးလိုးခုလု ဖြစ်လာပြီ။

ဟော… ခု တတိယ နှစ်ယောက်တည်း အပြင်ကို ပေးထွက်စေမည်တဲ့။

ဒီမိန်းမ ကိုယ့်သမီးကိုယ် ဟင်းရွက်ကန်းစွန်ရွက်များ မှတ်နေလားမသိ။ ထို့ကြောင့် ဦးထွန်းဝင်း စိတ်ထဲ၌ တစ်ထိုင်တည်း ဆုံးဖြတ်ချက်ချလိုက်မိသည်။ မဖြစ်တော့ ဒီကိစ္စကို မိန်းမဖြစ်သူနှင့် ဘယ်လိုမှ လွှဲထား၍ မဖြစ်တော့။ ကိုယ်တိုင်ကိုယ်ကျ ဝင်ပါမှကို ဖြစ်တော့မည်။

ထိုအချိန်တွင် ကြော်ငြာပြီး၍ ဇာတ်လမ်းတွဲ ပြန်လာခြင်းကြောင့် မေဒေးလည်း စိတ်မသက်မသာရှုပ်ဖြင့် ထိုင်ရာမှ ထသည်။ လတ်အောင်ကတော့ မနက်ဖြန် မေဒေးနှင့် နှစ်ယောက်တည်း အပြင်ကို ထွက်ရမည်ဆိုခြင်းကြောင့် မျက်နှာကြီး ပြုံးဖြီးဖြီးကြီး ဖြစ်နေသည်။ ထိုစဉ်…

'သမီး'

'ရှင်… အဖေ'

'မနက်ဖြန်ကျရင် ဈေးဝယ်ထွက်မလို့လား'

'ရှင်… အဖေ၊ ဟုတ်'

'အေး… ဒါဆို အဖေလည်း ဝယ်စရာလေးတွေရှိလို့ လိုက်ခဲ့မယ်'

'ရှင်'

ထိုသို့ ပြောပြီး ဦးထွန်းဝင်း ရပ်တည်ကြီးဖြင့် စာစောင်ကို ပြန်ဖတ်သည်။

ဒေါ်မြင့်ဆွေ မျက်လုံးစွေ၍ ဦးထွန်းဝင်းအား မသိမသာ လှမ်းအကဲခတ်သည်။ လတ်အောင်ကတော့ မအီမသာ မျက်ခွက်ကြီးဖြစ်၍ သွားသည်။

မေဒေးကတော့ ပျော်ရမည်လား၊ စိတ်ညစ်ရမည်လားကို ဇဝေဇဝါဖြစ်၍ အခန်းထဲသို့ ခပ်ကုတ်ကုတ် ဝင်ခဲ့သည်။

ထိုသို့ဖြင့် မနက်ဖြန်သည် အရာအားလုံးကို စောင့်စားလျက်။

❐ ❐ ❐

www.burmeseclassic.com



မင်းညို၊ သီဟ၊ အေးရွှေနှင့် အေးငွေတို့ လေးယောက်သား အပြိုင်ရဲရဲမျက်နှာတွေကိုယ်စီဖြင့် ပလာဇာ ဝင်ပေါက်ဝနားတွင် ရစ်သီ ရစ်သီ လုပ်နေကြသည်။

တစ်ယောက်မျက်နှာကို တစ်ယောက် ရဲရဲမကြည့်ရဲကြ။ အကယ်၍ ကြည့်မိလျှင် ထမင်းစား ရက်ရက်စက်စက် ပျက်သွားနိုင်ခြင်းကြောင့်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လေးယောက်စလုံးက ယခုနေ အခြောက် စစ်စစ်ကြီးကပင် 'ဟယ်တော်… အခြောက်ကြီးတွေ'ဟု မှတ်ချက်ချ လိုက်ရနိုင်သည်အထိ ပကတိ အခြောက်ရုပ်ကြီးတွေကိုယ်စီ ဖြစ်နေကြ တာကိုး။

မတော်တရော် မိန်းမအင်္ကျီ၊ ဘောင်းဘီတွေကို ဝတ်ထားကြပြီး မျက်နှာမှာ ပေါင်ဒါ၊ မိတ်ကပ်၊ သနပ်ခါးပါမကျန် ပက်ပက်စက်စက်ကြီး ကို ဆေးဆိုးယန်းရိုက်လုပ်ထားကြတော့ သူ့မျက်နှာကိုယ်မကြည့်ချင်၊ ကိုယ့် မျက်နှာလည်း ကိုယ်မကြည့်ချင်တွေ ဖြစ်နေကြရခြင်းဖြစ်သည်။

ပြီးတော့ ကိုယ်တွေက ယောက်ျားစစ်စစ်ကြီးတွေဖြစ်ပြီး ဒီလိုကြီး တွေ ပေါက်ကရ ဝတ်စားထားပြီး လူလယ်ကောင်မှာ ရောက်နေရသည်ဆို တော့ ရှက်စိတ်ကြောင့် ထူထူအမ်းအမ်းကြီးဖြစ်လို့နေရသည်။

သီဟက ရှေ့သို့ ကျဆင်းနေသော ဆံပင်တုကို လက်ဖြင့်ဖယ်၍…

'မင်းညို ခုအချိန်ထိ မေဒေးတို့ကလည်း ရောက်မလာသေးပါ လား၊ ကျွတ်'

ထိုသို့ ပြောလိုက်သောအခါ မင်းညိုက နောက်သို့ ခြေတစ်လှမ်း ကပျာကယာ ဆုတ်၍…

'အာ… မင်းမျက်နှာကြီး ရှေ့သိပ်မတိုးစမ်းပါနဲ့ကွာ၊ ငါ ရင်တုန် လွန်းလို့'

'အောင်မာ… မင်းပဲ ဒီလိုတွေ ဝတ်စားခိုင်းထားတာလေ၊ ကိုယ့် မျက်နှာလည်း ကိုယ်ပြန်ကြည့်ပြီးပြော၊ ဟွန်း'

'ဟင့်အင်း… ကြည့်ပါဘူး၊ အံမိမှာစိုးလို့'

သီဟ မျက်စောင်းလှမ်းထိုးသည်။ ထိုအခါ မင်းညိုက…

'ဟာ… ကြည့်စမ်း ကြည့်စမ်း ခုမှ တကယ့်အခြောက်နဲ့ တူ သွားပြီး'





'ဘာကွ'

အေးရွှေနှင့် အေးငွေကဝင်၍ မျက်နှာ မသာမယာနှင့်…

'မင်းညို မင်းလျှောက်နောက်မနေနဲ့၊ ငါတို့က ဒီအဝတ်အစားကြီး တွေနဲ့ ဘယ်အချိန်ထိ နေရမှာလဲ၊ ဟင်'

'အေးလေ… အခုချိန်ထိ မေဒေးကို အရိပ်အယောင်ကိုတောင် မှ မတွေ့ဘူး'

မင်းညိုက…

'မင်းတို့ကောင်တွေကလည်း စိတ်ရှည်ရှည်ထားစမ်းပါ၊ လာမှာ ပေါ့'

'လူတွေက အရမ်းဝိုင်းကြည့်နေကြတာကွ'

'အသားပဲ့မပါသွားပါဘူးကွာ'

'အသားမပဲ့ပေမယ့် သိက္ခာပဲ့တယ်ကွ'

အေးရွှေ ထိုသို့ပြောလိုက်ခြင်းကလည်း မမှားပေ။ မင်းညိုတို့ အုပ်စုကို ပလာဇာသို့ လာသမျှလူအပေါင်းက ပြုံးတုံးပြုံးတဲ ဝိုင်းကြည့် ကြသည်။ ပြီးတော့ ကြည့်ကြရုံတင်မဟုတ် တိုးတိုးတစ်မျိုး ကျယ်ကျယ် တစ်ဖုံ အတင်းပါ အုပ်သည်။ ဒါတင်မက တချို့တေိများကဆိုလျှင် လှောင်ပြောင်ကြသေးသည်။

ကိုယ်တွေက ကိုယ့်အကြောင်းနှင့်ကိုယ် ဒီလိုကြီးတွေ ဝတ်ထား အားထားတော့လည်း သည်းညည်းခံနေရသည်က ရင်နှင့်မဆံ့။

ထို့ကြောင့် အကုန်လုံး စိတ်တို ကျဉ်းကျပ်အနေခက်နေရခြင်းပင် ဖြစ်သည်။

မင်းညိုက သက်ပြင်းချ၍…

'ဒီမှာ ဟေ့ကောင်တွေ… ငါတို့က အခြောက်တွေလို ဝတ်စား ထားပေမယ့် ယောက်ျားစစ်စစ်တွေကွ၊ ယောက်ျားဆိုတာမျိုးက အလုပ်တစ်ခု ကို စပြီးရင် ဆုံးအောင် လုပ်ရမှာပဲ၊ ဒီလိုလုပ်တဲ့နေရာမှာ အခက်အခဲတွေ စိတ်ညစ်စရာတွေ စိတ်ပျက်စရာတွေ ရှိမှာပဲ၊ အေး… ဒါကိုမှ မလုပ်ချင်ဘူး ဆိုရင်တော့ အစီအစဉ်ကို ဖျက်ပြီး အိမ်ကိုပဲ ပြန်ကြပေတော့'

မင်းညိုထိုသို့ ရုပ်တည်ကြီးဖြင့် ပြောလိုက်သောအခါ အကုန်လုံး မျက်နှာလေးတွေ ငယ်သွားကြသည်။ သီဟက…



www.burmeseclassic.com

www.burmeseclassic.com



'မင်းကလည်းကွာ ဒီလိုကြီးတော့ မပြောပါနဲ့၊ ဒီကိစ္စက ငါ့ကိစ္စပါ၊ ဘာလိုလို အခက်အခဲနဲ့ပဲတွေ့တွေ့ ငါလုပ်မှာပါ'

သီဟ ထိုသို့ ပြောလိုက်ပြီးနောက် အေးရွှေတို့ဘက်သို့ လှည့်၍ တစ်ဆက်တည်း...

'အေးရွှေနဲ့ အေးငွေ မင်းတို့လည်း ငါ့ကိစ္စကြောင့် ဒီလိုကြီးတွေ ဝတ်စားထားနေရတော့ စိတ်ညစ်နေမှာပေါ့၊ ဆောရီးပဲကွာ၊ မင်းတို့ ပြန်ချင်တယ်ဆိုရင်လည်း ပြန်ကြပါ'

ဟု ပြောလိုက်ရာ အေးရွှေနှင့် အေးငွေ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး...

'အာ... ဒီကောင် ငါတို့က ဆက်မလုပ်တော့ပါဘူးလို့ ပြောနေလို့လား'

'အေးလေ... လုပ်မှာ လုပ်အုံးမှာ'

'တကယ်'

'တကယ်ပေါ့ကွ ဟဲ ဟဲ'

ထိုသို့ ပြောလိုက်ကြပြီးနောက် လေးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ နားလည်မှု၊ တက်ကြွမှု၊ ပျော်ရွှင်မှုတွေ ထွန်းကားသွားပြီး ရယ်လိုက်ကြသည်။

'ဟား... ဟား... ဟား... ဟား'

လူတွေကတော့ ဒီအခြောက်တွေ ဘာတွေကို သဘောကျပြီး ဒီလောက်ထိ ရယ်နေကြသနည်းဟုဆိုပြီး ဝိုင်းဝန်းကြည့်ရှု စပ်စုသွားကြသည်။ ကြည့်ပါစေ ၄င်းအထင်အမြင်သေးတဲ့ အကြည့်တွေကို မင်းညိုတို့ ဥပေက္ခာပြုလို့ ရသွားပြီလေ။

ထိုစဉ် မင်းညိုက...

'ဟာ... ဟောကောင်တွေ ဟိုမှာ လာနေကြပြီ'

ရယ်သံများ တိခနဲတိတ်၍ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး မင်းညိုညွှန်ပြရာသို့ ကြည့်လိုက်ကြသည်။

ဟုတ်ပါသည်။ ကားပါကင်ကို ထိုးသည့်နေရာတွင် လတ်အောင်၏ ကားအကောင်းစားကြီးက ခန့်ခန့်ညားညားကြီး ရပ်လို့လာပါပြီ။

ကားပေါ်မှ လတ်အောင် ဦးစွာဆင်းလာ၍ နောက်ခန်းတံခါးကို





ဖြေးဖွင့်သည်။ ၄င်းနောက်ခန်းတံခါးမှ ပထမ မေအေးဆင်းလာသည်။ ခဲ... ဒုတိယ ကားနောက်ခန်းမှ ဆင်းလာသော ပုဂ္ဂိုလ်ကြီးကို ကြည့်၍ အရင်ဦးစွာ သီဟ မျက်လုံးပြူးသွားပြီး ထအော်တော့သည်။

'ဟာ... အဲဒါ မေအေး အဖေကွ'

'ဟေ... ဟုတ်လား'

အကုန်လုံး အံ့သြသင့်သွားကြသည်။ ကိုယ်တွေရဲ့ အစီအစဉ်ထဲမှာ ပါဝင်တာက မေအေး အမေလေ။ မေအေး အဖေမှ မဟုတ်တာ၊ အခု ဘယ်လိုဖြစ်ပြီး လူချင်းချိန်းကာ ပါလာရသည်လဲ မသိ။ သီဟက မင်းညိုအား...

'မင်းညို... သူ့အဖေကြီး ပါလာတယ်ဆိုတော့ ငါတို့ အစီအစဉ် ဆက်လုပ်လို့ ဖြစ်ပါ့မလား'

မင်းညို တစ်ချက်မျှ စဉ်းစားဟန်ပြုပြီး...

'ဘာလို့ မဖြစ်ရမှာလဲ၊ ဆက်လုပ်မယ်'

'အာ... ငါကြားဖူးတာက သူ့အဖေကြီးက ခွတီးခွကျနဲ့ လူဖြောင့် စိတ်တိုကြီးတဲ့'

'ဟာ... ဒါဆိုရင် ပိုတောင်မှ ကောင်းသေးတာပေါ့ကွ'

'ဟုတ်လို့လားကွ'

'ဟုတ်ပါတယ်ကွ၊ ဒီလို ကိစ္စမျိုးက မိန်းမထက် ယောကျ်ားတွေဆို ပိုပြီး အယုံသွင်းလို့ ကောင်းတာကွ၊ သူ့အဖေကြီးက ယောကျ်ားဝါဒီကြီးဆိုတော့ ပိုပြီးတော့တောင်မှ အဆင်ပြေသေးတယ်'

'ဒီလိုလား'

ထိုသို့ ပြောလိုက်ခြင်းကြောင့် အကုန်လုံး အားတက်သွားကြပြီး မေအေးတို့နောက်သို့ တက်ကြွစွာ ပုန်းလျှိုးကွယ်လျှိုးဖြင့် လိုက်ကြလေသည်။

ထိုအချိန်တွင် မေအေးမှာလည်း လမ်းလျှောက်ရင်း ရင်တို့ တဒိုင်းဒိုင်းခုန်နေသည်။ အဘယ်ကြောင့်ဆိုသော် မေအေးမှာ မိခင်ထက်စာလျှင် သမီးများဖြစ်ရိုးဖြစ်စဉ်အတိုင်း ဖခင်ကို ပိုမို ကြောက်ရွံ့ရှိသေသည်။ ထို့အပြင် ဦးထွန်းဝင်းက သားသမီးရှေ့တွင် တည်တည်တံ့တံ့နေသော ဖခင်တစ်ယောက်ဖြစ်ခြင်းကြောင့်လည်း ပို၍ဆိုးသည်။ ထို့ကြောင့် မေအေး၏ မျက်နှာမှာ ဆီးရွက်လောက်သာ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လတ်အောင်မှာလည်း ထိုနည်းတူဖြစ်၏။ ယောက္ခမလောင်းဖြစ်သူ ဒေါ်မြင့်ဆွေနှင့် ရောရောနှောနှော ပေါင်းသင်း၍ရသော်လည်း ယောက္ခထီး လောင်းကြီးဖြစ်သော ဦးထွန်းဝင်းနှင့်တော့ ယနေ့အချိန်ထိ စကားပင်ဟဟမပြောဖူးချေ။ ထို့ကြောင့် အလိုအလျောက်ပင် ကြောက်လန့်နေသည်။

ဦးထွန်းဝင်းကတော့ ဘာကိုမှ အမှုမထားလေဟန် ပင်ကိုရုပ်တည်ကြီးဖြင့်သာ ဟိုဟိုဒီဒီ လျှောက်ကြည့်နေသည်။

ထိုသို့ အခြေအနေများဖြင့် နာရီဝက်ခန့် ကြာလာသောအခါ…

❒ ❒ ❒



## အခန်း(၉)

မင်းညိုတို့ အခြောက်အုပ်စု မေအေးတို့ နောက်မှ ပုန်းလျှိုးကွယ်လျှိုးဖြင့် တကောက်ကောက် လိုက်ပါနေသည်။ ပတ်ဝန်းကျင်မှ တီးတိုးဆဲဖန့်မှုကိုလည်း အမှုမထားကြတော့။ ကိုယ်တွေ အခြေအနေက မိုးထဲရေထဲသို့ ရောက်နေပြီလေ။ ထို့ကြောင့် ဘာကိုမှ အမှုမထားနိုင်တော့။

မင်းညိုက အခြေအနေကို တစ်ချက်လေ့လာကြည့်ပြီးနောက် ဆတ်ပြတ် ဆုံးဖြတ်လိုက်လေသံဖြင့်…

'ငါတို့ သွားကြမယ်'

သီဟတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အဓိပ္ပာယ်ပါပါဖြင့် ပြိုင်တူ ခေါင်းညိတ်လိုက်ကြသည်။ မင်းညိုက ထပ်၍…

'ခြေလှမ်းမမှားစေနဲ့ စကားလည်း မမှားစေနဲ့၊ ကဲ… ညီစေနော်'

'အေး… ညီစေ'

ထိုသို့ ပြောပြီး အားလုံး လိမ်ကျစ် လိမ်ကျစ် ခြေလှမ်းများဖြင့် မေအေးတို့ ရှိရာသို့ လျှောက်လာခဲ့ကြသည်။ အနားသို့ ရောက်သောအခါ မျက်နှာထား အမူအရာများကို အစွမ်းကုန် ဆတ်ဆလူးခါစေပြီး ပျစ်ချွဲချွဲလေသံများဖြင့် မင်းညိုက စတင်၍…

'ဟယ်… လတ်… ကြည့်စမ်း ရန်ကုန်ရောက်နေတာလား'

ဟု ပြောလိုက်ရာ လတ်အောင် တွန့်ခနဲဖြစ်သွားပြီး ဘယ်သူ့ကို ပြောတာလဲဟူသော သဘောဖြင့် အနောက်သို့ ကပျာကယာဖြင့် လှည့်ကြည့်သည်။ ထိုအခါ သီဟက လတ်အောင်၏ တင်ပါးကို ဖျန်းခနဲ ပိတ်ရိုက်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး… ကောင်မကလည်း ဘာတွေ လှည့်ကြည့်နေတာလဲ၊ ညည်းကို ပြောနေတာအေ့… ဟွန်း'

ထိုသို့ တိတိကျကျကြီး ပြောလိုက်မှ လတ်အောင်လည်း မျက်လုံးပြူးသွားပြီး အလန့်အတကြားလေသံဖြင့်…

'ဘာ…ဘာ… ဘာလဲ ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာတွေလာပြောနေတာလဲ'

ဟု ပြောလိုက်ရာ အေးရွှေက မခံမရပ်နိုင်ဖြစ်သွားဟန်ဖြင့် ဆွေ့ဆွေ့ခုန်ပြီး…

'အမယ်လေး… လေး ပြောရက်လိုက်တာ၊ ပြောရက်လိုက်တာ ရွှေရွှေတို့ကိုများ ဘယ်သူတွေလဲတဲ့၊ မန္တလေးမှာတုန်းကတော့ ရွှေရွှေတို့နဲ့ တစ်သက်လုံး မခွဲမခွာပဲ အပျိုကြီးပဲ လုပ်တော့မယ်ဆို'

ဟု ပြောလိုက်ပြီးနောက် အေးငွေကပါ ဝင်၍…

'အင်းလေ… ငွေငွေနဲ့ပေါင်းပြီးတော့ အဆင်လေးတွေကို လိုက်ပြီး ရှိုးတော့မယ်ဆို လတ်ရဲ့ ဟင်း… ဟင်း'

ထိုအခါ လတ်အောင်က…

'အာ… ဘာတွေလဲဗျာ၊ ဘာတွေ လာပြောနေကြတာလဲ၊ ကျွန်တော်က ယောကျ်ားစစ်စစ်ဗျ၊ ဘာလို့ အပျိုကြီးလုပ်ရမှာလဲ၊ ပြီးတော့ အဆင်လေးတဲ့ ဘာတွေလဲဗျာ'

မင်းညိုက အံ့သြသင့်သွားဟန်ဖြင့် ရင်ဘတ်ကို လက်ဖြင့်ဖိ၍—

'ဘာဖြစ်တယ်၊ လတ်က ယောကျ်ားစစ်စစ်ကြီး ဟုတ်လား'

'မဟုတ်ဘဲ နေမလားဗျ'

'ဘုရား… ဘုရား အရင်တုန်းက ညိုတို့ကို ပြောတုန်းက အခြောက်စစ်စစ်ပဲ လုပ်တော့မယ်ဆို၊ ခု ဒါက ဘယ်လို ဖြစ်သွားရတာလဲ ဟွန်း'

သီဟကပါ ဝင်၍ တစ်ဆက်တည်း…

'အိုအေ လတ်က ဒီလို ဘောင်းဘီကြီးတွေ အင်္ကျီကြီးတွေ ယောကျ်ားဆန်ဆန် ဝတ်ထားတော့ ဒီစကားမျိုးကို နောက်ပြီး ပြောနေမှာပါ၊ တို့လို စကတ်လေးတွေနဲ့ ပြန်ရှိုင်းလိုက်ရင် ဖလန်းဖလန်းဖြစ်သွားပြီး အရင်တုန်းကလိုပဲပြန်ဖြစ်သွားမှာပါ၊ ဟုတ်တယ်နော် လတ်၊ ဟဲ—





ဟဲ… သွား… ဟိုမှာ ဆိုင်ရှိတယ်၊ အဝတ်အစား သွားလဲလိုက်ပါအေး လတ်'

ထိုသို့ ပြောလိုက်ခြင်းကြောင့် လတ်အောင်၏ တင်ပါးမှာ ရှုံ့ခနဲ ဖြစ်သွားပြီး မျက်လုံးများ အပြင်ဘက်သို့ ငေါ်ထွက်လာကာ ခေါင်းအခါခါဖြင့်…

'ဘာ… ဘာလို့လဲရမှာလဲ လဲပါဘူး'

'လဲပါဆို'

'အာ… မလဲပါဘူး၊ ဟင့်အင်း'

'လဲဆို… လတ် နော်'

'လဲပါဘူးဆို ဟင့်'

ဤသို့ဖြင့် လတ်အောင်တစ်ယောက် ဒုက္ခတွေ များကုန်ပါတော့သည်။

သီဟက လတ်အောင်၏ ခါးပတ်ကို အမိအရ ဆုပ်ကိုင်ပြီး အတင်း စကတ်လဲခိုင်းလိုက်၊ လတ်အောင်က အသည်းအသန် ငြင်းလိုက်ဖြင့် သံသရာကို လည်နေသည်။

အခြေအနေတွေမှာ ရုတ်တရက်ကြီးဆိုသလို အိုးနင်းခွက်နင်းကြီးတွေ ဖြစ်နေခြင်းကြောင့် ဦးထွန်းဝင်းမှာ ဘာဝင်ပြော၍ ပြောရမှန်းမသိဘဲ ကြောင်စီစီဖြစ်ကာ ရပ်ကြည့်နေ၏။ ပြီးတော့ ကိုယ့်သမက်လောင်းဆိုသည့် ကောင်က ဘာကောင်လဲဟု စဉ်းစားမိသွား၏။ မေဒေးမှာ ပါးစပ်လေး ဖွင့်ကာ ရယ်ချင်နေသည့်စိတ်ကို မနည်းပင် ထိန်းထားနေရ၏။

ကာယကံရှင်ဖြစ်သော လတ်အောင်မှာတော့ မျက်လုံးပြူးမျက်ဆံပြူးဖြစ်ကာ အသည်းအသန်ကို ရှာလည်နေသည်။ သူ့ခမျာ ယောက္ခထီးလောင်းကြီးရှေ့မှာမို့ ပို၍ လန့်ဖြန့်ပြီး ယောကျ်ားစစ်စစ်ဖြစ်ပါကြောင်းကို ပြောလေလေ၊ မင်းညိုတို့ အုပ်စုက ဝိုင်းကျပ်လေလေဖြစ်နေခြင်းကြောင့် မျက်နှာမှာ ပြိုတော့မည့် မိုးနှယ် ဖြစ်၍နေသည်။

'ခင်… ခင်ဗျားတို့ လူမှားနေပြီဗျ'

အေးရွှေက…

'မှားစရာလား လတ်ရယ်၊ လတ်ရဲ့ ယောကျ်ားဘဝတုန်းက နာမည်က လတ်အောင်၊ မန္တလေးမှာ ရွှေဆိုင်ပိုင်တယ်၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အသုံးကြီး ကိုတွေနဲ့ တွေ့မှ သတ္တိရှိလာပြီး ပွင့်သွားတာ၊ ကဲ... ဘာပြော ဦးအလဲ၊ ဟွန့်'

ထိုသို့ အတိအကျပြောလိုက်သဖြင့် လတ်အောင်မှာ နစေတိမ်တောင်ဖြစ်သွားပြီး ခဏမျှ ငြိမ်သက်သွား၏။ ကိုယ့်ကိုယ်ကိုယ် ငါများ တကယ့်အခြောက်ကြီး ဖြစ်ခဲ့သလားဟုလည်း စဉ်းစားနေသည့်ဟန်ရှိသည်။ နောက်မှ ကိုယ့်ဘာသာကိုယ် မဟုတ်မှန်း အမှန်အတိုင်း သွားစဉ်းစားမိသောအခါ ဦးထွန်းဝင်းနှင့် မေဒေးတို့ထံ စစ်ကူတောင်းရန် လှည့်ကြည့်လိုက်စဉ်တွင်...

ဦးထွန်းဝင်းက ရုပ်တည်ကြီးဖြင့် မင်းရှင်းလေရှင်းဆိုသည့် သဘောမျိုးဖြင့် လှမ်းကြည့်ရာ လတ်အောင်လည်း မိမိအား ယောက္ခထီးကြီးက အထင်အမြင်လွဲသွားကြောင်းကို သိလိုက်ရသဖြင့် လန့်ဖြန့်သွားပြီး ကမျာကယာဖြင့်...

'မဟုတ်ဘူး... ဦးလေး၊ သူတို့ပြောတာတွေက တစ်ခုမှ မဟုတ်ဘူး'

ထိုအခါ ဦးထွန်းဝင်း လက်ကာ၍...

'မင်း အခု ရှင်းရမှာက ဦးကို မဟုတ်ဘူး၊ သူတို့ကို ရှင်းရမှာ'

'ခင်ဗျာ... ဟုတ်ကဲ့'

ထို့ကြောင့် လတ်အောင် မျက်နှာငယ်လေးဖြင့် မင်းညိုတို့ဘက်သို့ ပြန်လှည့်လာသည်။ ထိုအခါ အေးငွေက...

'ဘယ်လိုလဲ လတ် ခုတော့ ဒို့ပြောတာကို လက်ခံပြီဟုတ်'

'ဟုတ်... အာ... မဟုတ်ပါဘူး၊ ဘာလို့ လက်ခံရမှာလဲ၊ ကျုပ်က ယောကျ်ားစစ်စစ်ဗျ၊ ခင်ဗျားတို့ပြောနေတာတွေ တစ်ခုမှ မဟုတ်ဘူး'

'ဟယ်... ငြင်းတုန်းတော့'

'ငြင်းရမှာပဲ... ဟွန်း'

'လတ်ရယ် အဲလိုကြီးတော့ မစိမ်းကားစမ်းပါနဲ့၊ ကိုယ့်ချင်းကိုယ့်ချင်းတွေဟာကို'

လတ်အောင်မှာ နည်းနည်းတော့ တင်းလာသည့်ဟန်ရှိသည်။ တင်းပေမှာပေါ့။ နေရင်းထိုင်ရင်း ယောကျ်ားစစ်စစ်ကြီးကနေ အခြောက်လို့လဲ





ခွပ်ခွဲခံရသေး။ ပြီးတော့ ကိုယ့် ဇနီးလောင်းနဲ့ ယောက္ခထီးလောင်းတို့ရှေ့မှာ ဖြစ်နေပြန်တော့ ရှက်လည်း ရှင်သည်ပေါ့။ ထို့ကြောင့် မျက်နှာကြီး နီရဲလာပြီး လေသံပါ ပြန်မာလာကာ...

'ခင်... ခင်ဗျားတို့နော်၊ လွန်လာပြီ၊ ကျုပ် ခင်ဗျားတို့ကို သိလည်း သေိဘူး၊ မြင်လည်း မမြင်ဖူးဘူး၊ ဒါပဲ'

ထိုသို့ တင်းတင်းမာမာပြောလိုက်ခြင်းကြောင့် မင်းညိုတို့ အုပ်စုမှာ စိတ်မကောင်းဖြစ်သွားဟန်ဖြင့် ရင်ဘတ်ဖိသူဖိ၊ ဘုရားတသူတတွေ ဖြစ်ကုန်ကာ ရက်စက်လိုက်တာ လတ်ရယ်၊ ပြောရက်လိုက်တာ လတ်ရယ် ဘာညာတွေ တစ်ယောက်တစ်ပေါက် ပြောကြသည်။ သရုပ်ဆောင်ပုံမှာ ပြင်လွန်းခြင်းကြောင့် လတ်အောင်မှာ စိတ်မကောင်းဖြစ်မိသွားချင် သလိုလိုပင်ဖြစ်သွားကာ နစေတိမ်တောင်ဖြင့် ငါများ မှားနေပြီလားဟု ပြန်လည် စဉ်းစားမိသည့်အထိပင် ဖြစ်သွားလေတော့သည်။

မင်းညိုက...

'လတ်ပဲ အရင်တုန်းက တို့အဖွဲ့နဲ့ တစ်သက်မခွဲပဲ ရာသက်ပန် ခြောက်ပစ်လိုက်တော့မယ်ဆို ဟင်'

သီဟက...

'လတ်ပဲ အပုန်းဘဝကို စိတ်ကုန်ပြီး တစ်သက်လုံး အပွင့်ပဲ ပြောင်ပြောင်တင်းတင်း လုပ်တော့မယ်ဆို ဟင့်'

အေးရွှေက...

'လတ်ပဲ ဖြစ်လေရာ ဘဝမှာ မိန်းမဖြစ်ရပါစေလို့၏လို့ ဘုရားမှာ ဆုတောင်းတော့မယ်ဆို၊ ဟင့်'

အေးငွေက...

'လတ်ပဲ ဒီရန်ကုန်မှာ ရွှေဆိုင်ဆိုင်ခွဲဖွင့်လို့ အဆင်ပြေရင် နိုင်ငံခြားကို သွားပြီး ဖြတ်ဖောက်ချုပ် လုပ်တော့မယ်ဆို၊ ဟင့်'

ဤသို့ စက်သေနတ်ပစ်သလိုဝိုင်းပြောကြခြင်းကြောင့် လတ်အောင်မှာ အူတူတူတွေဖြစ်ကုန်ကာ မတွန့်သင့်သည့်နေရာတွင် တွန့်တက်ကုန်တော့သည်။

ပြီးနောက် ငိုသံပါကြီးဖြင့်...

'ဟာဗျာ... ခင်ဗျားတို့ ဘာတွေ ပြောနေကြတာလဲဗျ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အခြောက်မဟုတ်ဘူးဗျ၊ ယောကျ်ားစစ်စစ်ကြီးဗျ အီး...၊ ယောကျ်ားစစ်လွန်းလို့ မိန်းမယူဖို့တောင် ကြံနေတာ'

ထိုသို့ ကအီးအီးလုပ်နေခြင်းကြောင့် ဦးထွန်းဝင်းလည်း မနေသာတော့ဘဲ...

'ကဲ... ကဲ... တော်ကြစမ်းကွာ'

ဟု ဩဇာသံပါပါဖြင့် ပြောလိုက်ရာ အားလုံး ငြိမ်သွားကြ၏။ ထိုအခါမှ ဦးထွန်းဝင်းက ဆက်၍ လတ်အောင်အား...

'မောင်လတ်အောင် ဦးတို့လည်း သွားစရာရှိသေးတယ်ကွာ၊ ဒီတော့ မင်းသူငယ်ချင်းတွေနဲ့ နေချင်ရင် နေခဲ့ပေတော့'

'အာ... မနေ... နေပါဘူး ဦးရယ်၊ သူတို့နဲ့ ကျွန်တော်နဲ့က ဘာမှ မပတ်သက်တဲ့ဟာကို'

ဟု ပြောလိုက်ရာ သီဟက...

'ဟယ်... ပြောပြန်ပြီ ကြည့်စမ်း'

'ဟုတ်ပ... လေစိမ်းတွေ တိုက်လိုက်တာ လတ်ရယ်၊ အဟင့်'

'ကျွတ်... မင်း... မင်းတို့နော် အရမ်း အရမ်းကို လွန်းနေပြီ ငါ မသိပါဘူးဆိုနေမှ... ဟင့်'

ဦးထွန်းဝင်းက စိတ်မရှည်သော လေသံဖြင့်...

'ကဲ... မောင်လတ်အောင် ဦးတို့ သွားတော့မယ်'

'အာ... ဟာ ကျွန်တော်လည်း လိုက်မှာပေါ့ ဦးရဲ့'

ဟု ဆိုကာ လတ်အောင် ဦးထွန်းဝင်းနှင့် မေဒေးကျော်တို့နောက်မှ ကပျာကယာဖြင့် လိုက်ပါသွားသည်။

ထိုအခါ မင်းညိုတို့အုပ်စုက 'နေပါဦးလား လတ်ရယ်'ဘာညာတွေ လုပ်၍ ကျန်ရစ်ခဲ့တော့သည်။ မေဒေးတို့ မျက်စိအောက်မှ ပျောက်ကွယ်သွားမှ သီဟက...

'မင်းညို... ခု ငါတို့ ပစ်လိုက်တဲ့မြားက ထိမယ်လို့ မင်းထင်လား'

ဟု မေးလိုက်ရာ မင်းညိုက ခပ်သဲ့သဲ့ပြုံး၍...

'သေချာပေါက်ကို ထိရမှာပေါ့ကွာ၊ ဟင်း... ဟင်း'

'ဒါဆို'





ဟု ပြောရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ [illegible] လိုက်လှဲလှဲပြုံးကာ လက်ဝါးချင်း ရိုက်၍...

'ကဲ... အောင်ပွဲခံဖို့ ဘီယာဆိုင်ကို ချီတက်ကြစို့'

ဟု ပြောလိုက်သည်။ ထို့နောက်တော့ မင်းညိုတို့ အပြောင်အုပ်စု တစ်ယောက်ပခုံးတစ်ယောက်ဖက်၍ ဘီယာဆိုင်ရှိရာသို့ ပျော်ပျော်ကြီး ချီတက်သွားကြပါလေတော့သည်။

ဤသို့ဖြင့် အချိန်၏ စာမျက်နှာတွေသည် တဖျတ်ဖျတ်ဖြင့် လှန်လှောသွားသည်။

အဖြူ၏ တစ်ဖက်၌ အမည်း၊ အကောင်း၏ တစ်ဖက်၌ အဆိုး၊ ပျော်ရွှင်ခြင်း၏ တစ်ဖက်၌ ဝမ်းနည်းခြင်းရှိသည်ဆိုတာကို မင်းညိုတို့ မေ့နေခဲ့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

သင်သည် မိန်းမပျိုလေးတစ်ဦး၏ ဖခင်ဖြစ်သူအား 'ခင်ဗျား သမီးကို ဘယ်လို ယောကျ်ားမျိုးနဲ့ သဘောတူမှာလဲ'ဟု သွားရောက်မေးမြန်းပါက ၄င်းဖခင်က 'ငါ့သမီးကို ဘယ်လိုကောင်မျိုးနဲ့မှ သဘောမတူနိုင်ဘူးကွာ' ဟု ပြန်၍ ဖြေသံကို မြေကြီးလက်ခတ်မလွဲ ကြားရလိမ့်မည် ဖြစ်သည်။

အဘယ်ကြောင့်နည်း။

အဖြေက ဖခင်ဆိုသော ပုဂ္ဂိုလ်သည် ယောကျ်ားကြီးတစ်ဦးသာ ဖြစ်၍နေခြင်းကြောင့် ဖြစ်သည်။

ယောကျ်ားဆိုတော့လည်း ယောကျ်ားအကြောင်းကို အပြည့်အဝ သိသည်။ ယောကျ်ားဆိုသည့် သတ္တဝါအမျိုးအစားက လစ်ရင် လစ်သလို မဟုတ်တာ တစ်ခုခုကို လုပ်နေ၊ ကြံစည်နေတတ်တဲ့ အမျိုးဆိုတော့ ကိုယ်ကိုယ်တိုင်သိနေ ကြုံနေရတော့ ကိုယ့်သမီး နုနုထွတ်ထွတ်လေးနဲ့ ဘယ်လိုလုပ်ပြီး သဘောတူချင်ပါ့မလဲ၊ အဲ... စင်းလုံးချောလို့ ပြောလို့ရတဲ့ မသောက်မစား မပွေမရှုပ်တဲ့ ယောကျ်ားမျိုးကို တွေ့ပြန်တော့လည်း ကိုယ့်ယက်သာ မနာလိုဖြစ်ပြီး အပြစ်တစ်ခုမဟုတ် တစ်ခုကို ရှာချင်နေပြန်ရော။ အပြစ်တွေ့ပြီဆိုရင်တော့ ဘာပြောကောင်းမလဲ အဲဒီအပြစ်ကို နင်းပြီး ရမယ်ကို ရှာတော့တာပါပဲ။

ဒါက ယောကျ်ားတစ်ယောက်ရဲ့ စိတ်လို့ ပြောလို့ရသလို သမီးမိန်းကလေးမွေးထားတဲ့ ဖခင်တိုင်းရဲ့ စိတ်ဓာတ်အမှန်လို့လည်း ပြောလို့ရသည်။

အခုလည်း ဦးထွန်းဝင်း ဒီလို ဖြစ်နေသည်။





အစကတည်းက သမီးဖြစ်သူ မေအေးရဲ့ကိစ္စကို ထောက်ထားစရာ ချက်နှာတွေက ရှိလို့သာ သည်းညည်းခံပြီး ခေါင်းမညိတ်၊ ခေါင်းမခါပါဘဲ နဲ့ မျက်နှာလွှဲနေခဲ့ရတာ၊ အခု အခြေအနေက တစ်မျိုးတစ်ဘာသာ ဖြစ်လာ သည်ဆိုတော့ ပြန်၍စဉ်းစားနေရပြီ။

ယောကျ်ားတစ်ယောက်အနေနဲ့ တစ်ခါတစ်ရံ အကြောင်းကြောင်း ကြောင့် အရက်သောက်၊ ဘာသောက်ကိစ္စမျိုးကို ခွင့်လွှတ်နားလည်ပေး လို့ရသေးသည်။ ကိုယ်ကိုယ်တိုင်ကလည်း သိပ်အကောင်းကြီးမှ မဟုတ်တာ ကိုး။ ဒါပေမဲ့ ဒီနေ့ ကြုံတွေ့ခဲ့ရတဲ့ ကိစ္စမျိုးကိုတော့ တကယ်တမ်းသာ ဖြန့်ခဲ့ရင် ခွင့်လွှတ်ဖို့ဆိုတာ စိတ်ကူးတောင် မယဉ်သင့်တဲ့ အရာမျိုးပါ။ စဉ်းစားကြည့်လေ ဘယ်သူက ကိုယ့်သမီးကို ဗုံမဟုတ် ပတ်မဟုတ်တဲ့ ကောင်စားမျိုးနဲ့ နီးစပ်စေချင်မှာတဲ့လဲ။

ဒါပေမဲ့ အခု ကိစ္စက သေတော့ မသေချာသေး။ ပြီးတော့ အရမ်းကြီးလည်း စွပ်စွဲလို့ ကောင်းတဲ့ အနေအထားမျိုးလည်း မဟုတ်တော့ အေးတော့ မေးစမ်းကြည့်ရဦးမည်။ ပြီးတော့ လတ်အောင်ဆိုသည့်ကောင်က အစ်မတွေကြားထဲမှာ ပိုင်းကောင်းကျောက်ဖိ နေလာခဲ့ခြင်းကြောင့် နည်းနည်း ချွဲချင်သလိုတာကိုလည်း သိထားသည်။

ထိုသို့ စဉ်းစားပြီး ဦးထွန်းဝင်းရှေ့မှ ဝီစကီတစ်ခွက်ကို ငွပ်ခနဲ သောက်ချလိုက်ပြီး အိမ်အတွင်းဘက်သို့ လှည့်ကာ...

'သမီး... မောင်လတ်အောင်ကို ခေါ်လိုက်စမ်းကွာ၊ အဖေ စကား ပြောစရာရှိလို့'

'ဟုတ် အဖေ'

မေအေးကလည်း ဒါမျိုးကတော့ လျင်သည်။ အိမ်အတွင်းပိုင်းသို့ သွက်ခနဲ ပြေးဝင်သွားပြီး လတ်အောင်အား သွားရောက် ခေါ်ငင်လိုက်၏။

သိပ်မကြာခင် အချိန်ပိုင်းကလေးမှာပင် လတ်အောင် ရောက်လာ၏။

'ဦး... ကျွန်တော့်ကို ခေါ်တယ်ဆို'

'အေးကွာ... ထိုင်'

ဦးထွန်းဝင်း၏ ရှေ့ခုံမှာပင် လတ်အောင် ခပ်ယို့ယို့လေး ဝင်ထိုင် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းဝင်းက ဖန်ခွက်လွတ်တစ်လုံးကို ရှေ့သို့ လှမ်းထိုး၍…

'သောက်ကွာ… ဘာမှ အားနာမနေနဲ့'

ဟု ဆိုလိုက်ရာ လတ်အောင်က ခန္ဓာကိုယ်ကို ကျုံ့၍ ခေါင်းခါကာ…

'ဟိုလေ… ကျွန်တော် သောက်လို့ မရဘူး ဦး'

ထိုသို့ ပြောလိုက်ခြင်းကြောင့် ဦးထွန်းဝင်း မျက်မှောင် ကျုံ့သွားပြီး…

'ဟ… ဘာလို့ သောက်လို့ မရမှာလဲကွ၊ အရက်သောက်တာများ ခွက်ကလေးကို လက်နဲ့ကိုင်ပြီး ပါးစပ်ထဲကို ငွပ်ခနဲ လောင်းထည့်လိုက် ဒါပဲ ပြီးပြီ'

'အဲ… အဲဒါတော့ ကျွန်တော်လည်း သိပါတယ်၊ ဒါပေမဲ့ ဟိုလေ ကျွန်တော်က အရက်ကို အနံ့တောင်မှ မခံနိုင်လို့ပါ'

'ဟော… ဟုတ်လား၊ နေပါဦး… မင်းက အရက်နံ့ကို ခံမိရင် ဘာဖြစ်သွားမှာမို့လို့လဲ'

'အဲ… အန်တတ်လို့ပါ'

'အနံ့ခံမိရုံနဲ့ အန်တယ် ဟုတ်လား'

'ဟုတ်ကဲ့'

ဦးထွန်းဝင်း မျက်ခုံးကို ပင့်၍…

'မောင်လတ်အောင် မင်း ယောကျ်ားစစ်စစ်တော့ ဟုတ်ပါတယ်နော်'

'ဟုတ်… ဟုတ်ပါတယ် ဦးရဲ့'

'အဟေး… ဟေး… ဆန်းတော့ အဆန်းသားကွ၊ ယောကျ်ားဖြစ်ပြီးတော့ အရက်ကို အနံ့ခံရုံနဲ့ အံတတ်တယ်ဆိုတော့ အံ့ရောပဲကွာ'

လတ်အောင် မချိပြုံးပြုံးလိုက်သည်။

ဦးထွန်းဝင်းက ဘာမှ ဆက်၍ မပြောသေးဘဲ အရက်တစ်ခွက်ကို စိမ်ပြေနပြေ ဆွဲသောက်၍ လတ်အောင်အား ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်၏။

လတ်အောင်ကတော့ ယောကျ်ားထီးရှေ့မှာမို့ တရိုတသေဖြင့် ခန္ဓာကိုယ်ကို ကျုံ့၍ ထိုင်နေပြီး လက်နှစ်ဖက်ကို ရှေ့သို့ ချထားသည်။ ပြီး





တော့ ကြောက်တာရော ရှိန်နေတာရော ပေါင်းပြီး မျက်နှာကလည်း အီရှုံ့ရှုံ့ လောက်ဖြစ်နေ၏။

ဒါသည်ပင်လျှင် ဦးထွန်းဝင်း၏ စိတ်ထဲ၌ မဖွယ်မရာဖြစ်၍ နေသည်။

'ဟွန်း… ထိုင်နေတဲ့ ပုံစံကလည်း မိုင်းကောင်းကျောက်ဖိ မိန်းမထိုင်နည်းမျိုးနဲ့၊ မျက်နှာကလည်း ပျော့ဖတ်ဖတ်နဲ့ အနံ့ခံရုံနဲ့ မူးတတ်သေးတယ်၊ ဒီကောင် တကယ်ပဲ မိန်းမလျာများလား မသိဘူး၊ အို… အရမ်းကြီးလည်း စွပ်စွဲလို့ မကောင်းပါဘူးလေ၊ သူ့မိဘတွေ မျက်နှာကလည်း ရှိသေးတယ်၊ ဆက်လေ့လာဦးမှပဲ၊ ဟင်း'

ထိုသို့ မှတ်ချက်ချပြီး ဦးထွန်းဝင်း ဖော်ဖော်ရွေရွေ မျက်နှာထားကြီးဖြင့်…

'ဒါနဲ့ မောင်လတ်အောင် ရုပ်ရှင်တွေ ဗီဒီယိုတွေကြည့်တာ ဝါသနာပါသလားကွ'

'ဟုတ်ကဲ့ ပါ… ပါတယ် ဦး'

'အဟေး… ဟေး… ဒါဆိုရင် ဒီတစ်ချက်တော့ ဦးနဲ့ တူသွားပြီကွ၊ ဦးလည်း အပစ်အခတ် အက်ရှင်ကားတွေများ ကြည့်နေရင် ထမင်းမေ့ ဟင်းမေ့ပဲ'

ထိုသို့ ခပ်မြှုံးမြှုံးလေး ပြောလိုက်ခြင်းကြောင့် လတ်အောင် အားတက်သွားပြီး…

'ကျွန်တော်လည်း ကိုရီးယားကားတွေများ ကြည့်နေရရင် ဦးအတိုင်း ထမင်းမေ့ ဟင်းမေ့ပဲ၊ အဟင်း'

'ဘယ်လို… ကိုရီးယားကားတွေ ကြည့်တယ် ဟုတ်လား'

'ဟုတ်တယ် ဦး၊ အဟင်း'

'ဒါဆို အက်ရှင်ကားတွေရော မကြည့်ဘူးလား'

'ဟင့်အင်း မကြည့်ပါဘူး၊ အဲ့ဒီကားတွေက သွေးသံရဲရဲတွေနဲ့ ကြောင်တုန့်စရာကြီး၊ ကိုးရီးယားကားတွေမှ နုနုရွရွနဲ့ ရင်ခုန်စရာကောင်းတာ အဟင်း'

'ဟော…'

'ပြီးတော့ မင်းသားလေးတွေကလည်း ချောမှ ချောပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟော…'

ဦးထွန်းဝင်းမှာ တဟောဟောဖြစ်နေရာမှ ဒီကောင် ဟာကယ့်ကို မိန်းမလျှာလား မသိဘူးဟု တွေးမိသေးသော်လည်း လူကြီးဖြစ်ခြင်းကြောင့် စိတ်ကိုပြန်လျှော့ကာ စကားလွှဲသည့်အနေဖြင့်…

'ကဲပါကွာ၊ ဒီ ဗီဒီယိုကိစ္စတွေက ထားပါ၊ ဒါနဲ့ မောင်လတ်အောင်ရဲ့ ခန္ဓာကိုယ် ကြည့်ရတာ အားကစားတစ်ခုခုကို သေသေချာချာ လေ့လာလိုက်စားထားတဲ့ ပုံပဲကွ နော်'

ထိုသို့ ဦးထွန်းဝင်း မေးချင်ပါကလည်း မေးချင်စရာပေ။ လတ်အောင်က မျက်နှာထားကသာ ပျော့တိပျော့ဖပ်ရှိတာ ခန္ဓာကိုယ် အချိုးအစားကတော့ ယောကျ်ားတစ်ယောက်အနေနဲ့ ကျစ်ကျစ်လျစ်လျစ်နှင့် ခပ်တောင့်တောင့်ရှိသည်ဟု ပြော၍ရသည်။

လတ်အောင်က ခေါင်းညိတ်ပြီး…

'ဟုတ်တယ် ဦး၊ ကျွန်တော် အားကစားလုပ်ပါတယ်'

ဟု ပြောလိုက်ခြင်းကြောင့် ဦးထွန်းဝင်း သဘောကျမိချင်ချင်ပင် ဖြစ်သွားသည်။ ဘာပဲပြောပြော လတ်အောင်ထံမှ ယောကျ်ားပီသခြင်းဆောင် တစ်ဆောင်ကို ရှာ၍ တွေ့သွားပြီကိုး။ ထို့ကြောင့် စိတ်ဝင်စားသည့်ဟန်ဖြင့် ခန္ဓာကိုယ်ကို ရှေ့သို့ ကိုင်းကာ…

'ဟုတ်လား… ဘာလဲ လက်ဝှေ့တို့၊ ကရာတေးတို့ ဂျူဒိုတို့လို ကစားနည်းမျိုးလား'

'မဟုတ်ပါဘူး ဦး'

'ဒါဆို ဘောလုံးတို့၊ ဘောလီဘောတို့၊ ခြင်းခတ်တာတို့ပေါ့လေ'

'ဒါလည်း မဟုတ်ပါဘူး ဦး'

'အဟား… ဒါဆို ဦးသိပြီ၊ ရေကူးတာတို့၊ ဒိုက်ထိုးတာတို့ အလေးမတာတို့ ဟုတ်တယ်မဟုတ်လား'

'ဟင့်အင်း… မဟုတ်ပါဘူး'

ဦးထွန်းဝင်း စဉ်းစားရခက်သွားသည့်ပုံဖြင့် မျက်မှောင်ကြုတ်သွားသည်။

'ဒါဆိုရင် မင်းဟာက ဘာကစားတာလဲကွ'

'ကြိုးခုန်တာပါဦး'





'ဘာ… ဘယ်လို…'

'ကြိုးခုန်တာလေ ကြိုးခုန်တာ ဒီလိုလေ လက်ကလေးနဲ့ ကြိုးစကလေးကိုလွှဲပြီးတဖတ်ဖတ်နဲ့ ခုန်တာ'

လတ်အောင်၏ စကားကို နားထောင်ပြီး ဦးထွန်းဝင်း ပက်လက်လန်သွားသည်။

'ကျွတ်… မင်းဟာကြီးကလည်းကွာ'

'ဘာဖြစ်လို့လဲ ဦးလေးရဲ့၊ ကြိုးကို တစ်နေ့ အကြိမ်တစ်ရာလောက် ခုန်ရင် အဆီကျပြီး ခန္ဓာကိုယ် သွယ်လျလာတယ် ဦးရဲ့၊ ဦးလည်း လုပ်ကြည့်ပါလား'

'အာ… နေ… နေပါစေကွာ ဖူး…'

ဦးထွန်းဝင်းမှာ ခဲလေသမျှ သဲရေကျဖြစ်ပြီး စိတ်ထဲတွင် မတင်မကျ ခံစားချက်က ဝင်ရောက်လာတော့သည်။

'တောက်… ဒီကောင် တကယ့် ဂျီပုန်းလားမသိဘူး၊ ဟင်း'

ဟု မကြားတကြား ရေရွတ်လိုက်ရာ လတ်အောင်က…

'ခင်ဗျာ… ဦးလေး ဘာပြောလိုက်တာလဲဟင်'

'ဪ… ဘာမှမဟုတ်ပါဘူး၊ မင်း ရန်ကုန်မှာ ဖွင့်မယ့် ဆိုင်ခွဲအခြေအနေက ဘယ်အထိရောက်သွားပြီလဲလို့ မေးတာပါ'

'အဟင်း… ဒါလား… ဒီလကုန်လောက်တော့ ဖွင့်ဖြစ်မယ်လို့ မှန်းထားတာပဲ ဦး'

'အေး… ဟုတ်လား၊ မြန်သားပဲကွ၊ ဒါနဲ့ ဆိုင်ဝန်ထမ်းတွေရော ခေါ်ပြီးသွားပြီလား'

'ဟုတ်ကဲ့… ပြီးသွားပါပြီ'

'အေးကွ ကိုယ်က ရွှေရောင်းတာဆိုတော့ လည်လည်ဝယ်ဝယ် ဖျတ်ဖျတ်လတ်လတ် ချက်ချာချာနဲ့ရှိပြီး ရိုးသားတဲ့ မိန်းကလေးဝန်ထမ်းနဲ့မှ အဆင်ပြေမှာ အဲဒီလိုမျိုး ဝန်ထမ်းမျိုးရော ရှာတွေ့ရဲ့လား'

ထိုသို့ ပြောလိုက်သောအခါ လတ်အောင်က ခေါင်းခါ၍…

'ဟင့်အင်း… ကျွန်တော်က မိန်းကလေး ဝန်ထမ်းတွေကို ခေါ်ထားကတည်းကမှ မခန့်ထားတော့ဘူး ဦး၊ ငယ်ငယ်ချောချော တောင့်တောင့်တင်းတင်း [illegible] ယောကျ်ားလေးဝန်ထမ်းတွေကိုပဲ ရွေးပြီးတော့ ခန့်ထားတာ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ဦးထွန်းဝင်း မျက်စိကျယ်သွားပြီး နဝေတိမ်တောင်ဖြင့်…

'ဟေ ဟုတ်လား… ဘာဖြစ်လို့လဲကွ'

ထိုသို့ မေးလိုက်ခြင်းကြောင့် လတ်အောင်က စိတ်ရှည်လက်ရှည် ဟန်ဖြင့်…

'ဒီလိုလေ ဦးရယ်၊ ရွှေဆိုင်ဆိုတာက တခြား ကုန်ပစ္စည်းဆိုင်တွေလိုမျိုးမှ မဟုတ်တာ၊ ပစ္စည်းသေးသေးမွှားမွှားနဲ့ တန်ဖိုးရှိတာမျိုးဆိုတော့ မသမာသူတွေဘာတွေရဲ့ရန်က ရှိနိုင်တယ်လေ၊ ဒါကြောင့် ဒီရန်တွေကနေ လုံခြုံဖို့အတွက် ငယ်ငယ်ရွယ်ရွယ် တောင့်တောင့်တင်းတင်းရှိတဲ့ ယောက်ျား လေးတွေကိုပဲ တမင်တကာ ရွေးပြီး ခန့်ထားတာ၊ ပြီးတော့ ရုပ်တွေကလည်း ခပ်ကြမ်းကြမ်းကြီးတွေဖြစ်နေပြန်ရင်လည်း ဝယ်သူက ဘယ်ဝယ်ချင်ပါတော့မလဲ၊ ဒါကြောင့် ရုပ်သန့်သန့်ဖြူဖြူလေးတွေပဲ ခန့်ထားတယ်'

ဟု တိတိကျကျကို ရှင်းပြလိုက်သော်လည်း ဦးထွန်းဝင်း၏ ရင်ထဲမှာတော့ တိတိကျကျပင် တစ်မျိုးမြင်သွားသည်။ စိတ်ထဲမှ…

'တောက်… မိန်းမလျှာကောင်၊ ဂျိုပုန်းကောင်၊ အခြောက်ကောင် ဂန်ဒူးကောင်၊ ယောက်ျားအချင်းချင်း နှာဘူးပြန်ထမယ့်အကောင် အလကားကောင်၊ ဟင်း… ဒီလို ကောင်မျိုးကများ ငါ့သမီးနဲ့ လက်ထပ်ချင်သတဲ့၊ ငါ့သမီးနဲ့တော့ မပေးစားနိုင်ဘူးဟေ့၊ မင်းဘာသာ မင်းဆိုင်ဝန်ထမ်းတွေထဲက တောင့်တောင့်တင်းတင်း ကောင်တစ်ကောင်ကို ရွေးပြီး သွားယူတော့ကွ၊ ဟွန်း… အလကား အကြောင်းပြချက်တွေ လျှောက်ပေးနေတယ် ငါ မသိတာကျလို့၊ သူ့ဘာသာသူ ယောက်ျားအချင်းချင်း ပြန်ဘူးချင်လို့ ဝန်ထမ်းတွေကို ယောက်ျားချည်းပဲခန့်ထားတာများ၊ ဘာတဲ့ ငယ်ရွယ် ချောရမယ် ဗလတောင့်ရမယ်တဲ့၊ ကောင်းကွာ… ဟွန်း'

ထိုသို့ အားမနာ၊ လျှာမကျိုး စိတ်ထဲမှ ပျစ်ပျစ်နှစ်နှစ်ဝေဖန်ပြီး ဦးထွန်းဝင်းလည်း သမီးစိတ်ဖြင့် အားနာမှုကို အပြီးတိုင် ပယ်ဖျက်လိုက်ပြီး တည့်တည့်ကြီးပင်…

'ကဲ… မောင်လတ်အောင် ဦးမင်းကို ပွင့်ပွင့်လင်းလင်း မေးတော့မယ်၊ မနက်က တွေ့ခဲ့တဲ့ မင်းအပေါင်းအသင်းတွေက ဘာတွေလဲ ပြီးတော့ မင်းကရော ဘာလဲ'





'ခင်ဗျား…'

'ဘာလဲ ဦးမေးတာကို မရှင်းလို့လား'

'ဟို… ရှင်း… ရှင်းပါတယ်ဦး၊ ဒီအခြောက်တွေကို ကျွန်တော် …တယ်ကို မသိဘူး ဦး'

'သေချာလား'

'ဟုတ်ကဲ့… သေ… သေချာပါတယ်'

'မင်းကသာ သေချာတယ်လုပ်နေ၊ သူတို့ကတော့ မင်းအကြောင်း …မင်းထက်တောင်မှ ပိုပြီးတော့ သိနေပုံပဲကွ'

'ခင်ဗျား… အဲဒါတော့ ကျွန်တော်လည်း မသိဘူး ဦး'

ဦးထွန်းဝင်း မျက်ထောင့်နီကြီးဖြင့် ကြည့်သည်။ လတ်အောင်မှာ …(ကျောင်း)ပိတ်၍ မိနေသော ခွေးတစ်ကောင်သဖွယ် တအီအီ ဖြစ်နေပါ …သည်။

ဦးထွန်းဝင်းက လေသံမာမာဖြင့် ဆက်၍…

'ဒီမှာ မောင်လတ်အောင် မင်း အရင်တုန်းက ရန်ဖြစ်ဖူးလား'

'ခင်ဗျာ… ဟိုလေ ဘုရားမကြိုက် နတ်မကြိုက်တော့ မဖြစ် … ဦး'

'တော်စမ်းပါကွာ၊ စကားကြီး စကားကျယ်တွေ ပြောမနေစမ်းပါ …ကြောက်ရင် ကြောက်တယ်ပေါ့၊ ဒီမှာ အလကားနေ အလကား ရန်ဖြစ် … မကောင်းဘူး ဆိုပေမယ့် ယောက်ျားတစ်ယောက်အနေနဲ့တော့ လို …ရင် ရန်ဖြစ်ရဲတဲ့ သတ္တိလောက်တော့ ရှိရမယ်ကွ၊ နားလည်လား'

'ခင်ဗျာ… ဟုတ်… ဟုတ်ကဲ့'

'ဥပမာကွာ၊ ငါ့သမီးနဲ့ မင်းနဲ့နှစ်ယောက်တည်း အပြင်ကို ထွက် …ဒါဆို၊ အဲဒီအချိန်မှာ ငါ့သမီးကို တစ်မ်းယောက်ျားလေးသုံးလေးယောက် …ချင့်ယှက်ပြီဆိုရင် မင်း ဘာလုပ်မလဲ'

'ရဲစခန်းကို ဖုန်းဆက်ပြီး အကူအညီတောင်းမယ်ဦး'

'ထွီ… ညံ့လိုက်တဲ့ကောင်'

'ဒါ… ဒါဆိုရင်လည်း ပတ်ဝန်းကျင်ကို ကယ်ကြပါဦးလို့ အော …တောင်းမယ်ဆိုရင်ကော ဦး'

ထိုသို့ ပြောလိုက်သောအခါ ဦးထွန်းဝင်းဒေါသထွက်သွားပြီး…



www.burmeseclassic.com

www.burmeseclassic.com



'တောက်··· မင်းဟာလေ အလကားကောင်၊ အခြောက်ကော သုံးစားလို့မရတဲ့ကောင်၊ စိတ်ကူးထဲမှာတောင် ရန့်ဖြစ်ရဲတဲ့သတ္တိမရှိတဲ့ ကော မင်းလိုကောင်မျိုးက ဘယ်လိုလုပ်ပြီးတော့ ငါ့သမီးရှေ့မှာ မားမားမတ်မ ရပ်တည်ပေးနိုင်မှာလဲကွ ဟေ'

ဟု ဖိ၍ ကောလိုက်ခြင်းကြောင့် လတ်အောင်မှာ မျက်နှာငယ လေးဖြင့် ငြိမ်သက်နေရသည်။ ဦးထွန်းဝင်းက ဆက်၍···

'ဟို အခြောက်တွေက မင်းကို သူတို့ အုပ်စုထဲက အခြောက် လို့ ခိုင်ခိုင်မာမာပြောတုန်းက ငါ့စိတ်ထဲမှာ မဖြစ်လောက်ပါဘူးလို့ ဘယ် ပဲ တွေးတွေး အခု စစ်လိုက်တော့လည်း မှူးပေါ်သလို ပေါ်ရတာပဲ မဟု လား'

'ကျွန်··· ကျွန်တော် တကယ် အခြောက်မဟုတ်ပါဘူး ဦးလေ

'တော်စမ်းပါကွာ၊ ငါ မင်းကို အယုံအကြည်မရှိတော့ဘူး၊ ဒီ မနက်ဖြန်ကစပြီးတော့ မင်း ငါ့အိမ်မှာ မနေနဲ့တော့'

'ခင်ဗျာ'

'အေး··· မင်းဟာ ယောကျ်ားစစ်စစ်ပါလို့ ငါ့ကို ယုံကြည် ချင်ရင် ငါ့ကို ယုံကြည်နိုင်လောက်တဲ့ သက်သေပြနိုင်အောင် ကြိုး ဒါပဲ'

ဟု တင်းတင်းမာမာ ပြောလိုက်ပြီးနောက် မောသွားဟန်ဖြင့် ရှေ့ အရက်ခွက်ကို ဖွပ်ခနဲမော့သောက်လိုက်သည်။ ပြီးမှ ရှေ့တွင် ယခု ကြောင်စီစီ ငိုမဲ့မဲ့ရုပ်ဖြင့် ထိုင်လျက်သာရှိနေသေးသော လတ်အောင်အ မျက်လုံးပြူးပြီးကြည့်၍···

'ဒါ··· ဘာလုပ်နေတာလဲကွ ဟင်း'

'ဟိုလေ ထိုင်··· ထိုင်နေတာပါဦး'

'မထိုင်နဲ့ သွားတော့··· ဟွန်း'

'ခင်ဗျာ··· ဟုတ်··· ဟုတ်ကဲ့'

ဟု ညောင်နာနာဆိုကာ ဦးထွန်းဝင်းရှေ့မှ ခပ်ကုပ်ကုပ်လေး ထွ သွားသည်။ ထို့နောက် ဦးထွန်းဝင်းက ရှေ့မှ အရက်ခွက်ကို စိုက်ကြည့် မကျေမချမ်းလေသံဖြင့်···





'ဟွန်း··· မသကာ အရက်သမားဖြစ်ရင်တောင် ငါနဲ့ သောက်ဖော် သောက်ဖက်ရသေးတယ်၊ ခုဟာက အခြောက်တဲ့၊ ဟင်း··· တောက်'

ဟု တစ်ကိုယ်တည်း ပြောဆိုလိုက်ပြီးနောက် လတ်အောင်ဆို သော လူတစ်ယောက်သည် သီဟနှင့် မေဒေးတို့ ချစ်သူနှစ်ယောက်ကြား မှ အလိုအလျောက်ပင် ထွက်ခွာခွင့်ပါမစ်ကျသွားတော့သည်။

သို့ရာတွင် လူတွေသည် ဘယ်လောက်ပဲ ကြိုးစားကြိုးစား ပန်းတိုင် စ်ခုသို့ ဦးတည်ပြီဆိုလျှင် အခက်အခဲဆိုသော အရာများက အလို လျောက် ပေါ်လာတတ်စမြဲပင် ဖြစ်သည်။

ထို့ကြောင့် လူတိုင်းသည် မိမိရည်မှန်းထားသည့်အတိုင်း ဖြစ်ရ ည်ဆိုပါလျှင် လောကတွင် ဆင်းရဲခြင်းနှင့် ပညာမဲ့ခြင်းတို့သည် ပပျောက် သွားပေလိမ့်မည်။ ဤသို့ ဆင်းရဲခြင်းနှင့် ပညာမဲ့ခြင်းတို့ လူ့လောက၌ရှိ နေ တချို့သော လူများမှအပ ကိုယ့်ရည်မှန်းချက်ပန်းတိုင်သို့ ရောက် အောင် လျှောက်လှမ်းဖို့ဆိုသည်က အလှမ်းကွာဦးမည်သာ ဖြစ်သည်။

ထို့ကြောင့် သီဟနှင့် မေဒေးကျော်တို့ ချစ်သူနှစ်ဦးသည်လည်း···

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

မုန့်တိုင်းထန်နေခဲ့သော ရာသီဥတုပြီးဆုံးသွားပါပြီဟု စာတန်းထိုး ရနေပြီဖြစ်ခြင်းကြောင့် သီဟနှင့် မေအေးတို့ ချစ်သူနှစ်ဦးကြားထဲတွင် ငြိမ်းအေးမှုလေး တွဲခိုဝင်ရောက်လာကာ ချစ်သူနယ်မြေဖြစ်သော ကန်ဘောင်ထက်တွင် ယခုမှ ပြန်လည်ခြေချဖြစ်သည်။

မေအေးက ကန်ဘောင်ထက်တွင် ထိုင်ရင်း ရေပြင်ထဲသို့ ခဲလုံး သေးသေးလေးတစ်လုံးကို ပလုံခနဲနေအောင် လှမ်းပစ်ကာ...

'အာ... အခုမှ စိတ်ကို ပေါ့သွားတာပဲ'

ဟု ပျော်ရွှင်စွာ ပြောလိုက်ခြင်းကြောင့် နံဘေး၌ရှိနေသော သီဟကလည်း မဲ့ပြုံးပြုံးမိပြီး...

'ဒါနဲ့ နင့်အမေကရော နင့်အဖေ ဆုံးဖြတ်တာကို ကျေနပ်ရဲ့လား'

မေအေးက ခေါင်းခါ၍...

'ဟင့်အင်း... ဘယ်ကျေနပ်ပါ့မလဲဟာ၊ လူကြီးချင်း မျက်နှာပျက်တော့မှာပဲဆိုပြီး ငါ့ကို ပွစိပွစိ လာပြောနေ သေးတယ်၊ ဒါပေမဲ့ ကိစ္စတော့ မရှိပါဘူး၊ အဓိကကတော့ အဖေပဲဟာ၊ ခုကိစ္စက အဖေ ဆုံးဖြတ်တာဆိုတော့ အမေလည်း ဘာမှဝင်မပြောရဲတော့ဘူး'

'ဒါဆိုရင် နင့်အမေက နင်အဖေကို ကြောက်တယ် ဆိုပါတော့'

'အင်း... အဲလို ပြောလို့လည်း ရတယ်'

ထိုအခါ သီဟ ပြုံးစိ ပြုံးစိလုပ်သည်။ ဒါကို မေအေးက မြင်သွားပြီး...

'အံမယ်... နင်က ဘာတွေ ပြုံးနေတာလဲ'





'ဪ... ငါတို့ နှစ်ယောက်အလှည့်ကျရင်လည်း နင်လည်း ငါ့ကို အဲ့ဒီလို ကြောက်ရင် ကောင်းမှာပဲလို့ စဉ်းစားမိလို့ပါ'

'အောင်မာ... ကြောက်စရာလား နင့်ကို'

'ငါက အိမ်ထောင်ဦးစီးလေဟာ၊ နင် ကြောက်သင့်တာပေါ့'

မေအေး မျက်စောင်းကြီးကြီးတစ်ချက်ထိုးပြီး...

'ဒီမှာ သီဟ၊ နင် ငါ့ရုပ်ကို သေသေချာချာကြည့်စမ်း'

'ဘာလဲ... နင့်မျက်နှာမှာ ပွေးပေါက်နေလို့လား'

'ဘာ... ပြော... တယ်...'

'ဖြည်းဖြည်းအော်ပါဟာ၊ နင်ကလည်း ငှက်ဆိုးထိုးတာ ကျနေတာပဲ'

'သီဟ'

'ဘာလဲ'

'ဖြန်း...'

မေအေး အားရပါးရ ပိတ်ချလိုက်တာပါ။ ပြီးနောက် သူ့ဘာသာသူ ပြီး သူ့ဘာသာသူ စိတ်ကောက်သွားဟန်ဖြင့် မျက်နှာစူပုပ်ကာ တစ်ဖက်သို့ လှည့်သွား၏။

ထိုအခါကျမှ သီဟက နာသွားသော နေရာကို လက်ဖြင့်ပွတ်...

'ဘာလဲ... အဲဒါ စိတ်ကောက်သွားတာလား'

မေအေး ဟုတ်ပါတယ်ရှင်ဟု ပြန်မဖြေပါ။ ဘယ်လိုမှလည်း ပြန်မဖြေပါ။ စူပုပ်ပုပ်ရုပ်ဖြင့်သာ ငုတ်တုတ်ထိုင် နေ၏။ သီဟက...

'မေအေး... မေအေးလို့'

စကားပြန်မရပါ။ သီဟက ဆက်၍...

'အဲ့ဒီလိုကြီး စူပုပ်မနေစမ်းပါနဲ့ဟာ၊ ကြည့်လို့လည်း မကောင်းဘူး ဝမ်းချုပ်နေတာကို အိမ်သာထဲဝင်ပြီး အတင်းညှစ်ထုတ်နေတာနဲ့ တူတယ်'

'သီဟ...'



www.burmeseclassic.com

www.burmeseclassic.com



အသံကျယ်ကြီးနှင့် ထ၍ အော်တာပါ။

'အာ… ဘာလဲ… လန့်လိုက်တာ'

'နင်… နင် တောက်… ဟင်း… နင့်ကိုငါ တစ်သက်လုံး စကားမပြောတော့ဘူး'

'ဘာလဲ… အ,သွားလို့လား'

မေအေး သီဟအား အသားကုန် ထုပါလေတော့သည်။ (ကျော ကုန်းအား လက်သီးဆုပ်ဖြင့် ထုခြင်းကို ဆိုလိုပါသည်။)

'အား… နာတယ်ဟ… နာတယ်'

သီဟ ရှောင်ရင်းတိမ်းရင်းမှ မေအေး၏ လက်ကလေးနှစ်ဖက်ကို ချုပ်ကိုင်လိုက်၏။

ပြီးမှ လေသံ ငြိမ်ငြိမ်ဖြင့်…

'မေအေး… နင်ဟာလေ ဒါသထွက်ရင် အရမ်းလှတာပဲ သိ လား'

ထိုစကားက တော်တော်ထိရောက်သွားပါသည်။ မေအေး နှုတ်ခမ်း လေးကို ခပ်ပြေပြေစု၍ ငြိမ်သွား၏။

သီဟက ဆက်၍…

'ငါလေ… ဟိုရက်တွေတုန်းက နင် သူမျှား နောက်ပါသွားမှာကို တွေးမိပြီး အရမ်းကို စိတ်ညစ်နေခဲ့တာ၊ သိလား'

မေအေး ခေါင်းငုံ့သွားပြီး လေသံတိမ်တိမ်ဖြင့်…

'ပါစရာလား ဟွန်း'

သီဟပြုံး၍…

'အခုမှပဲ အရမ်းကို စိတ်ချမ်းသာသွားတာ'

ဟု ပြောကာ မေအေးအား ရင်ခွင်ထဲသို့ အသာအယာ ဆွဲထည့် လိုက်တော့သည်။ မေအေးက အလိုက်သင့်ကလေး မှေးပါ၍ ငြိမ်ငြိမ် ကလေး နေလိုက်သည်။

နောက်တော့ ချစ်သူနှစ်ဦး၏ ရင်ခွင်ဦးပန်းသည် တစ်စတစ်စပြင်း နွေးထွေးစွာ ပွင့်လန်းလာသည်။ လေပြေသည်လည်း ခပ်ငြိမ်ငြိမ်လေး





တိုက်ခတ်၍ ရင်ခုန်နှုန်းတို့သည်လည်း တိုးလိုက် ကျယ်လိုက်ဖြစ်နေရာမှ အချင်းချင်း ထိကပ်သွားကြ၏။

သူတို့နှစ်ယောက်၏ ငြိမ်းချမ်းမှုသည် ရေပြင်ပေါ်၌ ဝန်းပွင့်များ ဝေလောပေါ်နေသကဲ့သို့ အလိုက်သင့်ကလေး ငြိမ်းချမ်းနေခြင်းသာ ဖြစ် သည်။

ဘာဆို ဘာမှ တိုး၍ မပေါက်နိုင်။ မယှဉ်နိုင်၊ ဥပမာ မရှိနိုင် သော ဂီတသံစဉ် ချိုမွေးကို တီးခတ်၍ နေခြည်ကို သီကုံးကာ ဂုဏ်ပြုခဲ့ ကြသည်။ ပတ်ဝန်းကျင်ရှိ အရေးခွဲအားလုံးသည် အလွှားလိုက်ကွာကျကုန်၍ လွတ်လပ်မှု၊ သင်းပျံ့မှုတို့သည် ထုံသင်းကာ မည်သည့်အရာမှ နည်းနည်း ကလေးတောင် ကွဲပြားခြားနားမှု မရှိတော့ချေ။

ပြောရလျှင် သူတို့တစ်တွေ ရောင်စဉ်တွေ ပြန့်လည်ဖြာကျနေသည် ပေါ့။

မေအေးက သီဟ၏ ရင်ခွင်ထဲမှနေ၍ ခေါင်းလေးထောင်၍ သကာ…

'သီဟ'

'ဟင်'

'ငါတို့တတွေလေ… မင်းညိုတို့ အေးရွှေတို့ အေးဌေးတို့ကို ကျေးဇူးတင်သင့်တယ်နော်'

'ဒါပေါ့ဟ… တင်ရမှာပေါ့၊ အဓိကကတော့ မင်းညိုကို တင်ရ မှာ'

'အင်းနော်… မင်းညိုက ဉာဏ်လည်းကောင်းတယ်၊ စိတ်ထား လည်း ကောင်းတယ်၊ ပြီးတော့ ဒီအစီအစဉ်အစအဆုံးကို သူပဲ အဓိကဖြစ် မြောက်အောင် ကူညီခဲ့တာ'

သီဟပြုံး၍ မေအေး၏ စကားကို ထောက်ခံသည့်အနေဖြင့် ခေါင်း ညိတ်ပြကာ…

'ငါတို့လည်း ဒီကောင်ကြီး ဒါမျိုးကိစ္စမျိုး ကြုံလာရင် ကူညီ ကြမယ်ဟာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဒါဆို မင်းညိုမှာ ရည်းစားရှိလို့လား'

'ဟေ့အေး… မရှိပါဘူးဟ၊ ငါက နောက်ကြုံလာခဲ့ရင် ပြောတာပါ'

'သြော်… ဒါနဲ့ မင်းညို ကြိုက်နေတဲ့ မိန်းကလေးရော မရှိဘူးလား'

သီဟ မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး…

'အင်း… ပထမနှစ်လောက်တုန်းက သူ ကောင်မလေး တစ်ယောက်ကို စိတ်ဝင်စားတယ်ဘာညာတော့ ပြောသံ ကြားဖူးတယ်'

'ဟုတ်လား… ဘယ်ကလဲ'

'နင်တို့ မေဂျာဘက်ကပဲဟ၊ ဒီကောင် အဲဒီအချိန်တုန်းက အတန်းအားတာနဲ့ တစ်ယောက်တည်း သွားသွားချောင်းတတ်တယ်'

'ဟုတ်တယ်… နံမည်က ဘယ်သူလဲဟင်၊ ချောရော ချောလား'

'ဟေ့အေး… ငါမမြင်ဖူးဘူးဟ၊ နင်လည်း ဒီကောင့် အကြောင်း သိရဲ့သားနဲ့၊ ဒီကောင်က အရမ်းလျှို့ဝှက်တတ်တာ၊ ငါ့ကို နာမည်တောင်မှ မပြောပြဘူး'

'ဟွန်း မင်းညိုက ဘာလဲဟ၊ နောက်တော့ ဘာဆက်ဖြစ်ကြသေးလဲ'

'ဘာမှကို ဒီကောင့်ဆီက ပြောသံ မကြားရတော့ဘူး၊ ဒီတော့ ငါလည်း ဘာမှကို မသိတော့ဘူး'

'ဟွန်း… ကောင်းတယ်၊ နင်သိတာ ဘာရှိလဲ'

'သြော်… ဘာမှ မသိပါဘူးဆိုနေမှပဲ'

ထိုသို့ ပြောလိုက်သောအခါ ဘာမှ မသိရကောင်းလားဆိုပြီး မေအေး မျက်စောင်းထိုးကာ…

'နေပါဦး… အဲဒီတုန်းက ငါကရော ဘယ်ရောက်နေလို့ ဒါတွေကို မသိရတာလဲ'

'သြော်… ခက်တော့တာပဲ၊ ပထမနှစ်တုန်းကပါဆိုနေမှ၊ နင်နဲ့ ငါတို့က ဒုတိယနှစ်ကမှ တွေ့တာ၊ နင်က ဘယ်လိုလုပ် သိမှာလဲ'





'နင်နော် ငါ့ကို လာမအော်နဲ့၊ ကောင်းကောင်းပြော'

'ဟ… ငါက ကောင်းကောင်းပြောနေတာလေ၊ နင့်ဘာသာနင် အမေးအမြန်းထူနေတာကိုး'

'ငါက သိချင်လို့ မေးတာပေါ့ဟဲ့'

'အေးလေ… ငါလည်း သိသလောက် ပြောနေတာပဲဟေ'

'နင်သိသလောက်က ဘာမှမသိတဲ့အတိုင်းပဲ'

'ဘာမှမသိလို့ ဘာမှမသိဘူးလို့ ပြောနေတာလေ'

'ဘာဖြစ်လို့ မသိရမှာလဲ၊ ကိုယ့်သူငယ်ချင်း အချင်းချင်းပဲဟာကို'

'ဟာ… သူငယ်ချင်း အချင်းချင်းပေမယ့် သူက ဘာမှမပြောတာ၊ ဒါကြောင့် ငါက ဘယ်သိမှာတုန်း'

ထို့နောက်တော့ မေအေး ဗလိုင်းကြီး မျက်စောင်းထိုးကာ ဘုကြည့်ကြည့်၍ ဘာမှမဆိုင်ဘဲ ဘာကိုမှန်းမသိ စိတ်ကောက်သွားသည်။

ထိုအခါ သီဟလည်း ဘာညာညာ မစဉ်းစားတော့ဘဲ ဘလာချီကြီး ပြန်၍ ချော့ရတော့သည်။

ဤသို့ဖြင့် ချစ်သူနှစ်ယောက်တို့သည် စိတ်ကောက်ခြင်းနှင့် ချော့ခြင်းတို့ကို ဆောလီဆော အပြန်အလှန်ပုတ်၍ သံသရာလည်ကုန်ကြသည်။

ညနေက စောင်းသွားပြီး…

နေမင်းကြီးက အားရှိသလောက် လက်ကျန်ရောင်ခြည်ကို အစွမ်းကုန် လွှင့်ထုတ်ဆဲ…

သို့သော်

မကြာခင်မှာ အမှောင်သည် ကျရောက်တော့ပါမည်။

အမှောင် သို့မဟုတ် မနက်ဖြန်ပေါ့။

□ □ □

ဒီနေ့ မေဒေတို့အုပ်စု တစ်စုလုံး အတန်းပြီးသွားသည်နှင့် တ[illegible] မစ္စတာဂီတာရှိရာသို့ ပျော်ရွှင်စွာ ချီတက်လာခဲ့ကြသည်။

အကြောင်းအရာက လတ်အောင်အော်ပရေးရှင်း အောင်မြင်[illegible]ထိမ်းအမှတ်အတွက်။



www.burmeseclassic.com

www.burmeseclassic.com



ဒကာကတော့ သီဟ။

ထို့ကြောင့် သီဟ မျက်နှာ ရှုံ့မဲ့ရှုံ့မဲ့ဖြင့် အိတ်ကပ်ကလေး စမ်းလိုက်၊ ဟိုကုတ်လိုက်၊ ဒီကုတ်လိုက်ဖြင့် တစ်လမ်းလုံး ဂနာမငြိမ် ဖြစ်၍လာသည်။ သို့သော် ကျန်သည့် လူအများက ပျော်ရွှင်နောက်ပြောင်ရင်း ဒီအဆိုကို တင်သွင်းသော မင်းညိုအား ဝိုင်းဝန်းချီးကျူးလာကြသည်။

ဤသို့ ဖြစ်နေစဉ်အချိန်တွင် မစ္စတာဂီတာ၌ ကော်ဖီတစ်ခွက်ရှေ့ ချပြီး ငုတ်တုတ်ထိုင်ကာ လင်းတသဖွယ်ရှိနေသူတစ်ယောက် ကြိုတင်၍ ရောက်နေသည်။

ထိုသူကတော့ လုံးရာက ပြားသွားခြင်းကြောင့် ကိုယ့်ကိုယ်ကိုယ် ရင်ထုမနာဖြစ်၍နေတဲ့ လတ်အောင်ပါ။

ဟုတ်ပါသည်။ လတ်အောင်မှာ မေဒေးကို အူကြောင်ကြောင့်ဖြင့် လက်လွှတ်အဆုံးရှုံးခံလိုက်ရသဖြင့် ပြင်းပြင်းထန်ထန် စိတ်ညစ်သွားခြင်း ကြောင့် ရုပ်ရှင်တွေ ဗီဒီယိုတွေထဲကလို မင်းသားများ အသည်းကွဲလာ က အရက်သောက်သည်ကို အတုခိုး၍ အရက်သောက်ရန် ကြိုးစားမိသော် သော်လည်း ထုံးစံအတိုင်း အနံ့ပင် မခံနိုင်ခြင်းကြောင့် စိတ်ပျက်လက်ပျက် ဖြင့် ယခုကဲ့သို့ ကော်ဖီတစ်ခွက်ရှေ့သို့ချကာ မူးလိုမူးငြား သောက်ကြည့် ၍ နေခြင်းသာဖြစ်၏။

သို့ရာတွင် ကော်ဖီသည် ကာဖိန်း၊ အရက်သည် အယ်လကိုဟော သာ ဖြစ်ခြင်းကြောင့် ဘာမှမဆိုင် ဖြစ်ကာ မူးဖို့မပြောနှင့်၊ ငုတ်တုတ် ထိုင်ခြင်းက ကြာလာခြင်းကြောင့် လိပ်ခေါင်းထွက်လာမှာကိုပင် စိုးရိမ် နေရသည့် အခြေအနေသို့ ရောက်နေသည်။

ထို့ကြောင့် မမူး မူးအောင် အပြင်သို့ထွက်၍ ဓာတ်တိုင်အား အပတ်တစ်ရာလောက် သွားပတ်လျှင်လည်း ကောင်းမလားဟု တွေးနေမိ သောအချိန်တွင် ဆိုင်တွင်းသို့ ဝင်ရောက်လာသော မေဒေးတို့ အုပ်စုကို တွေ့လိုက်ရသည်။

ထိုအခါ လတ်အောင်၏ တစ်ကိုယ်လုံး တောင့်တင်းသွားပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်ကာ ပျာယာခတ်သွားသည်။





ထို့နောက် ဘာရယ်မဟုတ်ဘဲ မျက်နှာပူပူဖြင့် ရှေ့မှရှိသော မီနူး ...ကို ကောက်ကိုင်၍ မျက်နှာရှေ့တွင် ကွယ်၍ ထားလိုက်သည်။

ထိုအခါ မေဒေးတို့ အုပ်စုက ကိုယ့်လူနှင့်ကိုယ် ရေပက်မဝင် ...အောင် စကားပြောဆိုလာခြင်းကြောင့်လည်းကောင်း၊ လတ်အောင်ကလည်း ...က်နှာကို ကွယ်ထားခြင်းကြောင့်လည်းကောင်း၊ ၎င်းတို့ သတိထားမိခြင်း ...ဘဲ တိုက်တိုက်ဆိုင်ဆိုင်ပင် လတ်အောင်၏ အနောက်ဘက် ကျောချင်း ...ပ်ဝိုင်း၌ နေရာယူကာ ဝင်ထိုင်လိုက်ကြသည်။

ဆိုင်၏ အနေအထားမှာ တစ်ဝိုင်းနှင့်တစ်ဝိုင်း တစ်ထိုင်စာ အကာန့် ...လေးများ ကာရံထားခြင်းကြောင့် ဤသို့ ကျောချင်းကပ်ဝင်ထိုင်လိုက် ...သော်လည်း တစ်ဦးနှင့်တစ်ဦး မြင်တွေ့ရခြင်း မရှိပါ။

ဝင်ထိုင်လိုက်ကြပြီးနောက် စားစရာများကို သူထက်ငါ အလု ...ယက် မှာကြားကြသည်။ သိပ်မကြာခင် အချိန်ကလေးမှာပင် မင်းညိုတို့ ...ကြားထားသော စားသောက်စရာများ ရောက်လာကြသဖြင့် မင်းညိုက...

'ကဲ... ခု လတ်အောင် အော်ပရေးရှင်းကြီး အောင်မြင်ခြင်း ...ထိမ်းအမှတ် ဂုဏ်ပြုပွဲ အစီအစဉ်ကို စလိုက်ကြစို့'

'ဟေး... ဟုတ်တယ်ကွ'

ဟု ပြိုင်တူ အော်ကာ ရှေ့၌ရှိသော စားစရာ၊ သောက်စရာများကို ...ယက် ဝိုင်းစားကြသည်။

ထိုအချိန်တွင် လတ်အောင်မှာ မေဒေးတို့ မမြင်ခင် တိတ်တိတ် ...း ပြန်ရန် ပြင်ဆင်နေသည့်အချိန် ဖြစ်သည်။ သို့ရာတွင် မင်းညို၏ ...တ်အောင် အော်ပရေးရှင်းဟူသော စကားကြောင့် နဝေတိမ်တောင်ဖြစ် ...ပြီး ဆက်၍ ထိုင်နေဖြစ်သည်။ မိမိနာမည်ပါနေခြင်းကြောင့် ဘာ ...ကြောင်းကိစ္စများလဲပေါ့။

ထို့ကြောင့် စိတ်ဝင်စားသွားပြီး စပ်စုသည့် အနေဖြင့် မေဒေးတို့ ...သို့ အသာအယာ ချောင်းကြည့်မိလိုက်သည်။

ထိုအခါ မေဒေး၊ သီဟ၊ မင်းညိုတို့ကို မြင်တွေ့လိုက်ရသော ...ခြားသော်လည်း သူတို့နှင့်အတူ အေးရွှေနှင့် အေးငွေတို့ကိုပါ တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည့်အခါ စိတ်ထဲတွင် ထူးဆန်းသွားပြီး ဇဝေဇဝါ ဖြစ်သွားတော့သည်။

ဒီကောင်နှစ်ကောင်က ဘယ်ကလဲ၊ ဘာလဲ ငါ မြင်ဖူးပါတယ်ပေါ့။ ထို့ကြောင့် သေချာအောင် ပြန်၍ ကြည့်လိုက်ပြီးမှ ဦးနှောက်ဉာဏ်သည် ပြန်၍ အလုပ်လုပ်သွားသည်။

'ဟာ… ဒီနှစ်ကောင်က စားပွဲထိုးနဲ့ ကဲန်တင်းမှာတုန်းက ငါ့ထိုင်ခုံကို ဆွဲလိုက်တဲ့ ကောင်တွေပဲ'

ထိုအသိ ဝင်ရောက်လာသည်နှင့် တစ်ပြိုင်နက် ဒီစားပွဲထိုးနှင့် ကျောင်းသားက ဘယ်လိုလုပ်ပြီး မေဒေးတို့နှင့် သူငယ်ချင်း ဖြစ်နေရသနည်းဟူသော မေးခွန်းကပါ ခေါင်းထဲ၌ တစ်ခါတည်း ထိုး၍ ထွက်လာသည်။ ပုံမှန်အားဖြင့်ဆိုလျှင် ဒီလို စားပွဲထိုးတစ်ယောက်နှင့် မေဒေးတို့ ဤမျှထိ တန်းတူရင်းနှီးစရာ အကြောင်းမရှိ။ ထိုကျောင်းသားကတော့ ထားပါတော့။ ဒါဆို မသင်္ကာစရာကောင်းသွားပြီ။

ထိုသို့ဖြင့် ဆက်စပ်စဉ်းစားမိပြီး မိမိကျောင်းဝင်းအတွင်း၌ အရှက်ကွဲခဲ့ရသည့် အဖြစ်ကို ပြန်၍တွေးမိရာ မိမိအား တိုက်ဆိုင်ခြင်း မဟုတ်ဘဲ တမင်သက်သက် အကွက်ချ၍ လုပ်ကြံခဲ့လိုက်ရမှန်းကို ရိပ်မိသွားသည်။

ထို့ကြောင့် ရင်ထဲ၌ မခံချင်သည့်စိတ်တို့ ရှုံးကြွလာသော်လည်း လက်ရှိအခြေအနေမှာ ဘာမှ မတတ်နိုင်ဖြစ်နေသဖြင့် ပေါက်ကွဲကွဲဖြင့် ငုတ်တုတ်ဆက်ထိုင်နေမိသည်။

'တောက်… ဒီကောင်တွေကွာ… ဟင်း'

ထိုသို့ လတ်အောင် ဖြစ်နေသည့်အချိန်တွင် မင်းညိုတို့ အုပ်စုမှာ ဝေသာလီပြည်ကို ဘီလူးဝင်စီးနေသကဲ့သို့ ဖြစ်နေခြင်းကြောင့် ဘာကိုမျှ သတိပြုမိခြင်းမရှိပါ။

ခဏမျှကြာမှ စား၍သောက်၍ ကိစ္စပြီးစီးသွားသောအခါ အေးငွေက…

'ကဲ… ငါတို့ ဒီပွဲလေးအတွက် ကိုလတ်အောင်ဆိုတဲ့ ဂျားကားကြီးကို သာဓုခေါ်ပေးလိုက်ကြရအောင်'





'အေး… ကောင်းတယ်'

'ဟာ… မကောင်းဘူးကွ'

ကောင်းတယ်လို့ ထောက်ခံတာက မင်းညိုပါ။ မကောင်းဘူးလို့ ကန့်ကွက်တာက သီဟပါ။ ထို့ကြောင့် မင်းညိုက သီဟအား…

'ဘာဖြစ်လို့ မကောင်းရမှာလဲကွ မင်းကလည်း'

'ဟ… ဒီပွဲကို ဒကာခံရတာက ငါလေကွာ၊ မင်းတို့ သာဓုခေါ်ခြင်းခေါ် ငါ့ကိုပဲ ခေါ်ရမှာပေါ့၊ ဟို ငကြောင် လတ်အောင်ကို ဘာကိစ္စကြောင့် ခေါ်ရမှာတုန်း'

ဟု ပြောလိုက်ရာ လတ်အောင် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိတော့သည်။

ထိုအခါ မင်းညိုက သီဟအား…

'အာ… မင်းကလည်း ဒီကိစ္စမှာ ငါတို့ ဝိုင်းပြီး ပညာပေးလိုက်လို့ ဒုက္ခရောက်သွားတာက လတ်အောင်လေကွာ၊ မင်းက အသာရထားတဲ့ကောင်ပဲ၊ ဒီတော့ လတ်အောင် နာမည်တပ်ပြီးပဲ သာဓုခေါ်ပေးလိုက်ပါကွာ'

အေးငွေကပါ ဝင်၍…

'အေးလေ ငါတို့ကြောင့် လတ်အောင်ဆိုတဲ့ ငတိ ကင်တင်းမှာလည်း အရှက်ကွဲရသေး၊ အခြောက်ကြီးဆိုပြီး အိမ်ပေါ်ကလည်း နှင်ချခံရသေးနဲ့ ဒီလောက်တော့ ပြန်လုပ်ပေးလိုက်ပါကွာ၊ ဟား… ဟား… ဟား…'

ဟု ပြောလိုက်ရာ လတ်အောင်၏ ခေါင်းထဲတွင် အတွေးတို့ ဆက်စည်သွားတော့သည်။

'ဟာ… သူတို့ကြောင့် ငါ့ကို အခြောက်လို့ အထင်ရပြီး အိမ်ပေါ်က ဆင်းရတယ်ဆိုပါလား၊ ဒါ… ဒါဆို သူ… သူ…တို့က'

ထိုသို့ ဖျတ်ခနဲ တွေးမိပြီး မင်းညိုတို့ရှိရာဘက်သို့ တစ်ချက် လှမ်းကြည့်လိုက်မိ၏။ ရင်ထဲတွင် ဒိုင်းခနဲ တစ်စုံတစ်ရာကို သိမြင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



'လတ်စသတ်တော့ ဒီ… ဒီကောင်တွေက အခြောက်ဟန်ဆောင်ပြီး ပလာဇာမှာ ငါ့ကို အကြောင်ရိုက်သွားတဲ့ ကောင်တွေပါလား'

ဟုသွားတွေးမိသည်နှင့် ရင်ထဲတွင် လက်တုံ့ပြန်ချင်သည့်စိတ်တို့ဖြင့် ဗလောင်ဆူသွားသည်။ ထို့ကြောင့် ဦးထွန်းဝင်းအား သွားရောက်၍ အကြောင်းစုံ ပြောလျှင်ကောင်းမလားဟု တွေးမိသော်လည်း အထောက်အထားခိုင်လုံအောင် ပြုလုပ်ပြီးမှ သွားရောက် တွေ့ဆုံလျှင် ပို၍အဆင်ပြေမည်ဟု စဉ်းစားမိပြီး မည်သို့ပြုလုပ်လျှင် ကောင်းမလဲဟု ထပ်၍တွေးကာ အသာပြန်ရန် ငြိမ်နေလိုက်သည်။

'တောက်… ဝါးနက ဝါးရင့်ကို ပြန်ပက်ရတယ်လို့ကွာ… ဟင်း'

ထိုသို့ ရင်ထဲမှ ကြုံးဝါးလိုက်ချိန်တွင် မင်းညိုတို့ကလည်း သဘောတူညီမှုရရှိသွားကြပြီး အအေးခွက်ကိုယ်စီကိုင်မြှောက်ထားကာ ပြိုင်တူပင်…

'ကဲ… စမယ် ကိုလတ်အောင်ရေ သာဓုဗျာ၊ သာဓု… သာဓု'

'ဟား… ဟား… ဟား… ဟား'

ထိုအခါ လတ်အောင်၏ ရင်ထဲ၌ အသိတရားတစ်ခု လင်းခနဲပင် ထွက်ပေါ်လာ၏။

'ဟုတ်ပြီ၊ ဒီကောင်တွေ ပြောဆိုနေသမျှကို ငါ့ဖုန်းနဲ့ အသံဖမ်းထားလို့ ရတာပဲ'

ထိုသို့ တွေးမိသည်နှင့် တစ်ပြိုင်နက်ဖုန်းကို ချက်ချင်းထုတ်၍ အသံဖမ်းသည့် ခလုတ်ကို ဖွင့်ထားလိုက်သည်။

ထိုအချင်းအရာကို မင်းညိုတို့က မသိသဖြင့် လူငယ်တို့၏ ထုံးစံအတိုင်း မိမိတို့ အောင်မြင်ခဲ့သည့် အကြောင်းအရာများကို စားမြုံ့ပြန်ကာ ရယ်ကာ မောကာဖြင့် ပြောဆိုနေကြ၏။ မေအေးက စတင်၍…

'ခစ်… ခစ် နင်တို့လေ အခြောက်တွေလို ဝတ်ထားတုန်းက ငါ့မှာ ရယ်ချင်စိတ်ကို မနည်းအောင့်ထားရတယ် သိလား၊ ခစ်… ခစ်'

မင်းညိုက…

'အောင်မယ် နင်ကသာ ရယ်ချင်နေ သိလား၊ ငါတို့မှာ ဒီအဝတ်





အစားကြီးတွေနဲ့ မလွတ်လပ်တာက တစ်မျိုး၊ နင့်အဖေ ရိုပ်မိသွားမှာကို တစ်မျိုး၊ ဟို ငထုကောင် လတ်အောင် ရိပ်မိသွားမှာ တစ်မျိုးနဲ့ ဘယ်လောက်ထိ စိတ်ဒုက္ခရောက်ခဲ့ရသလဲဆိုတာကို သိရဲ့လား ဟွန်း'

'ဒါတော့ ငါလည်း သိပါတယ်ဟဲ့… ဟွန်း'

ဟု မျက်စောင်းလေးဝင့်၍ ပြောလိုက်ချိန်တွင် သီဟက ဝင်၍…

'ဒါနဲ့ မေအေး… ငါတို့က လတ်အောင်ကို အခြောက်ကြီးပါဆိုပြီး ပြောလိုက်တာကို နင့်အဖေက တန်းပြီး ယုံတာပဲလား'

'ယုံလို့ ဒီလောက်ထိ အဆင်ပြေသွားတာပေါ့ဟ၊ နင်တို့က လတ်အောင်ကို အခြောက်ကြီးပါလို့ ငါ့အဖေကို ကျပ်လွတ်လိုက်တော့ အဖေက မသင်္ကာဖြစ်ပြီး လတ်အောင်ကို ခေါ်ပြီး လေ့လာတာပေါ့၊ ပြီးတော့ ဘယ်လိုပြောရမလဲ အဖေက လတ်အောင်ကို နင်တို့ လက်ချက်ကြောင့် သံသယရှိနေတာကလည်းတစ်ကြောင်း ပြီးတော့ လတ်အောင်ရဲ့ ပင်ကိုယ်ဆိုင်တဲ့ ပုံစံကလည်း မိန်းမဆန်သလို ဖြစ်နေတာဆိုတော့ တကယ်ပဲလို့ ထင်သွားတော့တာပေါ့'

ဟု ပြောလိုက်ရာ အေးရွှေနှင့် အေးငွေက ရယ်ရယ်မောမောဖြင့်…

'ဟား… ဟား ဒါဆိုရင် နင့်အဖေက 'အချက်ကို မသိတော့ သက်ကို သူခိုးထင်တာ မဟုတ်ဘဲ' အချက်မသိတော့ သမက်ကို အခြောက်ထင်တာ ဖြစ်သွားတာပေါ့'

ထိုသို့ ပြောလိုက်ရာ အကုန်လုံး ဝိုင်းရယ်လိုက်ကြသည်။

'ဟုတ်ပကွာ… ဟား… ဟား… ဟား… ဟား'

၄င်းရယ်သံများသည် လတ်အောင်၏ နားစည်ကို ရိုက်ခတ်သွားပြီး အသည်းဆတ်ဆတ်ခါ နာကျင်မိလေသည်။

'တောက်… နေနှင့်ဦးပေါ့ကွာ… ဟင်း…'

'ထို့နောက်တော့ လတ်အောင်မှာ ရင်နာနာ၊ နားနာနာဖြင့် ဆက်လက်၍ မင်းညိုတို့ ပြောသမျှကို အသံဖမ်းထားသည်။ မေအေးတို့အုပ်စု၏ အကြောင်းအရာမျိုးစုံကို ဆက်လက်၍ အားရပါးရ ပြောဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုခဲ့သမျှ စကားလုံးများသည် စူးချွန်များသဖွယ်ဖြစ်နေ၍ လတ်အောင်အဖို့ နာကျင်ခံခက်လွန်းလှသည်။

ဤသို့ဖြင့် အချိန်အနည်းငယ် ကြာမြင့်သောအခါ လတ်အောင်မှာ အသံဖမ်း၍ လုံလောက်ပြီဟု ထင်မြင်မိသည်က တစ်ကြောင်း၊ ဆက်လက်၍လည်း နားထောင်နိုင်စွမ်း မရှိတော့သည်ကလည်း တစ်ကြောင်းတို့ကြောင့် ဆိုင်အတွင်းမှ ကုတ်ချောင်းချောင်းဖြင့် ပြန်လည်၍ ထွက်ခွာလာခဲ့သည်။

လက်ထဲတွင်တော့ မေဒေးနှင့် သီဟတို့၏ နှလုံးသားများကို ထက်ခြမ်းခွဲမည့် အသံဖမ်းယူထားသော ဖုန်းဟန်းဆက်ကို ဓားတစ်ချောင်းသဖွယ် ကိုင်ဆောင်ထားလျက် ဆိုင်အပြင်ဘက်သို့ ရောက်သောအခါ…

'ဟွန်း… မင်းတို့နဲ့ ငါနဲ့ တွေ့ကြပြီပေါ့ကွာ'

ဟု ကြုံးဝါးရင်း ကောက်ကျစ်သော အပြုံးကို ပိုင်ပိုင်နိုင်နိုင် ပြုံးလိုက်သည်။

❒ ❒ ❒



## အခန်း(၁၂)

ဦးထွန်းဝင်းမှာ ရင်ထဲ၌ ဒေါသတရားတို့ ဟုန်းဟုန်းတောက်လောင်သွားပြီး မျက်နှာကြီး နီလာကာ လက်ထဲ၌ ကိုင်ထားသော ဟမ်းဖုန်းကို ဆောင့်ချလိုက်သည်။

'တောက်… ငါကွာ… ဒုန်း…'

'ဟာ… ဟာ… မလုပ်ပါနဲ့ ဦးရယ်'

ထိုသို့ မျက်လုံးကြီးပြူးမြီး တားမြစ်လိုက်သော လတ်အောင်အား ဦးထွန်းဝင်းက မျက်တောင်နီကြီးဖြင့် ကြည့်၍…

'ဘာကြောင့် မင်းက လာတားနေတာလဲ၊ ဒါ… ဝါးနုက ဝါးရင့်ကိုပြန်ပတ်သွားတဲ့ကိစ္စကွ၊ ငါတစ်ခုခုကို ပြန်ကိုလုပ်မှဖြစ်မှာပေါ့၊ လာတားမနေနဲ့၊ ဟင်း'

'အဲ… အဲဒါကိုကျွန်တော်မတားပါဘူး၊ ခုတားတာက ကျွန်တော့်ဟမ်းဖုန်းကိုဦးဆောင့်ချလိုက်လို့တားမိတာပါ၊'

ထိုသို့ပြောလိုက်မှ ဦးထွန်းဝင်းအမှန်ကို သိမြင်သွားပြီး၊ မျက်တောင်ထိုး၍…

'အာ… အရေးထဲမင်းကလဲတစ်မျိုး'

'ဒီအမျိုးအစားက ဈေးကြီးလို့ပါဦးရဲ့'

'ကြီး… ကြီးကွာ၊ ပျက်ရင် ငါ ပြန်လျော်ပေးနိုင်တယ် ဟေ့'

'ဒါဆိုရင်လဲပြီးရောလေ…၊ ဆက်လုပ်ပါခင်ဗျ'

ဦးထွန်းဝင်း… လတ်အောင်တို့ 'ဘု'ကြည့်ကြည့်သည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် လတ်အောင်၏ ဖုန်းကိုပါ ထပ်၍ဘုကြည့် ကြည့်ပြန်သည်... သို့ရာတွင် လတ်အောင် အကြံပေးသလိုတော့ ဖုန်းကို ဘာမှ ဆက်မလုပ်ဘဲ... နေရင်းထိုင်ရင်း မလျော့ချင်၍ဖြစ်နိုင်သည်။

ပြီးမှ ဝုန်းခနဲ မတ်တပ်ထရပ်၍ ဟိုလျှောက်ဒီလျှောက် လျှောက်... သည်။

ထို့ကြောင့် လတ်အောင်လည်း မျက်လုံးလေး ကလယ်ကလယ်ဖြင့် ဟိုကြည့် ဒီကြည့် လိုက်ကြည့်သည်။

ဦးထွန်းဝင်းမှာ လေးပေပတ်လည် ဧရိယာခန့်ကို ခေါက်... ခေါက်ပြန် အပြင်းအထန်လျှောက်၍ မျက်မှောင်ကြီးပါကြုတ်ထားသည်...

ထို့ကြောင့် လတ်အောင်၏ ရင်ထဲတွင် ဒိတ်ခနဲ ပူပန်မိသွား၏...

'ဟင်း... ငါ့ကိုစိတ်ဆိုးသွားပြီးလား မသိဘူး...၊ ငါကို... မှားတာ မှားတာ သူ့ဘာသာသူဖုန်းကို ပျက်အောင်ပဲလုပ်လုပ်၊ မီးပဲ... ငါပြောကို မပြောသင့်ဘူး၊ အေးလေ... ဒါပေမယ့် ဒီဖုန်းကလဲ ... တယ်ဆိုတော့... အင်း...'

ထိုသို့ တောင်တောင်အီအီဖြင့် တွေးနေသည့်အချိန်... ဦးထွန်းဝင်းမှာ ခြေသြောင်းသွားခြင်းကြောင့်လား ဘာကြောင့်လား... လတ်အောင်၏ ရှေ့ခုံတွင် ဝုန်းခနဲ ပြန်၍ဝင်ထိုင်လိုက်၏။

'အား... ကလူး ကလူး လန့်လိုက်တာ ဦးရယ်...'

'ဘာကွ ဘာကို လန့်တာလဲ...'

'ဟို... ဟိုလေ ဝင်... ဝင်ထိုင်တာက ဝုန်းခနဲဆိုတော့ လန့်... လန့်သွားတာပါ'

'ကျွတ် မင်းဟာလေ...'

'ဟုတ်ကဲ့ ဦး... ကျွန်တော့်ဟာကို ဦးကြိုက်သလို လုပ်နိုင်... တယ်'

ထိုသို့ ဦးထွန်းဝင်း စကားမဆုံးသေးခင် လတ်အောင်... မျက်နှာငယ်ကလေးဖြင့် ဖြတ်၍ ပြောလိုက်ခြင်းကြောင့် ဦးထွန်း... နဝေတိမ်တောင် ဖြစ်၍သွားပြီး...

'ဘာလဲကွ... ငါက မင်းဘယ်ဟာကို ကြိုက်သလိုလုပ်... လဲ...'





'ဟိုလေ... ဖုန်းကိုပြောတာပါ ခင်ဗျ... ဦး ...ဆောင့်ပဲချချ ဘယ်လိုပဲချချ၊ ကြိုက်သလိုချနိုင်ပါတယ် ခင်ဗျ...'

ထိုအခါမှ ဦးထွန်းဝင်း သဘောပေါက်သွားပြီး...

'တောက်... ငါကွာ... မင်းဟာလေ အတော်ကို အူကြောင်ကြောင်နိုင်တဲ့ ကောင်ပဲကွ၊ ဒီမှာ ငါ မင်းဖုန်းကို ဘာမှ ဆောင့်ချမှာမှ... လိုတော့ဘူးကွ၊ နားလည်လား'

'ဒါဆိုရင် ဦးလေးက ဘာကို ဆောင့်ချမှာလဲဟင်'

'ငါဘာသာ ဘာပဲချချ အာ... မဟုတ်သေးပါဘူး၊ ကျွတ်... ...င်း အဲလို အူကြောင်ကြောင်တွေ လုပ်နေလို့ ငါ့သမီးက မင်းကို ပြန်... ကြိုက်တာနေမှာ'

'ခင်ဗျာ... ဟုတ်ကဲ့'

'ပြီးတော့ မင်းက ယောကျ်ားကြီးတန်မယ့် အသည်းကလည်း ...ယ်သေး၊ ကြောက်ကလည်း ကြောက်တတ်သေးဆိုတော့ ငါကလည်း ...င်းကို တကယ့် အခြောက်ကြီးလို့ ထင်သွားမိတာ မှားလား'

'ဟုတ်ကဲ့... မမှားပါဘူး ခင်ဗျာ'

'အေး... ဒါဆိုရင် မင်း ဒီနေ့ကစပြီး အနေအထိုင်တွေ ဆင်ခြင်... တော့'

'ဟုတ်ကဲ့ ကျွန်တော် ဘာတွေကို ဆင်ခြင်ရမှာလဲဟင် ဦး'

'ဒါတော့ကွာ ယောကျ်ားပီသစေတဲ့ အလုပ်တွေ လုပ်ပေါ့ကွာ၊ ...စာ အလေးတွေ ဘာတွေမ၊ သိုင်းတွေဘာတွေသင်၊ လမ်းလျှောက်ရင် ...ည်း ယောကျ်ားလို ကျားကျားယားယား လျှောက်တာတွေ ဘာတွေ ...ပေါ့ကွာ'

'ဟိုလေ... အဲဒါမျိုးတွေကို ကျွန်တော်က ဘာအတွက် လုပ်ရမှာ... လဲဟင်'

ထိုသို့ မေးလိုက်ရာ ဦးထွန်းဝင်း၏ မျက်နှာမှာ တည်ငြိမ်သွား... ပြီး...

'ဒီမှာ မောင်လတ်အောင်'

'ဟုတ်ကဲ့ ပြောပါဦး'

'အင်း... မင်း ငါ့သမီးနဲ့ လက်ထပ်ချင်တဲ့စိတ်ရှိသေးလား'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ လတ်အောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး…

'ခင်ဗျာ… ရှိ… ရှိတာပေါ့ ဦးရဲ့'

'အေး… ဒါဆိုရင်… ငါ ပြောတဲ့အတိုင်းလုပ်၊ သဘောကျပြီဆိုတာနဲ့ မင်းကို ငါ့သမီးနဲ့ ချက်ချင်းယေးစားပစ်မယ်'

လတ်အောင်မှာ ဝမ်းသာလုံးဆို့သွားဟန်ဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားပြီး…

'ဟုတ်… ဟုတ်ကဲ့ပါဦး၊ ဦးပြောတဲ့အတိုင်း ကျွန်တော် တစ်သဝေမတိမ်း လိုက်လုပ်ပါ့မယ်၊ အဟီး… ဝမ်းသာလိုက်တာ'

ဦးထွန်းဝင်း လက်ကာပြ၍…

'နေဦး… ငါ့စကား မဆုံးသေးဘူး'

'ခင်ဗျား… ဟုတ်ကဲ့ ပြောပါဦး'

'ခင်းကို ငါ ခုနက ပြောခဲ့တဲ့ ယောက်ျားပီသစေတဲ့ အလုပ်တွေအပြင် အင်္ကျီအဝတ်အစား ဝတ်တဲ့အခါကျရင် အရောင်အနုတွေ၊ အပွင့်တွေပါတဲ့ အင်္ကျီမျိုးကို လုံးဝမဝတ်ရဘူး'

'ဟုတ်ကဲ့ စိတ်ချပါ ဦး'

'အေး… ပြီးတော့ ကိုရီးယားအချစ်ကားတွေလုံးဝ မကြည့်ရတော့ဘူး၊ ကြည့်ချင်ကြည့် အက်ရှင်ကားလိုဟာမျိုးပဲ ကြည့်ရမယ်'

'ဟုတ်ကဲ့ စိတ်ချပါဦး၊ ကျွန်တော် ဒီနေ့ကစပြီး အကြမ်းဆုံး အရမ်းဆုံးဆိုတဲ့ ကားတွေကိုပဲ ကြည့်ပါတော့မယ်'

'ဟေ့ကောင် ငါပြောတာက အက်ရှင်ကားနော်'

'ဟုတ်ကဲ့ ကျွန်တော် ဆိုလိုတာကလည်း အက်ရှင်ကားပါဦး'

'အေး… ဒါဆိုလည်း ပြီးတာပဲ၊ နောက်တစ်ခုက မင်းဆိုင် ဝန်ထမ်းတွေကို လုံခြုံရေး ဝန်ထမ်းမှအပ ကျန်တဲ့ အရောင်းဝန်ထမ်းတွေ မိန်းကလေးပဲ အစားထိုးပြီး ခန့်ရမယ်'

'ဟုတ်ကဲ့… ကျွန်တော် အရောင်းဝန်ထမ်းကိုတောင်မှ မဟုတ်ဘူး၊ လုံခြုံရေးကိုပါ မိန်းကလေးချည်းပဲ ခန့်လိုက်ပါ့မယ် ဦး'

ပိုပါ့ကွာဆိုသည့် သဘောမျိုးဖြင့် ဦးထွန်းဝင်း လတ်အောင်ကို ဘုကြည့်ကြည့်သည်။ လတ်အောင်ကတော့ ရင်ကိုကော့၍ ယောက်ျားစင်စစ် အမူအရာကို အရိုးကြေကြေ အရည်ခမ်းခမ်း လိုက်လုပ်ပါ့မယ်ဟု အာမခံနေသည်။

ဦးထွန်းဝင်းက ခေါင်းညိတ်၍…

'အေး… ကောင်းပြီ ဒါဆိုရင် ငါ ဒီနေ့ကစပြီး မင်းကို စောင့်ကြည့်မယ်၊ မင်း အမျိုးတွေ ပြောင်းလာပြီဆိုတာနဲ့ ချက်ချင်း ငါ့သမီးနဲ့ ယေးစားပစ်မယ် ရှင်းပြီလား'

'ဟုတ်ကဲ့ ရှင်းပါပြီ ဦး၊ ကျွန်တော် ဒီနေ့ကစပြီး ဦးဖြစ်စေချင်တာတွေကို ဖြစ်လာအောင် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်'

'အေး… ကောင်းတယ်၊ မင်းဘက်က ဒီလို ကြိုးစားနေတဲ့အချိန်မှာ ငါ့ဘက်ကလည်း ငါ့သမီးကို ထိန်းသိမ်းဖို့ တာဝန်ရှိတယ်'

လတ်အောင် သဘောကျဟန်ဖြင့် တဟီးဟီး လုပ်နေသည်။

ထို့နောက် ဦးထွန်းဝင်းက စကားပြော၍ မောသွားဟန်ဖြင့်…

'ကဲ… ကဲ… ငါလည်း မင်းကို ပြောရတာ မောသွားပြီ မင်းလည်း သွားစရာရှိတာကို သွားတော့'

'ဟုတ်ကဲ့ ကျွန်တော် သွားလိုက်ပါဦးမယ်'

ထိုသို့ ခပ်ယို့ယို့လေး နှုတ်ဆက်ကာ ထိုင်ရာမှထ၍ လမ်းလျှောက်ထွက်စဉ်တွင် ဦးထွန်းဝင်း မျက်မှောင်ကြုတ်သွားပြီး…

'ဟေ့ကောင်… လတ်အောင်'

ဦးထွန်းဝင်း၏ လေသံမာမာကြောင့် လတ်အောင် တွန့်ခနဲဖြစ်သွားပြီး…

'ခင်ဗျာ… ဦး ကျွန်တော့်ကို ဘာပြောစရာ ကျန်သေးလို့လဲ ဦး'

ဦးထွန်းဝင်းဒေါသသံဖြင့်…

'မင်းကို ယောက်ျားပီပီ လမ်းလျှောက်ဖို့ ပြောထားတယ်လေ ဘာကိစ္စ ဖင်ကို လှုပ်လှုပ်ပြီး လျှောက်နေရတာတုန်း'

ဟု ပြောလိုက်ရာ လတ်အောင် နဝေတိမ်တောင်ဖြင့် ထိုင်ရာ ခုံပါးကို နောက်ပြန်ကြည့်ပြီး…

'လှုပ်… လှုပ်နေလို့လား ဦး'

'မလှုပ်ပဲနဲ့ မင်းကို ငါ ပြောမလားကွ'



www.burmeseclassic.com

www.burmeseclassic.com



လတ်အောင် ခေါင်းကုတ်မိ၏။ တင်ပါးကို မလှုပ်ဘဲ လမ်းဘယ်လို လျှောက်ရင် ကောင်းမလဲဟု ဆက်၍ စဉ်းစားမိ၏။

ကိုယ်က မွေးကတည်းက ဒီလိုပဲ လမ်းလျှောက်လာခဲ့သဖြင့် ဒီလိုပဲ တင်ပါးလှုပ်ခဲ့ရာ ယခု ချက်ချင်းကြီး မလှုပ်အောင် လျှောက်ဖို့ ဆိုတာက ဘယ်လွယ်ပါ့မလဲ။

ထို့ကြောင့် လတ်အောင် ကြံရာမရ ဖြစ်၍ သွားပြီး ယောက္ခမ လောင်းကြီး၏ ထပ်ပြောမခံရအောင် လမ်းမလျှောက်တော့ဘဲ တရုတ်သချိုင်း များကဲ့သို့ စုံလိုက် ခုန်ကာ ခုန်ဆွ ခုန်ဆွဖြင့် အခန်းထဲမှ ထွက်လာခဲ့ရ တော့သည်။

'တောက်… ခြေစုံခုန်ပြီး သွားတာတောင် တင်ပါးက လှုပ်ဖြစ် အောင် လှုပ်သွားသေးတယ်၊ ဘယ်လိုကောင်မှန်းကို မသိဘူး၊ ဟင်း'

ထို့နောက်တော့ ဦးထွန်းဝင်းမှာ တစ်စုံတစ်ခုကို သွားတွေးမိဟန် ဖြင့် အံကို ကြိတ်ကာ…

'ဟွန်း… မေအေး… မေအေး… ငါမွေးထားတဲ့ မျောက်က ငါ့ကို ပြန်ချောက်လို့ ရမလား၊ ဟင်း… ဟင်း ဒီနေ့ကစပြီးတော့ တွေ့ကြပြီပေါ့ကွာ'

❐ ❐ ❐

ထို့နောက်ပိုင်းတွင် မေအေးတစ်ယောက် ကျောင်းသို့ ရောက်လာ ခြင်း မရှိတော့ပါ။ တစ်ရက်၊ နှစ်ရက်ခန့် မင်းညိုတို့ ဘာမှ စိတ်ပူပန်ခြင်း မရှိသော်လည်း တစ်ပတ်မှ နှစ်ပတ်ခန့် ကြာမြင့်လာသောအခါ စိုးရိမ်ပူပန် မှုတို့ အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့ကြသည်။

ထို့ကြောင့် မိန်းကလေး သူငယ်ချင်းအချို့ကို အကူအညီတောင်း ပြီး အကျိုးအကြောင်း သိရှိစေရန် မေအေးအိမ်သို့ လွှတ်၍ စုံစမ်းခိုင်းခဲ့ သော်လည်း မေအေး အဖေက ၄င်းကောင်မလေးများကို မေအေးနှင့် အတွေ့မခံရုံသာမက ခြံထဲသို့ပင် အဝင်မခံခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မင်းညို၊ သီဟ၊ အေးရွှေနှင့် အေးငွေတို့ လေးယောက်





သား ကိုသန်းစိုး၏ ဆိုင်တွင်ထိုင်ကာ ခေါင်းချင်းဆိုင်၍ တိုင်ပင်ရတော့ သည်။ သီဟက ငိုမဲ့မဲ့ရုပ်ဖြင့်…

'မင်းညို… မေအေး တစ်ခုခုဖြစ်နေတယ် ထင်တယ်ကွ နော်'

ဟု ပြောလိုက်ရာ မင်းညိုက…

'ဘာလဲ… မင်းထင်တာ ကျန်းမာရေးလို ကိစ္စမျိုးကို ပြောတာ လား'

'အေးလေ… မပြောကောင်း မဆိုကောင်း ဒါပဲ ရှိတာကို'

မင်းညို ခေါင်းခါ၍…

'မဖြစ်နိုင်ဘူးကွ၊ မင်းတို့ပဲ စဉ်းစားကြည့်လေ၊ မေအေးသာ တကယ်လို့ နေမကောင်း ထိုင်မကောင်းဖြစ်နေတယ်ဆိုရင် ငါတို့ လွှတ် လိုက်တဲ့ သိတာတို့ အုပ်စုကို သူ့အဖေ မေအေးနဲ့ ပေးတွေ့မှာပေါ့ကွ၊ ခုဟာက ခြံထဲတောင် အဝင်မခံဘူးဆိုတော့ စဉ်းစားစရာတော့ ကောင်းသွား ပြီ'

ထိုသို့ ပြောပြီး မင်းညို စဉ်းစားနေသည့်ဟန်ဖြင့် မျက်မှောင်ကျုံ့ ၍ ငြိမ်သက်သွားသည်။ မင်းညို စဉ်းစားနေခြင်းကို ရိပ်မိသဖြင့် ကျန်သည့် လူများလည်း ဘာမှ မမေးမြန်းဘဲ အလိုက်တသိဖြင့် အသာငြိမ်ကာနေ၏။ ခဏကြာမှ မင်းညိုက သက်ပြင်းချ၍…

'အင်း… ငါ စဉ်းစားမိသလောက်ကတော့ ငါတို့တစ်တွေ လတ် အောင်ကို ချောက်(ကျောက်)တွန်းလိုက်တဲ့ကိစ္စက ပေါ်သွားပြီနဲ့ တူတယ်ကွ'

ဟု ပြောလိုက်ရာ သီဟက…

'အာ… မင်းကလည်း မဖြစ်နိုင်တာ၊ ဘယ်လိုလုပ်ပြီးတော့ ပေါ်မှာလဲကွ'

'အေး… ဘယ်လိုဖြစ်ပြီး သိသွားတယ်ဆိုတာကိုတော့ ငါလည်း စဉ်းစားလို့ မရသေးဘူး၊ ဒါပေမဲ့ လောလောဆယ် အခြေအနေမှာ ဖြစ်နိုင် ခြေအရှိဆုံးက ဒီကိစ္စပဲ ဖြစ်နေတယ်'

ထိုသို့ ပြောလိုက်ခြင်းကြောင့် သီဟ စိတ်လှုပ်ရှားသွားဟန်ဖြင့် ခေါင်းကုတ်၍…

'ဟာကွာ… ဒါဆိုရင်တော့ သွားပါပြီကွာ… ဟင်း'

ဟု ညည်းတွားလိုက်ချိန်တွင် မင်းညို ခန့်မှန်းချက်လို ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မည့်လူတစ်ယောက်က ပိုလီယိုလိုလို လေငန်းဆွဲနေသလိုလို ပုံစံဖြင့် လမ်းလျှောက်လာနေသည်ကို တွေ့လိုက်ရသည်။ ဒါကို အေးရွှေက အရင်မြင်၏။

'ဟာ… ဟော့ကောင်တွေ ဟိုမှာ လာနေတာ လတ်အောင်ဆိုတဲ့ ငတိမဟုတ်လား'

ထိုကြောင့် အေးရွှေညွှန်ပြရာသို့ အားလုံး ဝိုင်းကြည့်လိုက်မိသည်။

ဟုတ်ပါသည်။ လတ်အောင်ပါ၊ မျက်နှာအနေအထားနှင့် ပုံပန်းသဏ္ဌာန်အရ လတ်အောင်မှန်း သေချာပေမယ့် လမ်းလျှောက်လာသည့်ပုံကို ကြည့်ပြီး အားလုံး မျက်မှောင်ကြုတ်သွားကြ၏။

'ဟာ… ဒီလူ အသက်ကြီးမှ ပိုလီယိုပြန်ထလာတယ်နဲ့ တူတယ်'

'မဟုတ်ဘူးကွ၊ အောက်ပိုင်း လေဖြတ်သွားတာလား မသိဘူး'

'အာ… မင်းကလည်း အောက်ပိုင်းလေဖြတ်ရင် ဒီလို လမ်းလျှောက်လို့ ရပါ့မလားကွ'

'ဒါဆိုရင်လည်း လေငန်းဆွဲသွားတာပဲ ဖြစ်ရမယ်'

ထိုသို့ ဝိုင်း၍ ထင်မြင်ချက် ပေးနေချိန်တွင် လတ်အောင်မှာ အနားသို့ ရောက်လာ၏။ ထိုအခါ အေးရွှေက…

'ကျွတ်… ကျွတ်… စိတ်မကောင်းလိုက်တာ ကိုလတ်အောင်ရာ ဘာလဲ ပိုလီယို ပြန်ထလာလို့လား'

'ဘာကွ… ဟော့ကောင် စားပွဲထိုးကောင် မင်း ဘာစကားပြောတာလဲ'

ဟု ဒေါသသံဖြင့် ပြောလိုက်ရာ အေးငွေက…

'တွေ့လား… ငါ မင်းကို ပြောသားပဲ ပိုလီယို မဟုတ်ပါဘူး အောက်ပိုင်းလေဖြတ်သွားတာပါဆို၊ ဟုတ်တယ် မဟုတ်လားဟင် ကိုလတ်အောင်'

ဟု ထပ်၍ ပြောလိုက်ရာ လတ်အောင်မှာ ယခင်ကထက် ဒေါသထွက်သွားဟန်ဖြင့် ရှုးခနဲ ဖြစ်သွားကာ မျက်လုံးပြူး၍…

'မင်း… မင်း… ဘာ… ဘာပြောတယ်၊ မဟုတ်ဘူးကွ မဟုတ်ဘူး'





ဟု ဆိုလိုက်ရာ စကားပင်မဆုံးသေးခင် သီဟက…

'မင်းတို့ကောင်တွေကွာ၊ ပါးစပ်ထဲရှိတာတွေ လျှောက်ပြောနေတယ်၊ ခုနကတည်းက ငါပြောသားပဲ အောက်ပိုင်းလေဖြတ်တယ်ဆိုရင် ဒီလို လမ်းလျှောက်ပြီးတော့ လာလို့ ရမလားကွ၊ ဗိုးချဲနဲ့ လာမှာပေါ့၊ ဒါက လေငန်းဆွဲရုံတင် ဆွဲသွားတာ မယုံရင် မေးကြည့်လိုက်'

ထိုသို့ ပြောလိုက်ရာ အေးရွှေနှင့်အေးငွေက လတ်အောင်အား…

'ဟင်… ဒီကောင်ပြောတာ ဟုတ်လို့လား ကိုလတ်အောင်'

'မဟုတ်ဘူးကွ၊ မဟုတ်ဘူး၊ မင်းတို့ ထင်တာတွေ တစ်ခုမှ မဟုတ်ဘူး'

ထိုသို့ ပြောလိုက်စဉ်အချိန်တွင် မင်းညိုက ရုတ်တရက်ကြီး ထရယ်ပါတော့သည်။

'ဟား… ဟား… ဟား… ဟား'

ထိုအခါ လတ်အောင် ကြောင်စီစီဖြစ်သွားပြီး…

'ဟော့ကောင်… မင်း ဘယ်သူ့ကို ရယ်နေတာလဲ'

'ကျုပ်ဘာသာ ကျုပ် ဘယ်သူ့ကို ရယ်ရယ် ခင်ဗျား အပူပါလို့လား'

ထိုသို့ ရုပ်တည်ကြီးဖြင့် ပိတ်ဟောက်လိုက်ရာ လတ်အောင် အိုးတို့အန်းတန်းဖြစ်သွားပြီး…

'အဟင်း… မင်းကလည်း ငါက မသိလို့ မေးကြည့်မိတာပါကွ၊ ဒါသကြီးပဲ'

ထိုအခါ မင်းညို မျက်လုံးစွေကြည့်၍…

'အေးပေါ့လေ၊ ခင်ဗျားက သိချင်တယ်ဆိုတော့လည်း ရှင်းရတော့မပေါ့ဗျာ၊ ကျုပ် ရယ်လိုက်တာ ဘယ်သူ့ကိုလို့ ထင်သလဲ'

လတ်အောင် စိတ်ဝင်စားသွားဟန်ဖြင့်…

'ဘယ်သူ့ကိုလဲ ဟင်'

'ခင်ဗျားကိုပဲ'

'ဟင်…'

ဤသို့ လတ်အောင် အူတူတူဖြစ်သွားချိန်တွင် မင်းညိုက ပြုံးပြုံးကြီးသာ လေသံဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား... ဒီကောင်တွေဟာတော့ တစ်ခုမှမဟုတ်ဘူး မဟုတ်လား'

'အေးကွ... ဒါတော့ ဟုတ်တယ်'

'ဟဲ... ဟဲ သိနေတယ်လေ၊ အဲဒါကြောင့် ခင်ဗျား အခု ခွေးချေးတက်နင်းမိလာတာပဲ ဖြစ်ရမယ်၊ ဟုတ်တယ်ဟုတ်'

'ဘာ... ဘာကွ၊ ငါက ဘာကိစ္စကြောင့် ခွေးချေး တက်နင်းမိရမှာလဲ'

'ခွေးချေး တက်နင်းမိတာပဲဗျာ၊ ကိစ္စရှိမှ တက်နင်းရယ်တော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒီလိုပဲ မတော်တဆပေါ့၊ ဟုတ်တယ်နော်'

ထိုအခါ လတ်အောင် မျက်နှာ နီနီကြီးဖြင့်...

'မဟုတ်ဘူးကွ၊ မင်းနော် ပေါက်ကရတွေ လျှောက်ပြောမနေနဲ့'

'ဟော... ကြည့်၊ ပိတ်ပြီး ငြင်းနေပြန်ပြီ'

'အေး... အာ မဟုတ်ပါဘူး၊ ဒီမှာ ဟေ့ကောင်တွေ၊ ငါ့ဘာသာငါ ဒီလို ပုံစံနဲ့ လမ်းလျှောက်တာက ငါ့အကြောင်းနဲ့ငါကွ'

'ဘယ်လို ခင်ဗျား အကြောင်းနဲ့ ခင်ဗျား ဟုတ်လား'

'အေး...'

'ပြောပါဦး ဘာအကြောင်းလဲ'

ထိုအခါ လတ်အောင် ရင်ကို ကော့၍...

'ဒါက ယောကျ်ား ပီပီသသ လမ်းလျှောက်တဲ့နည်းကွ၊ ဟင်း... ဟင်း'

မင်းညိုတို့ အားလုံး နဝေတိမ်တောင်တွေ ဖြစ်ကုန်ကြ၏။

'ဘယ်လို ယောကျ်ားပီပီသသ လမ်းလျှောက်တဲ့ နည်း ဟုတ်လား'

'အေး... ဟုတ်တယ်'

'ဟား... ဟား... ဟား... ခင်ဗျားဗျာ တော်တော် ပေါက်ကရ ပြောတတ်တဲ့လူ'

'အေးလေ... ဒီလို ဝါးလုံးကြီးထောင်ပြီး တရွတ်တိုက်ဆွဲ တဲ့ပုံနဲ့ လမ်းလျှောက်တာက ယောကျ်ားပီပီသသ လမ်းလျှောက်နည်း ဟုတ်လား'





'ဟုတ်တယ်ကွာ အဲဒါ ဘာဖြစ်လဲ'

'ကဲပါ ထားပါဦး၊ ဒီလို လမ်းလျှောက်ရတယ်လို့ ခင်ဗျားကို ဘယ်သူအကြံပေးလိုက်တာလဲ'

လတ်အောင်က အရင်ကထက် ရင်ကိုပို၍ ကော့၍...

'အဲဒါ 'ခခ' ပေးလိုက်တာ ဟင်း... ဟင်း'

ထိုလတ်အောင်အောင် ပြောလိုက်သော 'ခခ' ဆိုသည့် နာမည်သည် မင်းညိုတို့ အုပ်စုနှင့် အလွန်စိမ်းပါသည်။ ထို့ကြောင့်...

'ခခ ဟုတ်လား ဘယ်သူလဲဗျ'

ထိုအခါ လတ်အောင် အောင်နိုင်သူဟန်ဖြင့် ခပ်သဲ့သဲ့ပြုံး၍...

'ဟင်း... ဟင်း အဲဒါ တခြားလူတော့ မဟုတ်ဘူးကွ၊ ငါ့ရဲ့ ယောက္ခမလောင်းကြီး မေအေးရဲ့ အဖေ ဦးထွန်းဝင်းကို ပြောတာ အဟင်း... ဟင်း...'

ထိုအခါ မင်းညိုတို့ အုပ်စု မျက်မှောင်ကျုံ့၍...

'ဒါဆိုရင် ဦးထွန်းဝင်းရဲ့ ငယ်နံမယ်က ဦးခခလား'

'အာ... ဘယ်ကလာ ငါ့ဘာသာငါ ယောက္ခထီးလောင်းကြီးမို့လို့ အလယ်ဆွတ်ပြီး 'ခခ' လို့ ခေါ်တာကွ သိပြီလား ဟွန်း'

ထိုသို့ ပြောလိုက်မှ မင်းညိုတို့လည်း သဘောပေါက်သွားတော့သည်။ တောက်... ကြောင်ပါ့ကွာ၊ ဘယ့်နှယ် ကိုယ့်ယောက္ခထီး လောင်းမို့လို့ အလယ်ဆွတ်ပြီး 'ခခ' လို့ ခေါ်ပါသည်တဲ့၊ အေးပေါ့လေ၊ အရှေ့ဆွတ်ပြီးခေါ်ရင် ယောက်ယောက်ဆိုတော့ ခေါ်လို့မှ မကောင်းတာ၊ အဲ... အနောက်ဆွတ်ပြီး ထီးထီးဆိုရင်လည်း ဘယ်သင့်တော်ပါ့မလဲ၊ ဒါကြောင့် အလယ်ဆွတ်ပြီး 'ခခ' လို့ ခေါ်တာ နေမှာ။

မင်းညိုက မျက်မှောင်ကုတ်၍...

'နေပါဦး... ခင်ဗျားက မေအေးအဖေကို ယောက္ခထီးလောင်းကြီးလို့ ပြောရလောက်အောင် ခင်ဗျားကို သူ့သမီးနဲ့ သဘောတူသေးလို့လား'

သီဟက ဝင်၍...

'အေးလေ... ဒီလောက် အခြောက်လို့ပြောပြီး အိမ်ပေါ်တက်ခံလိုက်ရတာတောင်မှ အရှက်ကို မရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောလိုက်ခြင်းကို လတ်အောင် နာကျင်ဟန်မပြဘဲ မျက်နှာကို မဲ့၍ ခေါင်းတခါခါဖြင့်...

'ရှက်ရမှာက ငါမဟုတ်ဘူးကွ၊ မင်းတို့... မင်းတို့တစ်တွေပဲ နားလည်ပြီလား၊ ကျွတ်... ကျွတ်...'

'အောင်မာ ခင်ဗျားကပဲ ပြန်ပြောရတယ် ရှိသေး'

'ပြောရမှာပေါ့ကွ၊ ဘာကြောင့်လဲ သိလား'

'အင်း... ပြောကြည့်ပါဦး'

လတ်အောင် သူ့ရင်ဘတ်ကို သူ တဗုန်းဗုန်းပုတ်၍...

'ငါက မင်းတို့ အကြံတွေကို သိသွားလို့ပဲကွ ဟား... ဟား'

'ဩော်... လတ်စသတ်တော့ ခင်ဗျားက ကျောင်းအိမ်သာကို ရောက်ပြီးသွားပြီကိုး'

ထိုသို့ မင်းညို ပြောလိုက်ရာ လတ်အောင် အူတူတူဖြစ်သွားပြီး...

'ဘာလဲကွ ငါက ဘာကိစ္စနဲ့ ကျောင်းအိမ်သာကို ရောက်ရမှာလဲ'

'ဟ... ခင်ဗျားပဲ ကျုပ်တို့ အကျန်တွေကို သိသွားပြီဆို'

'အေးလေ... အဲ့ဒါ ဘာဆိုင်လဲ'

'ဟင်... အိမ်သာထဲမှာပဲ ကျုပ်တို့ အကျန်တွေက ရှိမှာပေါ့ဗျ ခင်ဗျားကလည်း'

ထိုအခါ သီဟကပါ ဝင်၍...

'ဟုတ်ပ အပုံလိုက်... အပုံလိုက်ကြီးတွေ၊ ဟီး'

ထိုသို့ ပြောလိုက်မှ လတ်အောင် အကွက်လိုက်၊ အပုံလိုက် အဲ... အကွင်းလိုက်ကို သဘောပေါက်သွားကာ မျက်နှာရှုံ့မဲ့သွား၍...

'ထွီ... မင်းတို့ကောင်တွေဟာလေ၊ ငါပြောတဲ့ အကြံဆိုတာက မင်းတို့ ခေါင်းထဲက ထွက်လာတဲ့ အကြံတွေကို ပြောတာကွ၊ ဟွန်း'

'ဩော်... ဒီလိုလား၊ မသိဘူးလေဗျာ ခင်ဗျားက ရှင်းရှင်း မပြောတာ၊ ဒါနဲ့ ပြောပါဦး ခင်ဗျားက ဘာအကြံတွေကို သိသွားရတာလဲ'

ထိုသို့ မေးလိုက်သည်နှင့် တစ်ပြိုင်နက် လတ်အောင်က အိတ်ထဲမှ ဖုန်းကို ထုတ်၍ ထောင်ပြရင်း အောင်နိုင်သူပြုံး ပြုံးကာ...





'ဒါ ဘာလဲ သိကြလား၊ ဟင်း... ဟင်း'

'သိသားပဲ လမ်းဘေးက ကောင်လာတဲ့ ကလေးထားခဲ့တဲ့ဖုန်း အစုတ်ကြီး'

လတ်အောင် ဒွေ့ဒွေ့ခုန်သွားပြီး...

'မိုက်ရိုင်းလှချည်လားကွ၊ ဒါက ဒေါ်လာသုံးထောင်လောက်တန်တဲ့ ဖုန်းအကောင်းစားကွ၊ ဟွန်း'

'ဩော်... သိပြီ၊ ဒါဆိုရင် ကျုပ်တို့ကို ဒီဖုန်းလာပေးမလို့ပေါ့လေ၊ ပေး... ပေး ကျေးဇူးပဲ၊ အဟင်း'

ဟု ပြောပြီး အေးရှေ့ ထ၍ လုခြင်းကြောင့် လတ်အောင် လက်ကို အနောက်သို့ ကမန်းကတမ်း ဖွတ်ပြီး...

'အောင်မာ... ပေးစရာလား၊ ဒီမှာ ဟေ့ကောင်တွေ၊ ငါက မင်းတို့ကို ဒီဖုန်းထဲမှာ ဘယ်လို အသံတွေ ဖမ်းထားသလဲလို့ သိစေချင်လွန်းလို့ တမင်တကာ လာဖွင့်ပြတာ၊ နားလည်လား'

ထိုသို့ ပိုင်ပိုင်နိုင်နိုင်ပြောလိုက်ခြင်းကြောင့် မင်းညိုတို့လည်း တစ်စုံတစ်ခုကို သွား၍ တွေးမိပြီး ရုပ်တည်သွား၏။ ပြီးမှ...

'ဟုတ်လား... ကဲ လုပ်ပါဦး၊ ခင်ဗျားက ကျုပ်တို့ကို ဘာတွေများ နားထောင်စေချင်လို့လဲ'

'မင်း နားထောင်ကြည့်လေ'

သီဟက တစ်ခုခု ဝင်ပြောရန် ပြင်လိုက်စဉ်မှာပင် မင်းညိုက အသာနေရန် လက်ကာပြလိုက်၏။

ထို့နောက်တော့ လတ်အောင်က ငါးရှူပြုံးပြုံး၍ စပီကာ ခလုတ်ကို နှိပ်လိုက်သည်။

ပထမတော့ ဖွန်းသံလိုလို၊ ပန်းကန်သံလိုလို အသံများ ကြားနေသေး၏။ နောက်မှ မေဒေး၏ အသံကြည်ကြည်လေး ဦးစွာ ထွက်လာသည်။

'ခစ်... ခစ် နင်တို့လေ အခြောက်တွေလို ဝတ်ထားတော့ ဒီမှာ ရယ်ချင်စိတ်ကို မနည်း အောင့်ထားရတယ် သိလား၊ ခစ် ခစ်'

မင်းညိုတို့ အုပ်စု တစ်ယောက်မျက်နှာတစ်ယောက် အငိုက်

www.burmeseclassic.com



ဓါဝါဖြင့် ကြည့်မိလိုက်ကြသည်။ နောက်တော့ ဖုန်းထဲမှ မင်းညို၏အသံ ထပ်ထွက်လာ၏။

'အောင်မယ်... နှင်ကသာ ရယ်ချင်နေ သီလား၊ ငါတို့မှာ ဒီ အဝတ်အစားကြီးတွေနဲ့ မလွတ်လပ်တာက တစ်မျိုး၊ နင့်အဖေ ရိပ်မိသွားမှာ ကို စိုးရိမ်တာက တစ်မျိုး၊ ဟို ထူကောင် လတ်အောင် ရိပ်မိသွားမှာ တစ်မျိုးနဲ့ ဘယ်လောက်ထိ စိတ်ဒုက္ခရောက်ခဲ့ရသလဲဆိုတာကို သိရဲ့လား ဟွန်း'

ပြီးတော့ သီဟ၏ အသံ... အေးရွှေနှင့် အေးငွေတို့၏ အသံ စသည်ဖြင့် ပြည့်စုံစွာ ကြားလိုက်ရသည်။

နားထောင်၍ ပြီးသွားသောအခါ သီဟက ဒေါသသံဖြင့်...

'တောက်... ခင်ဗျားက တော်တော်သူခိုးကျင့် သူခိုးကြံလုပ် တတ်တဲ့ လူပဲဗျ'

ထိုအခါ လတ်အောင်က ပမာမခန့်ရယ်ပြဖြင့်...

'ဟေ့ကောင်... မင်းစကားပြောတာ ကြည့်ပြော၊ ဒီလို လုပ်ရပ် မျိုးတွေက မင်းတို့ဘက်က အရင်စတာကွ၊ ဟွန်း'

'စတော့ ဘာဖြစ်လဲဗျာ၊ ခင်ဗျား ဘာလုပ်ချင်လဲ၊ တောက်'

ဟု ပြောရင်း ဝုန်းခနဲ ထရပ်လိုက်လေ၏။

ထိုအခါ လတ်အောင် လန့်သွားဟန်ဖြင့် နောက်သို့ ကပျာကယာ အရင်ဆုတ်လိုက်ပြီးမှ...

'ဟေ့... ဟေ့... ကောင် မင်းနော် လက်... လက်မပါစေနဲ့ ငါက ခုတလောကမှ သိုင်းသင်ထားတာကွ၊ ဘာမှတ်လဲ ဟင်း'

ထိုအခါ သီဟက တင်းသွားပြီး...

'အောင်မာ... ခင်ဗျား သိုင်းသင်ထားတော့ရော၊ ကျုပ်က ကြောက်ရမှာလား... ဟွန်း'

ဟု ဆိုပြီး လတ်အောင်နားသို့ သွားဟန်ပြင်လိုက်စဉ်မှာပင် မင်းညို က...

'နေစမ်း သီဟ၊ ဘယ်လို ဖြစ်နေတာလဲ စိတ်ထိန်းစမ်း'

'လူပါးဝလွန်းလို့ပါကွာ၊ ဟင်း... တောက်'





'အေးပါ... ခုချိန်မှာ သွေးပူနေလို့ မဖြစ်ဘူးလေကွာ၊ ခေါင်း အေးအေးနဲ့ စဉ်းစားရမယ့် အချိန်၊ ကဲ... ကဲ... ပြန်ထိုင်၊ ပြန်ထိုင်'

ထိုသို့ ဖျောင်းဖျခြင်းကြောင့် သီဟ အံတကြိတ်ကြိတ်ဖြင့် ခုံပေါ်သို့ တာ ပြန်ထိုင်လိုက်သည်။

ထို့နောက် မင်းညိုက သီဟ အမှန်တကယ် ပြဿနာရှာလာချင် ထွက်ပြေးရန် အသင့်ဖြစ်နေသော လတ်အောင်ဘက်သို့ လှည့်၍...

'ကဲ... ကိုလတ်အောင် ခင်ဗျား ကျွန်တော်တို့ အကြောင်း သိသွားပြီဆိုတာတော့ ထားပါတော့၊ ထပ်ပြီး ဘယ်သူ့ကိုများ ဒီအကြောင်း တွေ ပြောလိုက်သေးလဲ'

ထိုသို့ မေးလိုက်ရာ လတ်အောင် မျက်နှာကို ချီ၍...

'ဘယ်သူ့ရှိရမှာလဲကွ၊ ငါ့ရဲ့ 'ခခ' ကိုပါ ပြောလိုက်တာပေါ့ကွ၊ ဟင်း... ဟင်း'

ဟု ပြောလိုက်ရာ သီဟ စိတ်မထိန်းနိုင်တော့ဟန်ဖြင့် ဝုန်းခနဲ ထရပ်ပြန်ပြီး...

'တွေ့လား မင်းညို၊ ဒီကောင် လူယုတ်မာ တောက်... ငါကွာ ဟင်း'

ထိုအခါ အေးရွှေနှင့် အေးငွေက သီဟကို စိတ်ထိန်းရန်ပြောပြီး ဆိုင်းဆွဲထားကြသည်။ မင်းညိုက သက်ပြင်းချ၍...

'အော်... ဒါကြောင့် မေဒေး အခုတစ်လော ကျောင်းမတက် တော့တာကိုး'

လတ်အောင်က ငါးသလောက်ပြုံးပြုံး၍...

'ခုတလောမှ မဟုတ်ဘူး၊ မေဒေးက နောက်လည်း ဘယ်တော့မှ ကျောင်းတက်တော့မှာ မဟုတ်ဘူး၊ ဟင်း... ဟင်း ဘာဖြစ်လို့လဲ ဆိုတော့ ဟေသည်က ငါ့ရဲ့ ဇနီးမယား မကြာခင်ဖြစ်တော့မှာမို့လို့ပဲကွ ဟား... ဟား ဒါကြောင့် ငါက မင်းတို့ကို အနေအထိုင် ဆင်ခြင်နိုင်အောင် လို့ စေတနာနဲ့ လာသတိပေးတာပါကွာ၊ ဟဲ... ဟဲ'

'ခင်ဗျား...'

သီဟ လုံးဝ ပေါက်ကွဲသွားဟန်ဖြင့် ရှူးခနဲ ထသည်။ လတ်အောင်ကလည်း လျှင်သည်။ ဒီတစ်ခါ သီဟဆိုသည့်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ထိန်း၍မရနိုင်မှန်း ရိပ်မိသဖြင့် ပြော၍ ပြီးပြီးချင်းပင် ပိုလီယို လက်သစ်လမ်းလျှောက်နည်းဖြင့် အမြန်လစ်သွားတော့သည်။

ထို့ကြောင့် သီဟသည် ဒေါသတို့ ဆူလောင်နိုးဝေ၍ ကျန်ရစ်ခဲ့သည်။ အတန်ကြာသည်အထိ မင်းညိုတို့ဝိုင်းဝန်း ဖျောင်းဖျမှ ဟင်းခနဲ သက်ပြင်းချ၍ တစ်ကိုယ်လုံး ပျော့ခွေသွားသည်။

နောက်တော့မှ အားအင်မဲ့သော လေသံမျိုးဖြင့်…

'မင်းညို… ဒီပုံအတိုင်းဆိုရင် ငါ မေဒေးကို လက်လွှတ်ဆုံးရှုံးရတော့မှာလားဟင်'

ထိုအခါ မင်းညိုက သီဟ၏ ပုခုံးကို နှစ်သိမ့်သည့် အနေဖြင့် လှမ်း၍ ပုတ်၍…

'မဆုံးရှုံးစေရပါဘူးကွာ၊ ဘာလို့ ငါတို့ ရှုံးရမှာလဲ'

'ဒါဆိုရင် ခု ငါတို့ ဘာဆက်လုပ်ကြမှာလဲဟင်'

'ငါတို့… အင်း'

ထိုသို့ ပြောပြီး မင်းညို စကားကို ခဏရပ်နားလိုက်ပြီးမှ ထပ်၍…

'မေဒေးကို သွားခိုးကြရုံပဲ ရှိတော့တာပေါ့ကွာ'

ဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချလိုက်သည့် လေသံမျိုးဖြင့် ပြော လိုက်တော့သည်။

□ □ □



## အခန်း(၁၃)

မိန်းမခိုးခြင်းဆိုသော ကိစ္စမျိုးသည် လွယ်မယောင်နှင့် ခက်၊ ခက်မယောင်နှင့် နက်ဆိုသော ကိစ္စမျိုးထဲတွင် တစ်မျိုး အပါအဝင် ဖြစ်မည်လား မသိပါ။

မိန်းကလေးဘက်ကရော ယောကျ်ားလေး ဘက်ကပါ သဘောတူညီပြီး သေချာစည်းဝါးကိုက်ကာ ကြံစည်ပြီး အချိန်းအချက်လုပ်၍ ခိုးပြေးလျှင်တောင်မှ အခက်အခဲတွေ၊ အဆင်မပြေမှုတွေ၊ လွဲချော်မှုတွေ စသည် ဖြင့် အနည်းနဲ့အများဆိုသလို ကြုံတွေ့ကြတတ်လေ့ရှိသည်။

ယခု မင်းညိုတို့က သီဟအတွက် မေဒေးကို သွားရောက်ခိုးပြေးမည်ဆိုခြင်းက အခိုးခံရသည့် ကာယကံရှင်ဖြစ်သူ မေဒေးကိုယ်၌ကတောင် သိရှိခြင်းမရှိသည့်အတွက် လုံးဝ… လုံးဝကို လွယ်ကူခြင်း ရှိမှာမဟုတ်သည့်အပြင် ဒုက္ခပါ ရောက်နိုင်ကိန်းကို ရှိနေသည်။

သို့ရာတွင် သီဟ၏ ရုပ်ပျက်ဆင်းပျက် လဒမှိုင် မှိုင်နေသည် ကြင်သရေမရှိသော အခွက်ကြီးကို ကြည့်နေရသည်မှာ သူငယ်ချင်းချင်း ဖြစ်သည့် မင်းညို၊ အေးရွှေနှင့် အေးငွေတို့အဖို့ လုံးဝ အဆင်မပြေခြင်းကြောင့် သို့ လက်တစ်ဖက်တည်းဖြင့် လက်ခုပ်တီးရန် ကြံစည်ကြရတော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကား ည (၂)နာရီ…

လူတွေ မပြောနိုင် ခွေးတွေတောင်မှ အိပ်မောကျနေတတ်သည့် အချိန်မျိုး။

၄င်းအချိန်တွင် လူငယ်လေးယောက် လမ်းမပေါ်၌ လမ်းသလားနေသည်။ အဲ… လမ်းသလားနေသည်ဆိုခြင်းထက် နှစ်ထပ်အိမ်လေး၏ ခြံရှေ့တွင် ရစ်သီ ရစ်သီ လုပ်နေသည်ဟု ပြောပါက ပို၍မှန်ပါလိမ့်မည်။ အေးရွှေက…

'ဒါ မေဒေးတို့ အိမ် သေချာပါတယ်နော် မင်းညို'

'အာ… တိုးတိုးပြောစမ်းပါ အေးရွှေရာ၊ ဟုတ်တယ်၊ သေချာတယ်'

သီဟာက စိတ်လှုပ်ရှားသည့် လေသံဖြင့်…

'မင်းညို ငါ မေဒေးအခန်းကို မသိဘူးနော်'

'မင်းကလည်း ကိုယ့်ရည်းစား အိမ်ရဲ့ ဘယ်အခန်းမှာလဲဆိုတာတောင်မှ မသိဘူးလား'

'သူမှ မပြောတာကွ၊ ပြီးတော့ စကားမဆက်စပ်မိတာလည်း ပါတယ်'

'ဟွန်း… တော်တော်ကော်င်းတဲ့အကောင်၊ မေဒေးက အိမ်ပေါ်ထ အခန်းမှာ တစ်ယောက်တည်းနေတာ၊ အောက်ထပ်မှာက သူ့မိဘတွေ နေတယ်'

'ဟုတ်တယ်… မင်းက ဘယ်လိုလုပ်ပြီး သိနေတာလဲ'

'ဒီလိုပဲ စုံစမ်းထားရတာပေါ့ကွ'

'ကြည့်စမ်း၊ ငါ့သူငယ်ချင်း တော်လိုက်တာကွာ၊ ငါတို့ မွေးလာတဲ့ ပထမဆုံးကလေးကို မင်းနာမည်ပေးပြီး ကျေးဇူးဆပ်ပါ့မည်ကွာ၊ ဟီး… ဟီး'

'အောင်မယ်… ငတိက အရေးထဲ အူမြူးနေသေးတယ်ဟ အထဲကို ဝင်ကြမယ်'

'ဟင်… ဘာဝင်လုပ်မှာလဲကွ'





'ဟာ… မေဒေကို ဝင်ခိုးမှာလေ'

'ရုပ်ရှင်ထဲကလို အပြင်ကနေပြီးတော့ ခဲနဲ့ပေါက်ပြီး အချက်ပြလို့ မရဘူးလား'

'ရမလားဟဲ့ ငတုံးရဲ့၊ မေဒေး မနိုးဘဲ သူ့အဖေကြီး နိုးသွားရင် ဘယ်လိုလုပ်မလဲ'

'အေး… ဟုတ်တယ်နော်'

မင်းညိုက အေးရွှေနှင့် အေးငွေဘက်သို့ လှည့်၍…

'ကဲ… မင်းတို့ နှစ်ယောက်က ငါတို့ အိမ်ထဲ ဝင်နေတဲ့အချိန်မှာ တစ်ခုခု အခြေအနေ မကောင်းရင် လှမ်းပြီး အချက်ပေးလိုက်ကြားလား'

'ငါတို့က ဘယ်လို အချက်ပေးရမှာလဲ'

'ကျွတ်… တစ်ခုခု အော်လိုက်ပေါ့ကွာ'

'အေးလေ… ဘယ်လို အော်ရမှာလဲလို့'

ထိုအခါ မင်းညိုလည်း စိတ်အချဉ်ပေါက်သွားပြီး…

'ခွေးလို အူလိုက်ကွာ ဟင်း'

'အဟား… ဒါများ လွယ်လွယ်လေး၊ အခုတောင် အစမ်းအူပြရမလား'

'အာ… ဒီကောင်တွေကွာ၊ ငါ လုပ်လိုက်ရ သေတော့မယ်၊ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ အပြင်မှာ သေချာစောင့်ကြည့်နေ ဟင်း'

'အေးပါကွာ၊ ငါတို့က နောက်တာပါ၊ စိတ်ချပြီးတော့သာသွား အပြင်မှာ လူရိပ်လူခြည်တွေ့တာနဲ့ ငါတို့ အချက်ပြလိုက်မယ်'

ထိုသို့ ဟောက်လိုက်မှ မျက်နှာပိုးသေသွားပြီး…

'သီဟ… ငါ မင်းကို မှာလိုက်တဲ့ ကြိုးခွေရော ပါရဲ့လား'

သီဟက ကြိုးထည့်ထားသော အင်္ကျီရင်ဘတ်ထဲသို့ ပုတ်ပြ၍…

'အေး… ပါတယ်'

'ဟုတ်ပြီ… ဒါဆို… ငါတို့ နှစ်ယောက်ဝင်ကြမယ်'

သီဟ နဝေတိမ်တောင်ဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'မင်းညို... ငါတို့က ဒီခြံတံခါးကြီးကို ကျော်ဝင်ရမှာလားဟင်'

'အေးလေ ဘာဖြစ်လို့လဲ'

'အပေါ်မှာ သံချွန်ကြီးတွေနဲ့ကွ'

'ဘာဖြစ်လဲကွာ...၊ မညီအောင် သတိထားပြီးတော့ ကျော်ပေါ့'

'ထိ... ထိမိသွားရင်ကော ဟင်'

'အဲ့ဒါဆိုရင်တော့... မင်းဘဝ မင်းဘာသာ တွေးပေါ့'

သီဟ တွန့်ခနဲ ဖြစ်သွားပြီး ကြက်သီးတဖျန်းဖျန်း ထသွားလေ၏။

'ဘုရား... ဘုရား မိန်းမမရဘဲ ငါ ကိုယ်ကျိုးနည်းတော့မယ်နဲ့တူတယ်'

ထို့နောက်တော့ မင်းညိုနှင့် သီဟတို့နှစ်ယောက်သား ခြံတံခါးကို ကြိုးစားပမ်းစားဖြင့် ကျော်တက်ကြသည်။

ထိုသို့ ကျော်တက်ရာတွင် မင်းညိုထံမှ မည်သည့်အသံမျှ မထွက်ဘဲ သီဟထံမှ ရသမျှ ဘုရားစာပေါင်းစုံကို တီးတိုးရေရွတ်နေသည့် အသံက မရပ်မနား ထွက်နေသည်။ နောက်ဆုံး ခြံဝင်းအတွင်း မြေကြီးနှင့် ခြေထောက် ထိကာမှ ဘုရားစာရွတ်သံ တိတ်သွားတော့သည်။ ဒါတောင်မှ အစာလိုက် အနေဖြင့် 'ဘုရား... ဘုရား တော်ပါသေးရဲ့'ဟု ထပ်၍ ရေရွတ်လိုက်သေးသည်။ မင်းညိုက တီးတိုးသံဖြင့်...

'ဟေ့ကောင် အဆင်ပြေလား'

သီဟ တံတွေးကို တစ်ချက်မျိုချ၍...

'အေး... ပြေသလိုလိုပါပဲ'

'ဒါဆိုလည်း သွားမယ်လာ...'

ထို့နောက်တော့ မှောင်ရိပ်ကွယ်သည့်နေရာမှ ဝရန်တာရှိရာသို့ ရှေးရှုသွားကြသည်။ ဝရန်တာအောက်သို့ ရောက်သောအခါ သီဟက မော့ကြည့်၍...

'မင်းညို... မင်း ငါ့ကို ကြိုးမှာလိုက်တာ ဒီဝရန်တာပေါ် တွယ်တက်ဖို့ အတွက်လား'

'အေး...'





'မဖြစ်နိုင်ဘူး ထင်တယ်နော် သူငယ်ချင်း'

'ဘာဖြစ်လို့လဲကွ'

'မင်းပဲ စဉ်းစားကြည့်လေ၊ ကြိုးနဲ့ တွယ်တက်ဖို့ဆိုတာ အဲ့ဒီကြိုးတစ်စက အပေါ်မှာ တစ်ခုခုနဲ့ ငြိနေမှ ဖြစ်တာ၊ အဲဒီလို ငြိအောင် ပစ်တင်ဖို့ ဆိုတာကလည်း ငါတို့က ကောင်းဘွိုင်တွေ မဟုတ်တော့ လွယ်တာ မဟုတ်ဘူး၊ ဒါကြောင့်'

ထိုနေရာတွင် စကားစကို ဖြတ်၍ မင်းညိုကို လှည့်ကြည့်လိုက်တော့ မင်းညိုက...

'ဒါများ လွယ်လွယ်လေးပါကွာ၊ ငါ အရင် အပေါ်ကိုတက်ပြီး မင်းကို ကြိုးနဲ့ဆွဲပြီး တင်လိုက်မှာပေါ့'

ထိုသို့ ပြောလိုက်ရာ သီဟက အံ့သြသင့်ဟန်ဖြင့် မင်းညိုကို ကြည့်ပြီး...

'ဘယ်လို... မင်းက အရင်အပေါ်ကို တက်မယ် ဟုတ်လား'

'အေး...'

'လုပ်စမ်းပါဦး... ဘယ်လို တက်မှာလဲ'

'အင်း... ဘယ်လို တက်မှာလဲ ဆိုတော့'

ဟု ပြောရင်း မင်းညိုက သီဟအား အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။ ထို့နောက်...

ညကတော့ မှောင်မိုက်၍ ကောင်းဆဲ၊ ကောင်းမြဲ။

□ □ □

မင်းညို မိမိခန္ဓာကိုယ်ကို ဟန်ချက်ညီညီအောင် ဟိုယိမ်းဒီယိမ်းဖြင့် ထိန်းသိမ်းရင်း အသံကြိတ်ကြိတ်ဖြင့်...

'ဟေ့ကောင် သီဟ ထတော့လေကွာ၊ ဘာလုပ်နေတာလဲ'

'အား... အင်း ထနေတာပဲကွ၊ မင်း ခန္ဓာကိုယ်ကြီးက အရမ်း လေးနေတာကိုး၊ အား... အီး အင်း'

'အဲလောက်လည်း မဟုတ်ပါဘူးကွာ၊ ဒါတောင်... ငါ



www.burmeseclassic.com

www.burmeseclassic.com



မှာ တိုယ်ပေါ့အောင် အိမ်သာ ဝင်တက်ထားသေးတယ်၊ ကဲ··· ကဲ··· သူငယ်ချင်း မိန်းမလိုချင်တယ်မဟုတ်လား၊ ကြိုးစားပြီးတော့ ထ··· ထ'

ထိုသို့ မင်းညို အားပေးလိုက်ခြင်းကြောင့်လည်းကောင်း၊ ကိုယ်ကိုယ်၌ကလည်း မိန်းမလိုချင်တာ တစ်ပိုင်းမက သေနေခြင်းကြောင့်လည်းကောင်း သီဟ ကြိုးစား၍ အားစိုက်ကာ ကုန်းရုန်းထရှာပါသည်။

'အာ··· အင့်··· အီး··· အီး ဟင်'

ဤသို့ ဖြစ်လာရခြင်းမှာလည်း အကြောင်းရှိသည်။ ဝရန်တာပေါ်ကို နှစ်ယောက်စလုံး ကြိုးဖြင့်ဆွဲကာ တက်ဖို့ဆိုတာက ဖြစ်နိုင်ချေ မရှိခြင်းကြောင့် လူတစ်ယောက်အပေါ်ကို အရင်ရောက်ဖို့ လိုသည်။ ဝရန်တာအမြင့်ကလည်း လူနှစ်ရပ်သာသာခန့်သာ မြင့်ခြင်းကြောင့် မင်းညိုက အခြေပေါက်ပြီး သီဟ ဂုတ်ပေါ် ခွရပ်ကာ ယခုကဲ့သို့ အပေါ်ဘက် ဝရန်တာအောက်ခြေကို မှီရန် ကြိုးစားနေကြခြင်း ဖြစ်သည်။

ဒီအစီအစဉ်ကို စတင်အကြံပြုတုန်းက အောက်က နေရမှာဖြစ်ခြင်းကြောင့် သီဟက အင်တင်တင်ရှိပ်ဖြင့် မလုပ်ချင်ဘူး၊ ဘာညာ လုပ်နေသေးသည်။ နောက်မှ မင်းညိုက မိမိသည် ကိုယ်ဖော့ပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်ထားသည်ဟု သီဟ ယုံလောက်အောင် ပြောလိုက်မှ ဤကဲ့သို့ ပြုလုပ်ရန် လက်ခံခဲ့ခြင်းဖြစ်သည်။

သို့သော် ကိုယ်ဖော့ပညာတတ်ပါသည်ဆိုသော ကောင်၏ ခန္ဓာကိုယ်က တောင်ကြီးတစ်တောင်လို လေးလံနေခြင်းကြောင့် သီဟမှာ ခံဆန့်၍တောင် မရဘဲ ဤသို့ ကုန်းကုန်းကြီး ဖြစ်နေရခြင်း ဖြစ်လေ၏။

'အား··· အီး··· မင်းပြောတော့ ကိုယ့်ဖော့ပညာ တတ်တယ်ဆို'

'အေးလေ··· ဒီကို မလာခင်လေးကမှ သိုင်းစာအုပ် ဆယ့်နှစ်အုပ်တွဲကိုကုန်အောင်ဖတ်ပြီး ကျင့်လာတာ၊ ဟီး··· ဟီး'

'မိုက်ရိုင်းလှချည်းလား၊ ခု မင်းဟာ ကိုယ်ဖော့ပညာ မဟုတ်ဘူး ကိုယ်လေး ပညာဖြစ်နေတယ်ကွ၊ အီး'

'ဟုတ်လား ကေန္တ ငါ့ကျင့်စဉ်မှားသွားလို့ပဲ ဖြစ်မယ်၊ ဆောရီးကွာ သူငယ်ချင်း၊ ဆောရီး··· ခုတော့ မင်းဒီထက်ပိုပြီး အား[illegible] ညည်း ထပ်စိုက်လိုက်စမ်းပါကွာ၊ နော်··· နော··· ဟဲ··· ဟဲ'

'ခွေးမသား'

ထိုသို့ မကြားတကြားဆဲ၍ သီဟမှာ ရှိသမျှ အားအကုန်ညှစ်ညည်း၍ ဖျစ်ညှစ်ကာ ခါးကို ဆန့်ချလိုက်သည်။

'အား··· အီး··· အင်း··· ဖြစ်··· တစ်··· တစ်'

'ဟာ··· မိပြီကွ··· မိပြီ'

သီဟ ထိုသို့ ခါးဆန့်သွားသည်နှင့် တစ်ပြိုင်နက် မင်းညိုကလည်း ဝရန်တာအောင်ခြေတိုင်ကို မြဲမြံစွာ လက်ဖြင့် ခိုမိသွားသည်။

ထိုနောက်တော့ အခြေအနေသည် လွယ်ကူသွားပြီး လက်ရော ခြေရော အားစိုက်၍ ဝရန်တာဘက်သို့ ခိုတက်သွား၏။

ပြီးနောက် ခဏမျှ အမောဖြေ၍ ဝရန်တာလက်ယမ်းတွင် ကြိုးတစ်ချောင်းကို ခိုင်မြဲအောင် ချည်၍ ကျန်ကြိုးကို အောက်သို့ပစ်ချလိုက်ပြီး···

'ဟေ့ကောင်··· အဲဒီကြိုးကို ခိုပြီးတော့ တက်ခဲ့လေ'

ဟု ပြောလိုက်သော်လည်း သီဟမှာ ကြောင်စီစီပုံစံဖြင့် ငူငူကြီး ထိုင်၍ ရပ်နေခြင်းကြောင့်···

'ဟေ့ကောင်··· ဘာလုပ်နေတာလဲ မြန်မြန်တက်ခဲ့လေကွာ'

ထိုသို့ ပြောလိုက်မှ သီဟ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး အပေါ်ကို မော့၍···

'ငါ··· ငါ ထွက်··· ထွက်ကျသွားလို့ကွ'

'ဘာလဲကွာ၊ ဘာထွက်ကျသွားလို့လဲ'

'အီး···'

'ဘာဖြစ်တယ်'

'ဟုတ်တယ်ကွ ခုနက အားစိုက်တာ လွန်သွားပြီး နောက်ပေါက်ကနေ ချေးထွက်ကျသွားတာ'

'အာ···'

မင်းညို ယောင်ယမ်းပြီး နှာခေါင်းပိတ်မိလိုက်သေးသည်။ ပြီးမှ ပြုံးချ၍···

www.burmeseclassic.com



'အေး… ပြန်ကောက်ထည့်လို့ မရမယ့်အတူတူ ဒီအတိုင်းပဲ တက်ခဲ့ပါတော့ကွာ၊ ဟင်း'

ထိုသို့ ပြောလိုက်မှ သီဟ ကြိုးကို တွယ်၍ အပေါ်သို့ ကုတ်ကပ် တက်လာသည်။ သီဟ အပေါ်သို့မရောက်မီ မင်းညိုက ကြိုတင်ကာကွယ် ထားသည့်အနေဖြင့် လက်ကိုင်ပဝါတစ်ထည်ကို ထုတ်၍ နှာခေါင်းကို အုပ်ကာ စည်းထားလိုက်သည်။

သီဟ ဝရန်တာဘက်သို့ ရောက်သောအခါ ပက်လက်လှန်၍ အမောဖြေသေးသည်။ ပြီးမှ ငုတ်တုတ်ထထိုင်၍…

'မင်းညို… ခု ငါတို့ ဘာဆက်လုပ်ကြမှာလဲ'

မင်းညိုက ဝရန်တာ တံခါးကို လက်ညှိုးထိုးပြ၍…

'ဒီတံခါးကို ရအောင်ဖွင့်ပြီး အထဲကို ဝင်ရမှာ'

'ဒါဆို ဒီတံခါးကို ဘယ်လိုဖွင့်မှာလဲ'

'ဘယ်လိုဖွင့်ရမလဲဆိုတော့… ဒီလိုကွာ…'

□ □ □



## အခန်း(၁၄)

ငှင်းအချိန်တွင် အေးရွှေနှင့် အေးငွေညီအစ်ကိုနှစ်ယောက်မှာ လမ်း မီးများ ထိန်ထိန်ထွန်းထားသော မေအေးတို့ အိမ်ရှေ့ လမ်းမပေါ်တွင် လမ်းသလားနေကြသည်။

မင်းညို၏ ပြောကြားချက်အရ လှုရိပ်လှုခြေကြည့်ရန် တာဝန်ရှိ သော်လည်း အချိန်အနည်းငယ်ကြာလာသော်လည်း လူမပြောနှင့် ခွေးတစ် ကောင်ပင် တွေ့ရခြင်း မရှိသည့်အတွက် ကြာတော့လည်း နှစ်ယောက် သား ပျင်းလာ၏။

'ဝါး… ပျင်းလိုက်တာကွာ'

'အေးကွာ… အိပ်တောင် အိပ်ချင်လာပြီ'

ထိုသို့ တဝါးဝါးသန်းဝေရင်းမှ အေးရွှေ အကြံတစ်ခု ရလာ၏။

'ဟာ… ဟုတ်ပြီ အေးငွေ၊ မင်းနဲ့ငါ အိပ်ချင်ပြေအောင် တစ်ခုခု ကစားရအောင်ကွာ'

'အေး ကောင်းသားပဲ၊ ဘာတိုင်း ကစားမှာလဲ'

'ဟိုကွာ… ထုတ်စည်းထိုးတန်း ကစားကြမယ်ကွာ'

'အာ… မင်းကလည်း အဲ့ဒါက မိန်းကလေးတွေ ဆော့တဲ့ ဟာမျိုးကွ၊ ပြီးတော့ လူအများနဲ့ ကစားရတာ ငါတို့က နှစ်ယောက်တည်း ရှိတာ ဘယ်လိုလုပ်ပြီး ဖြစ်မှာလဲ'

'အေးကွ… ဟုတ်သားပဲ၊ ဒါဆိုရင် ကုလားမ ချည်နှောင်[illegible] ကွာ'

'ကျွတ်… စည်းဆွဲ ဘာဆွဲနဲ့ အလုပ်ရှုပ်တယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'အဲ့ဒါဆိုလည်း ငါ မသိတော့ဘူးကွာ၊ မင်းဘာသာ မင်း စဉ်းစားတော့'

ထိုသို့ လွှဲချလိုက်ရာ အေးငွေလည်း ခေါင်းကုတ်၍ ဘာကစားရလျှင် ကောင်းမလဲဟု စဉ်းစားကာ ဟိုကြည့် ဒီကြည့်လိုက်ကြည့်သည်။ ခဏကြာမှ အကြံရသွားဟန်ဖြင့်…

'ဟာ… ဟုတ်ပြီ ငါတို့ ဂေါ်လီရိုက်ကြမယ်'

'အာ… မင်းကလည်း ဂေါ်လီမှ မရှိတဲ့ဟာကို'

'ဂေါ်လီ မရှိလည်း ခဲလုံးနဲ့ ရိုက်မှာပေါ့ကွာ၊ ဘာဖြစ်လဲ'

'အေး… ကောင်းသားပဲ ချကွာ'

ထိုသို့ သဘာတူညီမှု ရသွားသောအခါ လုံးဝန်းသော ခဲတစ်ယောက် တစ်လုံးစီ ကောက်ကိုင်လိုက်ကြသည်။ အဆင့်သင့်ဖြစ်သောအခါ အေးရွှေက…

'ကဲ… ငါတို့ ဘာကြေး ကစားမှာလဲ'

ဟု မေးလိုက်ရာ အေးငွေက အေးရွှေကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး…

'ပိုက်ဆံကြေး ဆော့ကစားရင် ကောင်းမလား၊ မျက်လုံး ကျသွားတာပေါ့'

'သိပ်ရတာပေါ့၊ ဘယ်လောက်ကြေးလဲ'

'ထိရင် နှစ်ရာကွာ၊ လွှာရင် တစ်ရာ၊ ဘယ်လိုလဲ'

'ရတယ်လေ… ချ'

ထို့နောက်တော့ ညီအစ်ကို နှစ်ယောက် ည နှစ်နာရီထိုးအချိန်ကြီးတွင် လမ်းမပေါ်၌ ခဲလုံးဖြင့် သဲကြီးမဲကြီး ဂေါ်လီရိုက်ကြသည်။ ထိုအချိန်တွင် မင်းညိုနှင့် သီဟမှာလည်း…

□ □ □

မင်းညိုအိတ်ထဲမှ တိပ်အဝါပြားကြီးကို ထုတ်လိုက်သည်ကို သီဟ တွေ့လိုက်ခြင်းကြောင့်…

'အဲဒီတိပ်က ဘာလုပ်မလို့လဲ မင်းညို'





'မှန်ကိုကပ်မလို့ကွ'

'မှန်ကိုကပ်ပြီးတော့ရော'

'ကျွတ်… မင်းကလည်း အဲ့ဒီ ကပ်ထားတဲ့ နေရာကို ခေါက်ခွဲမှာကွာ'

ထိုသို့ ဘုဆတ်ဆတ်ပြောလိုက်မှ သီဟ ခပ်ရေးရေး သဘောပေါက်သွားလေသည်။ ဟုတ်သည်။ နိုင်ငံခြား ရုပ်ရှင်ကားတွေမှာ ဒါမျိုးတွေ ခဏခဏမြင်ဖူးသည်။ တိပ်နဲ့ မှန်ကို ကပ်ထားပြီး လက်သီးနဲ့ဖြစ်စေ ဒုန်းဆို တစ်ချက်တည်းထိုးလိုက်တာ မှန်စတွေက ကြေသွားရော။ ပြီးတော့မှ တိတ်ကို ပြန်ခွာလိုက်တော့ အဲဒီကြေသွားတဲ့ မှန်စတွေက တိတ်မှာ ကပ်ပါလာပြီး အပေါက်ဖြစ်သွားတော့ အထဲက တံခါးဂျက်ကို အလွယ်တကူ ဖြုတ်လို့ရတာပေါ့၊ ကြည့်စမ်း ငါ့သူငယ်ချင်းကြီးမင်းညို တော်တော်ဉာဏ်ကောင်းတဲ့ကောင်၊ ငါနဲ့ မေအေးနဲ့ ညားရင် ပထမမွေးလာတဲ့ ကလေးရော ဒုတိယမွေးလာတဲ့ ကလေးနှစ်ယောက်စလုံးကို ဒီကောင့် နာမည်ချည်းပဲ ပေးရမယ်၊ ပထမ ကလေးက မင်းညို တစ်ပေါ့၊ အဲ… ဒုတိယ ကလေးကတော့ မင်းညို နှစ်ပေါ့။ ဟီး… ဟီး။

ထိုသို့ သီဟ စိတ်ကူးဖြင့် အူမြူးနေချိန်တွင် မင်းညိုက တိတ်ကပ်၍ ပြီးစီးသွားသဖြင့် သီဟ နံမည်ကို ခေါ်နေသည်မှာ ဆယ်ခါလောက် ရှိနေပါပြီ။

'သီဟ… သီဟ ယောကောင်… သီဟ အာ ဒီကောင်တော့ကွာ။ ယောကောင်'

မင်းညို စိတ်မရှည်တော့ဘဲ သီဟ ငယ်ထိပ်ကို ခပ်ဆတ်ဆတ် ခေါက်လိုက်မှ သီဟ သတိဝင်သွားပြီး…

'ယော… ဘာလဲ ဘာလဲကွ'

'ဘာလဲကွ လုပ်မနေနဲ့၊ ဒီမှာ ရနေပြီကွ'

'ဟာ… အထဲတောင် ဝင်လို့ ရနေပြီ ဟုတ်လား၊ မြန်လိုက်တာ'

'မင်းကြီးဒေါ်လင်ကြီး အထဲကို အထဲကို ဝင်ပါလား။ ငါ ပြောတာက ဒီမှန်ကို ခွဲလို့ ရနေပြီလို့ ပြောနေတာ၊ ဟွန်း'

'သြော်… အေး… အဲဒါဆိုရင် ခွဲလေ'

'အာ… ဒီကောင် မင်းကို ခွဲခိုင်းနေတာကွ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား… ငါ ဘာနဲ့ ခွဲရမှာလဲ ခွဲစရာ ပေးလေ'

'ဘာမှ မပါဘူး၊ လက်သီးနဲ့ပဲ ထိုးခွဲ ဟွန်း'

'အော်… အေး…ပြီးရော… ပြီးရော'

ထိုသို့ ဟုတ်တိပတ်တိ ပြောပြီး အင်္ကျီလက်တွေ အပီအပြင် ခေါက်၍ လက်ဆစ်ပါ တဖျောက်ဖျောက်မြည်နေအောင် ချိုးလိုက်သေးသည်။ ပြီးနောက် တိတ်ကပ်ထားသည့် နေရာကို သေချာစမ်းကြည့်ရာ…

'မင်း ကပ်ထားတာ ခိုင်ပါတယ်နော် မင်းညို'

'ခိုင်ပါတယ်ကွာ၊ လုပ်သာ လုပ်စမ်းပါ'

'အေးပါ… အေးပါ'

သီဟ မှန်ကို ထိုးမလိုလို လုပ်သေးသည်။ ပြီးမှ ကိုယ်ရှိန်သတ်၍…

'မင်းညို ငါ ကြားဖူးတာကလေ မောင်ရင်လောင်းနဲ့ သတို့သားလောင်းက အန္တရာယ်ရှိတာတွေ မလုပ်ရဘူးဆို၊ ခု ဒီမှန်ကို ကြည့်ရတာ အန္တရာယ်ရှိသလိုလို ဘာလိုလိုနဲ့ အဟင်း'

'ကျွတ်… မင်းဟာလေ လုပ်သာ လုပ်စမ်းပါကွာ၊ ဘာအန္တရာယ်မှ မရှိစေရဘူး၊ ငါ အာမခံပါတယ်။

'မဟုတ်သေးဘူး ထင်တယ်နော်၊ ဒီမှန်ကို ကြည့်ရတာ လက်ပဲနာမလား၊ မှန်ကွဲပဲ စူးမလား တစ်ခုခုတော့ ဖြစ်လောက်တယ် ထင်တယ်နော်'

မင်းညို စိတ်သိပ်မရှည်တော့ပါ။

'ဟေ့ကောင်… မင်းထိုးမှာလား မထိုးဘူးလား'

'မင်း အရင်ထိုးကြည့်ပါလား၊ နမူနာပဲဖြစ်ဖြစ်ပေါ့'

'အာ… မထိုးပါဘူး၊ ဒါ… မင်းကိစ္စပဲဟာ'

ထိုသို့ ယတိပြတ် ငြင်းလိုက်ခြင်းကြောင့် သီဟမှာ သက်မတွေရော သက်ထီးတွေရော အရင်ချပြီးမှ ဘုရားစာ ရွတ်ကာ တိတ်ကပ်ထားသော မှန်ကို ထိုးလိုက်သည်။

'ဒုတ်… အ…'

မှန်က ကွဲခြင်း အက်ခြင်း လုံးဝ မရှိပါ။ သီဟသည်သာ လက်ကွဲမတတ် နာကျင်သွားပြီး ခုန်ဆွခုန်ဆွဖြစ်ကာ ပါးစပ်ပိတ်၍ တအူးအူးဖြင့်





အော်နေရသည်။ မင်းညိုက သီဟအား အထင်သေးသည့်အကြည့် ကြည့်ပြီး…

'ဟွန်း… ဒါနဲ့များ မိန်းမက လိုချင်သေးတယ်၊ ဒါလေးတောင် အဖြစ်ရှိအောင် မခွဲနိုင်ဘူး'

'အောင်မာ… ဒါဆို မင်းဘာသာမင်း ခွဲကြည့်လေ၊ မင်းရော အဖြစ်ရှိလား မရှိလားဆိုတာ သိရတာပေါ့၊ ဟွန်း'

သီဟမှာ နာနေသော လက်ကို ပေါင်ကြားထဲဝှက်၍ ထိုသို့ မျက်စောင်းထိုးကာ ပြောလိုက်ခြင်းကြောင့် မင်းညို မခံချင်ဖြစ်သွားပြီး…

'အောင်မာ သိုင်းစာအုပ် ဆယ့်နှစ်တွဲကို တစ်ထိုင်တည်း ဖတ်လာတဲ့ကောင်ကွ၊ ကိုယ်ဖော့ပညာတင် မဟုတ်ဘူး၊ အတွင်းအားပါ ကျင့်လာသာ၊ ဟွန်း… ကြည့်နေ ငါ လုပ်ပြမယ်'

'အေးပါ… အေးပါ လုပ်ပြပါ၊ ဟွန်း'

ဒါလေးများ ဆိုသည့် ရုပ်ဖြင့် သီဟအား ခနဲ့တဲ့တဲ့လုပ်ရင်း တိတ်ကပ်ထားသော မှန်ကို စိုက်ကြည့်လိုက်သည်။ ပြီးနောက် အသက်ကို ပြင်းပြင်းရှူ၍ လက်ကောက်ဝတ် အတွင်းအားကို စုကာ ထိုးချလိုက်လေသည်။

'ဒုတ်… အားလာလာ'

သီဟက…

'ဘယ်လိုလဲ… မင်းညို ကွဲရဲ့လား'

မင်းညို မျက်နှာကို ရှုံ့မဲ့၍…

'ကွဲတော့ကွဲတယ်ထင်တယ်'

'မှန်လား… လက်လား…'

'နည်းနည်းလောက်ပါ၊ အဟင့်… လက်ဖြစ်ဖို့များတယ်'

'မင်း ပြောတော့ အတွင်းအားပါ ကျင့်လာတယ်ဆို'

'ကျင့်စဉ်က လွဲသွားပြန်ပြီထင်တယ်ကွ၊ အဟီး'

သီဟ မျက်စောင်းလှမ်းထိုးသည်။ ပြီးနောက် မှန်ကို သွားကြည့်ပြီး…

'မင်းညို ကျည်ကာ မှန်တွေများ တပ်ထားလား မသိဘူးကွ'



www.burmeseclassic.com

www.burmeseclassic.com



'အေးကွ ငါ အတွင်းအားသုံးပြီး ထိုးတာတောင် မကွဲပုံထောက်တာ ဖြစ်နိုင်တယ်'

'မင်းဟာလေ… မလျှော့သေးဘူး'

ထို့နောက်တော့ နှစ်ယောက်သား ဘာဆက်လုပ်ရမှန်းမသိဘဲ ဝရန်တာထက်တွင် ယောင်ချာချာတွေ ဖြစ်ကုန်၏။ နောက်တစ်ခါ မှန်ကို လက်သီးဖြင့် ထိုးခွဲရန် အတွက်တော့ ကိုယ့်လက်ကိုယ် သနားနေကြသဖြင့် မလုပ်ဖြစ်ကြ။ ခေါင်းနဲ့တိုက်ဖို့ဆိုတော့လည်း ကိုယ့်ခေါင်းကိုယ် သိပ်ယုံကြည်မှု မရှိကြပြန်။ မတော်လို့ မှန်မကွဲပဲ ခေါင်းကွဲသွားရင် ဒုက္ခလှလှရောက်သွားမှာလေ။ ထို့ကြောင့် ကြောင်တောင်တောင်တွေ ဖြစ်နေကြရင်း သီဟက…

'မင်းညို အကြံလေးဘာလေး ထပ်ထုတ်စမ်းပါဦးကွ'

မင်းညို ခေါင်းကုတ်၍…

'အေးကွာ… ဗီဒီယိုတွေထဲမှာဆိုရင်တော့ ဒါမျိုး တိပ်နဲ့ကပ်ပြီးရင် လက်သီးနဲ့ ထိုးလိုက်တာနဲ့ ခွပ်ဆိုပြီး ကွဲသွားတာပဲကွ၊ ခု ငါတို့ကျမှ ဘယ်လိုဖြစ်ပြီး မကွဲတာလည်း မသိဘူး၊ ဟူး…'

ထိုသို့ စိတ်ပျက်စွာ ပြောပြီး ကြံရာမရဖြစ်ဟန်ဖြင့် ဟိုကြည့်ဒီကြည့် လိုက်ကြည့်သည်။

'ဟာ… ဟုတ်ပြီ အကြံရပြီကွ၊ ဒီကြိုးကို အသုံးချရမယ်'

ဒီကြိုးဆိုတာက ဝရန်တာပေါ်သို့ သီဟ တွယ်တက်လာသည့် နိုင်လွန်ကြိုးကို ပြောတာပါ။ သီဟက နားမလည်ဟန်ဖြင့်…

'ဒီကြိုးနဲ့ ဘယ်လိုလုပ်မှာလဲကွ'

'ဒီလိုလေကွာ၊ ဒီကြိုးကို တံခါးလက်ကိုင်ကွင်းမှာ ချည်ပြီးတော့ ငါတို့နှစ်ယောက် ခြေကန်ဆွဲကြမယ်၊ ယောကျာ်းနှစ်ယောက်အားနဲ့ဆိုတော့ ပွင့်လောက်ပါတယ်ကွ'

'အေး… ကောင်းသားပဲ'

ဟုတ်သော်ရှိ မဟုတ်သော်ရှိ လောလောဆယ် ရရာအကြံကို အကောင်အထည် ဖော်လိုက်ကြသည်။

ပထမ ဝရန်တာတွင် ချည်ထားသော ကြိုးကို ဖြုတ်သည်။

ဒုတိယ တံခါးလက်ကိုင်ကွင်းတွင် ချည်သည်။





တတိယ နှစ်ယောက်သား ခြေကန်၍ တိုင်မင်ခေါ်ကာ ဆွဲကြလေတော့သည်။

'ဝမ်း… တူး… သုံး'

'အား… အီး… အင်'

'ဂတောင်… ဘုတ်'

'ဟာ… ဟင်'

ထိုသို့ နှစ်ယောက်သား ခြေကန်ဆွဲကြခြင်းကြောင့် ပါတော့ပါလာပါသည်။ သို့ရာတွင် တံခါးတော့ မဟုတ် ကြိုးချည်၍ ထားသော လက်ကိုင်ကွင်းသာ ပြုတ်၍ ပါလာခြင်းဖြစ်သည်။ ထို့ကြောင့် မင်းညိုတို့တလည်း အရှိန်တွေ လွန်ကုန်ကာ လက်ထဲမှ ကြိုးစပါ လွှတ်ထွက်သွား၍ ကြိုးမှာ မြေကြီးပေါ်သို့ ကျသွားသည်။

'ဟာ… ကြိုးအောက်ကျသွားပြီကွ'

'အေး ပြန်ဆင်းဖို့တော့ ဒုက္ခပါပဲကွာ'

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ ငိုကျသွားတော့သည်။ အခက်အခဲ သေးသေးမွှားမွှားကလေးတွေကလည်း ဖြေမရှိုးနိုင်အောင် လာကြုံနေရတာကိုး။

ယင်းအချိန်တွင် အိမ်ထဲ၌ တစ်စုံတစ်ယောက် နိုးနေသည်။

ထို တစ်စုံတစ်ယောက်မှာကား…

❐ ❐ ❐

အေးရွှေ ပေါက်ကွဲနေပါသည်။ အဖြစ်အပျက်က အတွတ်ရှုပ်ခေါင်းခေါင်းသွေးထွက်ကိန်း ကြုံနေရတာကိုး။ တတိတိနှင့် ဂေါ်လီရိုက်ရင်း စိတ်ထဲက ပိုက်ဆံ နှစ်ထောင်လောက် ထွက်သွားပြီ။ ဟို အေးဆွေမိုးတို့တောင်ကလည်း ဒီနေ့ကျမှ တစ်ဖျောင်းဖျောင်းနဲ့ကို လတ်တွေနေသည်။

ထိုစဉ် အေးငွေပစ်လိုက်သော ခဲက အေးရွှေ၏ ခဲကို ထိပြီး တွင်းထဲသို့ ချုံ့ပုတ်ထဲသို့ ကျသွား၏။ ထိပြီးလျှင် ပြန်ထွက်ရမည် ဖြစ်ခြင်းကြောင့် အေးငွေ မိမိခဲကို အသည်းအသန် ဖြန့်ရှာသည်။ မြူး



www.burmeseclassic.com

www.burmeseclassic.com



ထူသလို မှောင်ရိပ်ကလည်း ရှိနေသဖြင့် ပြန်၍ ရှာမတွေ့။ ထို့ကြောင့် အေးငွေက...

'အေးရွှေ ခဲကို ပြန်ရှာမတွေ့ဘူးကွ၊ ဒါကြောင့် ငါ့ကို အထ နှစ်ရာပဲပေး'

'အောင်မာ ထွာမှ မထွာရသေးတာ၊ ဘာလို့ ပေးရမှာလဲ'

'ဟာ... မင်း ဒီလိုတော့ မညစ်နဲ့လေကွာ၊ ထွာရအောင် ခဲက ပြန်ရှာမတွေ့တော့တာ၊ ထိထားတဲ့အတွက် နှစ်ရာတော့ ပေးသင့်တာပေါ့'

'ဘာလို့ ပေးရမှာလဲ၊ မပေးဘူး၊ မင်းဘာသာမင်း ခဲကို တွေ့အောင်ရှာ'

'အေးရွှေ မင်းနော်၊ အကြီးဖြစ်ပြီးတော့ လာမငြင်းနဲ့'

'ဟာ... ငါက ငြင်းတာ မဟုတ်ဘူးလေ၊ ထိပြီးရင် ပြန်ထို ထွာရမှာပဲဟာ၊ မင်းမှ မထွာနိုင်တာ ငါက ဘာလို့ ပေးရမှာလဲ'

'မထွာနိုင်ပေမယ့် ထိတယ်လေကွာ'

'ထိ... ထိ ကွာ၊ မထွာနိုင်ရင်တော့ မပေးနိုင်ဘူး'

ထိုသို့ဖြင့် နှစ်ယောက်သားကြား တင်းမာလာတော့သည်။ အေးရွှေကလည်း ရှုံးထားခြင်းကြောင့် အလျှော့မပေးချင်သလို အေးငွေကလည်း မိမိ အမှန်တကယ်ထိထားခြင်းကြောင့် အလျှော့မပေးနိုင်ပါ။

ထို့ကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် စောင်ပေပေဖြင့် ကြည့်ရင်း အေးငွေက...

'ပြီးရောလေ၊ ဒါဆိုရင် မင်းနဲ့ငါ ထပ်ပြီး မကစားနိုင်တော့ဘူး ဟွန်း'

'ဘာလဲ မင်းက အနိုင်နဲ့ ပိုင်တာလား'

'မင်းက ညစ်တာကိုး'

အေးရွှေ တင်းသွားပြီး...

'တောက်... ပြီးရော ဟေ့ကောင်၊ ငါမင်းနဲ့ နောက်တစ်သက် လုံး မကစားတော့ဘူး၊ ဟွန်း'

'ဟွန်း... နေပေါ့'

အေးရွှေမှာ ရှုံးထားခြင်းကြောင့် မနိုင် နိုင်ရာမဲသည့်အနေဖြင့် ဒီဂေါ်လီအဖြစ် ရိုက်ထားသော ခဲအပေါ် အပြစ်ပုံချလိုက်ပြီး ...တာ...

'တောက်... ဒါ... ဒီခဲ အသုံးမကျလို့ ငါ ရှုံးရတာ၊ သွား... ကွာ'

ဟု ကြိမ်းဝါးရင်း ခဲကို အားနှင့် မာန်နှင့် လွှဲပစ်လိုက်လေတော့ သည်။

'ဒေါင်'

'အောင်မယ်လေးဗျ'

အေးရွှေနှင့် အေးငွေ နဝေတိမ်တောင် ဖြစ်သွားပြီး တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်မိလိုက်ကြသည်။ ဒီအသံ ဘယ်က ထွက်လာ တာလဲပေါ့။ သိပ်ကြာကြာ မစဉ်းစားလိုက်ရပါ။ လမ်းချိုးလေးအတွင်းမှ လူတစ်စု ထွက်လာသည်ကို တွေ့လိုက်ရသည်။ လူစုမှာ စုစုပေါင်း ငါးဦးဖြစ်ပြီး မီးသတ်ဝတ်စုံဝတ်ထားသော ရဲဘော်နှစ်ယောက်နှင့် အရပ် ဝတ် ဝတ်၍ထားသော လူကြီး သုံးယောက်တို့ ဖြစ်သည်။ ၎င်း လူကြီး သုံးယောက်ထဲတွင် ရှေ့ဆုံးမှ လူကြီးတစ်ဦးမှာ မျက်နှာကို အစွမ်းကုန် ရှုံ့မဲ့ထားပြီး နဖူးကို လက်ဖြင့် အခါခါပွတ်နေကြောင်း တွေ့ရသည်။

ထိုလူစုမှာ အေးရွှေတို့နားရောက်လာပြီးနောက် ၎င်းနဖူးပွတ်နေ သော ပုဂ္ဂိုလ်ကြီးက ဒေါသသံဖြင့်...

'ဟေ့ကောင်တွေ... မင်းတို့နှစ်ယောက်ထဲက ဘယ်ကောင် ငါ့ကို ခဲနဲ့ လှမ်းပစ်တာလဲ ပြောစမ်း၊ ဟွန်း'

'ခင်ဗျာ'

အေးရွှေနှင့် အေးငွေတို့နှစ်ယောက် သဘောပေါက်သွားကြသည်။ သတ်စသတ်တော့ အေးရွှေပစ်လိုက်တဲ့ခဲက ဒီပုဂ္ဂိုလ်ကြီးနဖူးနဲ့ သွား... ဆက်လို့ ခုနက အော်သံထွက်လာတာကိုး။ ထိုသို့ သိမြင်လိုက်ခြင်းကြောင့် နှစ်ယောက်သား လန့်သွားသည်။ ထိုပုဂ္ဂိုလ်ကြီးက ထပ်၍ ... ဖြင့်...

'ဟေ့ကောင်တွေ... ဘာ အူကြောင်ကြောင် လုပ်... ငါ မေးနေတာကို မကြားဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျာ… ဟိုလေ… ကျွန်… ကျွန်တော်တို့လည်း မသိဘူး ခင်ဗျာ'

'ဘာကွ… ဒီနားမှာ လူဆိုလို့ မင်းတို့ နှစ်ယောက်ပဲ ရှိတဲ့ ဘာလာ ငြင်းနေတာလဲ၊ ဟင်း'

'အဟင်း… ဟုတ်တော့ ဟုတ်ပါတယ် ဦးလေးရယ်၊ ဒါပေ ဟိုလေ ဥက္ကာခဲတွေ ဘာတွေကြွေပြီး ဦးလေးခေါင်းကို လာမှန်တာ ဖြစ်နိုင်တာပဲ မဟုတ်လားလို့၊ အဟင်း'

အေးငွေကပါ ဝင်၍…

'ဟုတ်တယ်၊ ဟုတ်တယ် ဥက္ကာခဲမှန်တယ်ဆိုတာ တော်တန် ဘုန်းကံရှိတဲ့ ယောကျ်ားဆိုရင်တောင်မှ မမှန်ဘူးတဲ့၊ အရမ်းကို ဘုန်းကံ တဲ့ ယောကျ်ားမှ မှန်တာတဲ့၊ ကျွန်တော် ကြားဖူးတယ် သိလား၊ အ ဦးလေးကို ကျွန်တော်တို့ ကြည့်လိုက်ရတာနဲ့ အရမ်းကို ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်ကြီးမှန်း ရိပ်မိပါတယ်'

ထိုသို့ ပေါက်ကရပြောလိုက်သောအခါ ထိုပုဂ္ဂိုလ်ကြီးမှာ အေးရွှေ တို့ကို စွပ်စွဲဖို့အတွက် အင်တင်တင် ဖြစ်သွားသည်။ ထို့ကြောင့် ဘေး လူကြီးတစ်ဦးက…

'ဒါနဲ့ မင်းတို့က ဘယ်မှာ နေတာလဲ၊ ဒီမှာ ဘာလာလုပ်နေတာ လဲ'

'ကျွန်တော်တို့က မြောက်ဒဂုံကပါ ဦးလေး အဟင်း'

'ဟာ… အဝေးကြီးပဲကွ၊ နေပါဦး မြောက်ဒဂုံကနေ မင်းတို့က ဒီမှာ အချိန်မတော်ကြီး ဘာလာလုပ်နေကြတာလဲကွ'

'ဂေါ်လီလာရိုက် အာ… မဟုတ်ပါဘူး၊ ဟိုလေ… စိန်ပြေး တမ်း ကစားနေကြတာပါ ဦးလေး'

'ဟေ… စိန်ပြေးတမ်း ကစားနေကြတာ ဟုတ်လား'

'အဟင်း ဟုတ်တယ် ဦးလေးရဲ့၊ ဟိုလေ အစတုန်းကတော့ မြောက်ဒဂုံမှာပဲ ကစားနေကြတာပါ၊ နောက်တော့ လိုက်ရင်း ပြေးရင်းနဲ့ ဒီရွှေတောင်ကြားကို ရောက်လာတာပါ အဟင်း'

ထိုသို့ ပြောလိုက်ခြင်းကို ဘယ်သူမှ ယုံကြဟန်မတူပါ။ သို့သော် ယုံသလိုလို ဘာလိုလိုနှင့် ခေါင်းညိတ်ရင်း…





'အေးပေါ့လေ… ထားလိုက်ပါတော့၊ ဒါပေမဲ့ ဦးတို့ အိမ် အမရှင်းသေးလို့ မောင်ရင်တို့နှစ်ယောက် ရပ်ကွက်ရုံးထိုလိုက်ခဲ့ ပေးပါဦး'

'ခင်ဗျား… ဒီ… ဒီမှာပဲ ရှင်းပြလို့ မရဘူးလားဟင်'

'မရလို့ပါကွယ် ရုံးရောက်မှ ရှင်း၊ ဟုတ်ပြီလား'

အေးရွှေနှင့် အေးငွေတစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ကြည့်လိုက်ကြသည်။ ပြီးမှ လေသံ တိမ်တိမ်ဖြင့်…

'ဟုတ်ကဲ့'

ဟု ပြောလိုက်ကာ မင်းညိုတို့ကို ခွေးအူသံလေးပင် အချက်မပေး ဘဲ ရပ်ကွက်လုံခြုံရေးကင်းအဖွဲ့နှင့်အတူ ရုံးသို့ ပါသွားတော့သည်။

❐ ❐ ❐

ငှင်းမြင်ကွင်းကိုလည်း ဝရန်တာဘက်တွင် ငုတ်တုတ်ထိုင်တာ တော်လေနေကြသော မင်းညိုနှင့် သီဟကလည်း တွေ့သွားသည်။

'ဟာ… ဟိုနှစ်ကောင်တော့ ပါသွားပြီကွ'

'အေးကွာ ဒုက္ခပါပဲ'

နဂိုကပင် တံခါးဖွင့်မရသဖြင့် စိတ်ညစ်နေကြသော မင်းညိုတို့မှာ ခုလို အေးရွှေတို့ပါ ရပ်ကွက်ရုံးသို့ပါသွားသဖြင့် စိတ်ဓာတ်ကျကုန်သည်။

'တောက်… ဘာဖြစ်လို့များ ဒီလောက်ထိ တလွဲတွေ ဖြစ်နေရ သလဲ မသိဘူး'

'ဟုတ်ပါ့ကွာ'

'ဟူး… ခု ငါတို့ ဘာဆက်လုပ်ကြမှာလဲ မင်းညို'

စဉ်းစားရပြီ။ အောက်ပြန်ဆင်းဖို့ကျတော့လည်း ကြိုးက မရှိတော့ နဲ့ချရအောင်ကလည်း ဂျက်ကီချန်း မဟုတ်သဖြင့် စိတ်က မရဲ ဟိုကောင် တွေကို အကူအညီ တောင်းဖို့ကလည်း ရပ်ကွက်ရုံးကို ပါသွားပြီ။ ခေါင်းညိတ် ကြိတ်လိုက်မိသည်။ ရင်ထဲတွင် မခံချင်သည့်စိတ်တို့ ပေါက်ကွဲလာသည် ထို့ကြောင့်…

'သီဟ… ငါတို့ တံခါးကို ပခုံးစောင်းနဲ့ တိုက်ပြီးဖွင့်ကြည့်ကြစို့'



www.burmeseclassic.com

www.burmeseclassic.com



'အာ… အသံတွေထွက်ပြီး မေအေး မိဘတွေ နိုးကုန်မှာပေါ့ကွ'

'နိုးနိုးကွာ၊ လုပ်စရာမှ မရှိတော့တာ၊ မင်း မလုပ်ရဲဘူးလား'

မင်းညို၏ ပြတ်သားသော စကားကြောင့် သီဟလည်း စိတ်ဖြ[illegible] သွားပြီး…

'စိန်လိုက်လေ၊ မင်းတောင်မှ လုပ်ရဲသေးတာ ငါက ဘာဖြစ်[illegible] မလုပ်ရဲရမှာလဲ'

'အိုကေ… ချမယ်'

ထို့နောက်တော့ နှစ်ယောက်သား လှူးလဲထပြီး တံခါးရှေ့တွင် ပခုံးဆောင်း၍ ရပ်လိုက်ကြပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍…

'တစ်… နှစ်… သုံး ကျား…'

□ □ □



## အခန်း(၁၅)

လောကတွင် ချစ်သူနှင့် ကွေ့ကွင်းရခြင်းကြောင့် စားမဝင် အိပ်မပျော်ဖြစ်ခြင်းသည် လူတို့၏ သဘာဝပင် ဖြစ်သည်။ ထိုအထဲတွင် မေအေးကျော်လည်း အပါအဝင်ဖြစ်နေခြင်းကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နိုင်ခဲ့ခြင်း မရှိပါ။ စိတ်သည် သီဟထံ၌သာ တဝဲဝဲတလည်လည်ဖြစ်နေခြင်းကြောင့် အိပ်ရသည်မှာ အဆင်ပြေခြင်း မရှိ။ အိပ်ရာထက်တွင် ဟိုလိမ့်ဒီလိမ့်ဖြင့်သာ ညစဉ် အချိန်ကုန်ခဲ့သည်က များသည်။

ယခုလည်း အိပ်ပျော်ချင်သလိုလို မပျော်ချင်သလိုလိုဖြစ်နေရသည့် အချိန်တွင် နားထဲတွင် အပြင်ဘက် ဝရန်တာမှ အသံတချို့ကို ကြားလိုက်ရသလိုရှိခြင်းကြောင့် မျက်လုံးက နည်းနည်းကျယ်လာပြီး အိပ်ရာထဲမှာ အသာနားစွင့်နေမိ၏။

တချို့ အိမ်တွေဆိုလျှင် အပြင်ဘက်၌ မင်းညိုနှင့် သီဟ ပေါက်ကရလုပ်နေခြင်းကို သေချာစွာ အသံကြားရမည်မှာ [illegible] တွင် မေအေးတို့အိမ်မှာ ပိုက်ဆံရှိ သူဌေးတို့၏ အိမ်ဖြစ်သည်[illegible] တစ်အိမ်လုံး အဲယားကွန်း တပ်ထားခြင်းကြောင့် မှန်တံခါး[illegible] များနှင့် ခိုင်ခံ့စွာ အလုံပိတ်တပ်ဆင်ထားသဖြင့် အတွင်းမှ အသံကို [illegible] ကြားရန် မလွယ်ကူသကဲ့သို့ အပြင်မှ အသံကိုလည်း အတွင်း[illegible] မလွယ်ကူချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မေအေးက ယခု အိပ်ရာထဲ၌ နိုးနေသည့်အပြင် အသံကိုလည်း နားစွင့်နေသည်ဖြစ်ရာ ဒုတိယအကြိမ်မြောက် အသံထပ်၍ ကြားလိုက်ရသောအခါ အိပ်ရာယက်မှထ၍ ငုတ်တုတ်ထိုင်မိတော့၏။

ခဏကြာအောင် စောင့်ကြည့်နားထောင်မိသော်လည်း မည်သည့်အသံမှ ထပ်မံ၍ မကြားရခြင်းကြောင့် ငါ နားကြားလွဲတာပဲ ဖြစ်မှာပါလေဟု စဉ်းစားပြီး ပြန်၍ အိပ်မည်ပြင်သော်လည်း မိန်းမတို့ သဘာဝအရ သေချာအောင် စပ်စုချင်သည့် စိတ်ကလေးက တင်း၍ခံနေသဖြင့် ဝရန်တာဘက်သို့ ထွက်ကြည့်ရန် ဆုံးဖြတ်ကာ ထွက်လာခဲ့သည်။

ဝရန်တာတံခါးရှိရာသို့ ရောက်သောအခါ လက်ကိုင်ဘုကို လှည့်ဖွင့်မည်ပြုပြီးမှ အဖေတို့ကို နိုးလိုက်ရင် ကောင်းမလားဟု အတွေးဝင်လာမိသေး၏။ သို့ရာတွင် ကိုယ့်အိမ်ကိုယ်ယာမို့ ဘာမှ မဖြစ်လောက်ပါဘူးဟု အတွေးဝင်လာပြီး တံခါးချက်ကို လှည့်ဖွင့်လိုက်စဉ် အချိန်တွင်…

အပြင်ဘက်ရှိ မင်းညိုနှင့် သီဟတို့၏ တစ်နှစ်သုံး တိုင်မင်လည်း ဆုံးသွားသည့်အချိန်နှင့် ကွက်တိဝင်သွားသည်။

'ဂျက်… ဂလောက်'

'သုံး… ကျား'

'အမယ်လေး'

'အား… ဖုန်း… သေပါပြီ'

အဖြစ်အပျက်က တစ်ဆက်တည်းလိုလိုပင် ဖြစ်ပေါ်သွားခြင်းဖြစ်သည်။ သီဟက မေအေးပေါ်သို့ တိုက်မိသည်။ မင်းညိုက ဘာကိုမှ မတိုက်မိသဖြင့် ကြမ်းပြင်ပေါ်သို့ အရှိန်လွန်သွားပြီး ခွေးကျ ကျသည်။ ထို့နောက်တော့…

မေအေးက လန့်ပြီး ကျူးအော်သည်။

'အဖေရေ… အမေရေ လာပါဦး၊ သူခိုး… သူခိုး'

မင်းညိုနှင့်သီဟလည်း မေအေးအား ဆံပင်ဖားလျား ညဝတ်အင်္ကျီ ကိုးရိုးကားယားဖြင့် တွေ့လိုက်ရခြင်းကြောင့် အားကျမခံ ငယ်သံပါအောင် ပြန်အော်ကြသည်။





'အား… သရဲ… သရဲမကြီး လုပ်ပါဦး'

'လာပါဦးဗျို့… ကျွန်တော် သရဲမကြီးကို ဝင်တိုက်မိလို့ အီး— ဟီး… ဟီး…'

'ကယ်ကြပါဦးရှင့် ဒီမှာ… သူခိုး… သူခိုး'

ဤကဲ့သို့ သုံးယောက်ပေါင်း၍ ကမ္ဘာပျက်လိုက်ကြပြီးနောက် ညမီးရောင်အောက်တွင် တစ်ယောက်မျက်နှာ တစ်ယောက်မှတ်မိသွားကြသည်။

'ဟာ… မေအေး… မေအေး'

'ဟင်… နင်… နင်တို့ သီဟ မင်းညို'

'အား… ဟား တော်သေးတာပေါ့ဟာ၊ ငါတို့ နင့်ကို လာနိုးတာဟ'

'ဟော့တော့'

အကြောင်းအရာကို သိမြင်သွားသောအခါ မေအေး ပျာယာခတ်သွားတော့သည်။

'ဒုက္ခပါပဲနော်၊ အခု ဘယ်လိုလုပ်ကြမလဲ'

'နင် ငါတို့နဲ့ လိုက်မှာမဟုတ်လား'

'အေး… လိုက်မှာပေါ့'

'ဒါဆိုလာ… ပြေးကြမယ်'

'အေး…'

ထိုသို့ သုံးယောက်စလုံးမှာ ထူပူပြီး ဝရန်တာသို့ ရောက်မှ ဖြစ်ဆင်းရန် ကြိုးက မရှိတော့တာကို သတိရတော့သည်။

'အာ… ဒုက္ခပါပဲကွာ၊ ကြိုးက အောက်ကို ပြုတ်ကျသွားတာ မေ့သွားတယ်'

မေအေးမှာတော့ ငရုံ့ပြာလူးဖြစ်နေတော့သည်။

'ငါ့မိဘတွေ နိုးလာပြီထင်တယ် ဒုက္ခပါပဲ'

မင်းညို လှုပ်ရှားနေသော စိတ်ကို ငြိမ်အောင် ထားလိုက်ပြီး…

'နေဦး မေအေး၊ ငါတို့ နင့်အခန်းထဲမှာ ပုန်းနေရအောင်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့အခန်းထဲမှာ…'

မေအေး တွေဝေသွားပြီး အခန်းထဲသို့ မင်းညိုနှင့် သီဟအား ခေါ်ဆောင်လာခဲ့သည်။

'ငါ့အခန်းထဲမှာလည်း ပုန်းစရာဆိုလို့ ခုတင်အောက်ပဲ ရှိတာဟ၊ နင်တို့ ပုန်းလို့ ဖြစ်ပါ့မလား'

'သြော်… ဖြစ်အောင် ပုန်းရမှာပေါ့ဟာ'

'အေး… အေး… မြန်မြန်ပုန်း'

ထိုအချိန်တွင် အောက်ထပ်မှ အသံသဲ့သဲ့ ကြားရသည်။ မေအေး မိဘတွေ နိုးလာပြီထင်သည်။ မင်းညိုနှင့် သီဟ မေအေး၏ ခုတင်အောက်သို့ ဝင်ပုန်းမည် ပြုပြီးမှ မင်းညိုက တစ်စုံတစ်ရာကို သွားစဉ်းစားမိသည့်ဟန်ဖြင့် မျက်နှာတည်သွားပြီး…

'မေအေး၊ သီဟ မင်းတို့နှစ်ယောက် တကယ်နီးချင်ကြလား'

သီဟနှင့် မေအေးတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍…

'မင်းကလည်း ခုမှ ဘာတွေ လာကြောင်ပြီး မေးနေရတာလဲ'

'အေးလေ… မင်းညိုကလည်း မြန်မြန်ပုန်းစမ်းပါဟာ'

'မဟုတ်ဘူး၊ ငါ မေးတာကိုသာ ဖြေစမ်းပါ'

'ကျွတ်… အရမ်းကို နီးချင်တာပေါ့ကွာ'

မေအေးကပါ ခေါင်းညိတ်၍…

'ငါလည်း သီဟပြောတဲ့ အတိုင်းပဲ'

မင်းညို ခေါင်းညိတ်၍…

'ဒါဆိုရင် မင်းတို့အတွက် အခွင့်အရေးက နောက်တစ်ခါ ထပ်မရှိနိုင်တော့ဘူးဆိုတာကို သဘောပေါက်ကြလား'

နှစ်ယောက်သား ခေါင်းညိတ်လိုက်ကြသည်။ ဟုတ်သည် ဒီတစ်ခါ ခုတင်အောက်တွင် ပုန်း၍လွတ်သွားသည်ပဲ ထား၊ နောက်တစ်ခေါက် ထပ်ခိုးဖို့ဆိုတာက ဖြစ်ကို မဖြစ်နိုင်တော့ပါ။ မင်းညိုက လေးနက်ခိုင်ကြည်သော လေသံဖြင့်…





'ကောင်းပြီ ဒါဆိုရင် မင်းတို့ အခုချိန်က စပြီးတော့ ငါပြောသလို လိုက်လုပ်ကြတော့'

ဟု ပြောလိုက်ချိန်တွင် မေအေး၏ အခန်းတံခါးအား ဦးထွန်းဝင်းက ခပ်ပြင်းပြင်းခေါက်လိုက်လေသည်။

'သမီး… တံခါး ဖွင့်စမ်း ဒုန်း ဒုန်း'

□ □ □

မေအေး၏ အခန်းတံခါး ပွင့်သွားချိန်တွင် သွားဖြီးပြုံးနေသော မင်းညိုကို တွေ့လိုက်ရခြင်းကြောင့် ဦးထွန်းဝင်း မျက်လုံးပြူးသွား…

'ဟင်… ဟာ… ဟေ့ကောင်… မင်း… မင်း ဘယ်သူလဲ'

'ကျွန်တော် မေအေးရဲ့ သူငယ်ချင်း မင်းညိုပါ ဦး'

'ဘာ… ဘာကွ ငါ့သမီး၊ ငါ့သမီးရော'

'ဟို ဝရန်တာကနေပြီးတော့ ကျွန်တော့် သူငယ်ချင်းနဲ့အတူ ကြိုး တွယ်ဆင်းပြီး ထွက်ပြေးသွားပါတယ် ဦး၊ ရှင်းအောင် ပြောရရင် ောက်ပြားနောက် လိုက်ပြေးသွားတယ်ပေါ့ ခင်ဗျာ'

'မင်း… မင်း…'

ဦးထွန်းဝင်းမှာ မျက်လုံးကြီးပြူးပြီး ဝရန်တာဘက်သို့ ပြေးသွား

ဝရန်တာရှိရာသို့ ရောက်သောအခါ အောက်တွင် ပြုတ်ကျနေ သော ကြိုးခွေအပုံလိုက်ကြီးကို တွေ့မြင်လိုက်ရသဖြင့် ဒေါသတကြီးဖြင့် ရန်တာလက်ရန်းကို လက်သီးဖြင့် ဒုန်းခနဲ ထိုးလိုက်သည်။

'တောက်… ခွေးမ၊ ခွေးထက်မိုက်တဲ့ သမီး၊ ဟင်း… ဟင်း'

ဒေါ်မြင့်ဆွေဘက်သို့ လှည့်၍…

'ကြည့်စမ်း… သမီးလုပ်ပုံ ကောင်းသေးရဲ့လား'

'မကောင်းဘူးလေ၊ အဲဒါတောင်မှ ကျွန်မက မသိရအောင် ထားနေ တာ'

'အာ… မင်းကလည်း အရေးထဲ တစ်မျိုး'



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တော့ ဦးထွန်းဝင်းမှာ စိတ်အေးလက်အေးဖြင့် နောက်ဘက်တွင် ရပ်၍ နေသော မင်းညိုအား…

'ဟိုကောင်… မင်းကရော ဘာကိစ္စကြောင့် ငါ့သမီး အခန်းထဲမှာ ကျန်နေခဲ့ရတာလဲ'

'ဒါက ဒီလိုပါ၊ မေဒေးက ရုတ်တရက်ကြီး ထွက်သွားရတာဆိုတော့လေ၊ ဦးတို့ စိတ်ပူမှာစိုးလို့ ကျွန်တော့်ကို အကျိုးအကြောင်း ပြောလို့ရအောင် ဒီမှာ နေခဲ့ခိုင်းတာပါ'

ဦးထွန်းဝင်း မဲ့ပြုံးပြုံး၍ မနိုင် နိုင်ရာ မဲသည်။

'ဩော်… လတ်စသတ်တော့ မင်းက ကျေးဇူးရှင်ကြီးပေါ့လေ၊ ကိုင်း… ကျေးဇူးရှင်ကြီး ရဲ့စခန်းကို ကြွနိုင်ပါတယ်၊ အမှုကတော့ ပိုင်နက်ကျူးလွန်မှုပေါ့ကွာ၊ ဟင်း… ဟင်း…'

ထိုသို့ ပြောလိုက်ရာ မင်းညိုကလည်း ပုံမှန်လေသံမျိုးဖြင့်…

'ကျွန်တော်လည်း လိုက်ခဲ့ဖို့ အဆင့်သင့်ပါပဲ ဦး'

ဒီနေရာက မြန်မြန်ခွာချင်နေပြီလေ၊ ဒါမှလည်း ခုတင်အောက်တွင် ပုန်းနေတဲ့ သူငယ်ချင်းနှစ်ဦးကို ရှာမတွေ့နိုင်တော့မှာမို့လို့ပါ။

ထိုအချိန်တွင် မင်းညို၏ စကားကို အတိအကျနားထောင်ပြီး ခုတင်အောက်တွင် အသက်ပင် ပြင်းပြင်းမရှူဘဲရှိနှင့်နေသော သီဟနှင့် မေဒေးတို့မှာ မင်းညိုအတွက် စိတ်မကောင်းကြီးစွာဖြစ်သွားကြသည်။ သီဟရင်တွင်း၌မူ…

'မင်းညို သူငယ်ချင်းရေ၊ ငါနဲ့မေဒေးညားတဲ့အခါ သုံးယောက်မြောက်ကလေးကိုပါ မင်းညိုသုံးဆိုပြီး နံမည်ပေး ကျေးဇူး ပြန်ဆပ်ပါ့မယ်ကွာ၊ ဟင်း'

ဟု ပြောဆိုလိုက်သည်။

နောက်ရက်မှ သီဟနှင့် မေဒေးအား အိမ်ထဲ၌ပင် ပြန်လည် ရှာတွေ့ခဲ့ရသော်လည်း အချိန်တွေလည်း လွန်ကာ လူသိရှင်ကြားလည်း ဖြစ်ခဲ့ပြီမို့ မင်္ဂလာပွဲကို မလွှဲသာတော့ဘဲ အောင့်သီးအောင့်သက်ဖြင့် သဘောတူလိုက်ရသည်။



မင်းညိုကလည်း လူကြီးများ၏ အာမခံမှုဖြင့် ခဏမျှသာ အချုပ်ခံရပြီး ပြန်လည် လွတ်မြောက်လာခဲ့သည်။

အေးရွှေနှင့် အေးငွေတို့ကလည်း ရပ်ကွက်လူကြီးများ၏ ဆုံးမမှုကို ခံယူခဲ့ကြရသည်။

ဤသို့ဖြင့် အားလုံးအတွက် အကောင်းဆုံးဆိုသော ရာသီဥတု အချိန်ကို ရောက်လာခဲ့သောအခါ…

ဇာတ်လမ်းက ဆုံးသွားပြီးဟု ထင်မှတ်ရနိုင်ပါသည်။ သို့သော်…

□ □ □

ရန်ကုန်ဘူတာကြီးမှ ရန်ကုန် မန္တလေး အမြန်ရထားကြီး ထွက်ခွာရန် ငါးမိနစ်ခန့်သာ လိုတော့သည့် အချိန်ဖြစ်သည်။

မင်းညိုတစ်ယောက် ရထားပေါ်ရှိ ပြတင်းပေါက်နားမှ ထိုင်ခုံတွင် ထိုင်နေပါသည်။ အောက်ဘက် လူသွားလမ်း ပလက်ဖောင်းတွင်တော့ မေဒေးနှင့် သီဟမှာ မျက်နှာ မသာမယာဖြင့် ရှိနေကြသည်။ မေဒေးက မျက်နှာစူပုပ်ပုပ်ဖြင့်…

'မင်းညို နင်ကလည်းဟာ ငါတို့ မင်္ဂလာပွဲပြီးမှ ပြန်တာမဟုတ်ဘူး'

'ဩော်… မေဒေးရယ်၊ ဟိုမှာ ငါ့အမေ နေမကောင်းလို့ပါဆို'

မေဒေး၏ မျက်နှာသည် မှုန်မှိုင်းမှိုင်း၊ မင်္ဂလာပွဲ ကျင်းပမည့်ရက် တစ်ပတ်တောင် မလိုတော့သည့် အချိန်ကျမှ မင်းညိုက သူ့အမေ နေမကောင်းလို့ မန္တလေးကို ပြန်မည်ဆိုတာကိုး။ ဘာပဲဖြစ်ဖြစ် ထိုမင်္ဂလာပွဲတွင် မင်းညိုအား ရှိစေချင်တာက အရမ်းပင်။ သီဟကတော့ သောကျိုးချင်းချင်းပေမို့ အတော်အသင့် နားလည်ပေးလို့ ရသည်။

'မင်းညို… ဟိုကွာ တကယ်လို့ ဟိုရောက်တော့ နင့်အမေ ကျန်းမာသွားပြီဆိုရင် ဒီကို ချက်ချင်းပြန်လာခဲ့ကွာ၊ နော် သူငယ်ချင်း'

'အေးပါကွာ… အေးဝါ ငါ မီရင် ပြန်လာခဲ့မယ်လေ'

'မီ… မီ မမီမီကွာ၊ ရောက်အောင်တော့ ပြန်လာဦး'

နိုးလပြည့်စေစေ

www.burmeseclassic.com



မင်းညို ခပ်သဲ့သဲ့ပြုံး၍…

'အေးပါကွာ၊ ပြန်လာခဲ့မှာပါ'

ထိုစဉ် ရထားထွက်ရန် ဥသြဆွဲ ဘီးလိမ့်ဖြစ်လာခြင်းကြောင့်…

'ကဲ… ကဲ… ရထားလည်း ထွက်တော့မယ်၊ မင်းတို့လည်း ပြန်တော့'

မေဒေးမှာ ထိန်း၍မရနိုင်တော့ဘဲ မျက်ရည်များ စို့တက်လာကာ တရှုပ်ရှုပ် ငိုတော့သည်။ မင်းညို စိတ်မကောင်းဖြစ်မိသွားပြီး…

'မေဒေး ငိုမနေနဲ့ အခုချိန်က ပျော်နေရမယ့် အချိန်၊ ငါက ဘာမှအရေးကြီးတာ မဟုတ်ဘူး'

ထိုအခါ မေဒေး ငိုသံပါကြီးဖြင့်…

'နင် အဲဒီလို မပြောပါနဲ့၊ အီး… ဟီး… အီး'

'အာ… အေးပါ၊ အေးပါ… မပြောတော့ပါဘူး၊ တိတ်… တိတ်… ဟော့ကောင် သီဟ ချော့ဦးလေကွာ'

သီဟ မေဒေး ပခုံးကို အသာဖက်၍ နှစ်သိမ့်သည်။ ထို့နောက် တော့ ရထားကြီးသည် ဘီးတလိမ့်လိမ့်ဖြင့် အရှိန်ရကာ ထွက်ခွာစပြီ သည်။ မင်းညိုက ရထားပေါ်မှနေ၍ 'ငါ သွားပြီဟေ့'ဟု အော်ဟစ် နှုတ်ဆက်လိုက်သောအခါ မေဒေးနှင့် သီဟမှာ မျက်ရည်စက်လက်ဖြင့် လက်ပြကာ ကျန်ရစ်ခဲ့သည်။

ရထားကြီး၏ အရှိန်မှာ တဖြည်းဖြည်း မြန်လာခြင်းကြောင့် ပတ် ဝန်းကျင်ရှိ မြင်ကွင်းများသည်လည်း တရိပ်ရိပ်ဖြင့် ကျန်ရစ်ခဲ့သည်။

အချိန်တစ်နာရီခန့် ကြာသောအခါ ရန်ကုန်မြို့ပြင်သို့ ရောက်လာ သဖြင့် စိမ်းစိုသော လယ်ကွင်းပြင်များကို မြင်တွေ့လိုက်ရသောအခါ မင်းညို ၏ ရင်ထဲတွင် အသိတရားတစ်ခုက လှုပ်ခနဲမြည်သွား၏။

'အင်း… ရန်ကုန်မြို့ကြီးတောင်မှ ကျန်ခဲ့ပြီပဲ'

ဟုတ်ပါသည်။ မင်းညို သုံးနှစ်လုံးလုံး ကျောင်းတက်ပြီး နေထိုင် ခဲ့သော ရန်ကုန်မြို့ကြီးသည် နောက်ဘက်တွင် ကျန်ရစ်ခဲ့ပါပြီ။ ထို့အ





သုံးနှစ်ဆိုသော အတိတ်လွင်ပြင်ကြီးလည်း နောက်ဘက်တွင် ကျန်ရစ်ခဲ့ ပါပြီ။

ထို သုံးနှစ်အတိတ်လွင်ပြင်ကြီးတွင် ဘာတွေ ပါဝင်နေခဲ့သည်ကို မင်းညို၏ အတွေးစတို့ ပြန့်ကျဲသွား၏။

ထိုသုံးနှစ်တွင် မိမိသည် ပျော်ခဲ့ရတာလည်း ရှိသည်။ ဝမ်းနည်းခဲ့ရ တာလည်း ရှိသည်။ အင်း… ချစ်ခဲ့မိတာလည်း ခိုင်ခိုင်မာမာ ရှိခဲ့သည် ပေါ့။

ပျော်ခဲ့ရသည်ဆိုတာက သီဟ၊ မေဒေးတို့နှင့် ခင်မင်ရင်းနှီးခွင့် ရခဲ့သော ကာလများသည် ပျော်စရာအတိတ်ဖြစ်သည်။ အဲ… ဝမ်းနည်း ခြင်းနှင့် ချစ်ခြင်းကတော့ တစ်ဆက်တည်းလိုလို ရှင်သန်ပေါက်ဖွားလာခဲ့ သော အရာများသာ ဖြစ်လေသည်။

မင်းညို ဘယ်သူ့ကို ချစ်ခဲ့၍ ဘယ်သူ့အတွက် ဝမ်းနည်းခဲ့ရပါ သနည်း။

မင်းညို ပထမနှစ် စတက်ကတည်းက ကောင်မလေးတစ်ယောက် ကို အရိပ်တကြည့်ကြည့်ဖြင့် စွဲစွဲလမ်းလမ်း ချစ်ခဲ့မိသည်။ ထိုကောင်မ လေး၏ မျက်နှာလှလှလေးကို အဝေးမှ ချောင်းကြည့်ရင်း ရင်တခုန်ခုန် ဖြစ်ခဲ့မိသည်။

ညကြီးသန်းခေါင် ထိုကောင်မလေး၏ အိမ်ရှေ့သို့သွားကာ ရှုဆွင် ဖွာ ပေးဆောခဲ့သည်။ ဒါတွေကို ဘယ်သူမှ မသိ။ မိမိတစ်ယောက်တည်းသာ သိသည်။ မိမိတစ်ယောက်တည်းသာ ခံစားသည်။ နောက်ဆုံး ကောင်မ လေးပင် မသိစေရ။ ဖူးစာမှန်လျှင် မိမိတို့ တစ်နေ့နေ့တွင် ဆုံလိမ့်မည်ပေါ့။

ထို ယုံကြည်ချက်ကို ဖူးစာရေးနတ်က အလွဲသုံးစားလုပ်လိုက် သည်။

မိမိနှင့် ခင်မင်နေပြီဖြစ်သည့်အပြင် မိမိအား နေရေး စားရေး များစွာ အကူအညီပေးထားသော သူငယ်ချင်းတစ်ယောက်က မိမိထက် နောက်ကျစွာ ထိုကောင်မလေးအား တွေ့ခဲ့ပြီးမှ မိမိထက်ဦးစွာ ချစ်ကြောင်း ကို ဖွင့်ဟပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ… ဘာများ တတ်နိုင်ပါဦးမည်နည်း။

ထိုကောင်မလေးအား အနီးကပ် ခင်မင်ရင်းနှီးခွင့်ရခဲ့သည့် အချိန်တွင် ထိုကောင်မလေးက မိမိသူငယ်ချင်းဖြစ်သူ၏ ချစ်သူရည်းစားဖြစ်နေပြီ။

ဒီမှာတင် တိတ်တိတ်ကလေးဖြစ်တည်ခဲ့သော ရင်ခုန်သံသည် တိတ်တိတ်ကလေးပဲ ကြေမွပျက်စီးသွားသည်။

ထိုကောင်မလေး၏ အမည်က မေဒေးကျော်ဟု တွင်ပါသည်။

ဟုတ်ပါသည်။ ပထမပိုင်း မင်းညိုမှာ မေဒေးကျော်ကို ချစ်ခဲ့သည်မှန်သော်လည်း နောက်ပိုင်း သီဟနှင့် ပတ်သက်လာသောအခါ ဖြူစင် သန့်ရှင်းစွာ ဆက်ဆံခဲ့ခြင်းသာ ဖြစ်သည်။ တစ်ခါတစ်ရံတော့ ရင်ထဲက ဆစ်ခနဲ… ဆစ်ခနဲ… နာသွားသည်ပေါ့။

ထိုစဉ်

'ဟေ့… ဟေ့ကောင် မင်း… မင်းညိုမဟုတ်လား'

ထိုသို့ပြောသံကြောင့် မင်းညို အတွေးစတို့ ပြတ်သွားပြီး မော့ကြည့်မိလိုက်၏။

'ဟော… ကိုလတ်အောင်ပါလား'

ဟုတ်ပါသည်။ လတ်အောင်ဆိုသော ငတိပါ။ လတ်အောင်က ရှုသိုးသိုးရုပ်ဖြင့်…

'ကျုတ်… မတွေ့ချင်ပါဘူးဆိုနေမှ မင်းနဲ့ လာတွေ့နေသေးတယ်'

ဟောကြည့် သူပဲ အရင်စခေါ်ပြီးတော့။ ဒါပေမဲ့… မင်းညို သည်းခံပေးလိုက်ပါသည်။ ကိုလတ်အောင်ကြီးကို ကြည့်ရတာ အသည်းတွေဘာတွေ ကွဲနေသည် ထင်သည်။ ထို့ကြောင့် လိုက်လိုက်လျောလျော ပြောသည့် အနေနဲ့…

'သြော်… ကိုလတ်အောင်… ခု… ခင်ဗျား ဘယ်သွားမလို့လဲ'

'မန္တလေး ပြန်မလို့ပေါ့ကွ၊ ဒီရန်ကုန်ကို တစ်သက်လုံးပြန်မလာတော့ဘူး'

ဟု ရင်နာနာဖြင့် ပြောလိုက်ရာ မင်းညိုက…





'အဲဒါကို မေးတာ မဟုတ်ဘူး၊ ခု ခင်ဗျားက တော်တော်[illegible]နေတော့ ခင်ဗျားနေရာက ဘယ်တွဲမှာလဲလို့ မေးနေတာ'

'မသိဘူး ငါလည်း အဲဒါကို လိုက်ရှာနေတာ တစ်တွဲလုံး[illegible]နေပြီ'

'သြော်… ဖြစ်မှ ဖြစ်ရလေဗျာ'

'အဲဒါ… တွဲပေါ်မှာ မင်းပါနေလို့ ငါ… ခုထိ ခုံရှာတွေ့ သေးတာ'

'အာ… ဘာဆိုင်လို့လဲဗျ၊ ခင်ဗျားကလည်း'

ထိုအခါ လတ်အောင်က ပေါက်ကွဲသံဖြင့်…

'ငါက… မင်းတို့နဲ့ တွေ့တိုင်း ကံဆိုးနေကျလေကွာ၊ ခု မင်းပါနေတော့ ငါ ကံဆိုးသွားပြီး ခုံရှာမတွေ့တော့တာ ဖြစ်မှာပေါ့'

ထို့ကြောင့် မင်းညို ရယ်ချင်လာမိသော်လည်း အားနာသဖြင့် မရယ်မိချေ။ ထို့နောက် လတ်အောင် သက်ပြင်းကို ရှိုက်လိုက်ပြီး…

'တော်ပြီကွာ၊ ငါ့ဘာသာ ခုံရှာလိုက်ဦးမယ်'

ဟုဆိုပြီး လှည့်ထွက်အသွားတွင် မင်းညိုမျက်စိထဲ ထော်လော်ကန့်လန့်မြင်ကွင်းတစ်ခုက တိုးဝင်လာသဖြင့်…

'ကိုလတ်အောင် ခဏ… ခဏ…'

'ဘာလဲကွ… ဘာလဲ'

'ဟိုလေ ခင်ဗျား လက်တွေက ရှည်ထွက်လာသလိုပဲနော်'

ဟု မေးလိုက်ရာ လတ်အောင်မှာ ငိုချင်လျက် လတ်တို့ဆိုသလို ဖြစ်သွားပြီး…

'ရှည်ထွက်လာသလို မဟုတ်ဘူးကွ၊ ရှည်ကို ရှည်လာတာ'

'ဟာ… ဟုတ်လား၊ ဘာဖြစ်လို့လဲဗျ'

'ဘာဖြစ်ရမှာလဲကွ မေဒေး အဖေ ဦး[illegible] ငါ့ကို ယောက်ျားပီသလာရင် သူ့သမီးနဲ့ ပေးစားမယ်ဆိုလို့ ငါ့မှာ [illegible] လိုက်ရတာ လက်ကြီးပဲ ရှည်ထွက်လာတာပဲ အတော်ဘင်တယ် [illegible] ကျတော့ မရဘူး'



www.burmeseclassic.com

www.burmeseclassic.com



မင်းညိုက မျက်နှာသေလေးဖြင့်…

'ဟုတ်လား… စိတ်မကောင်းလိုက်တာဗျာ'

'မင်းက ဒီအကြောင်းတွေကို အဆန်းလုပ်ပြီးလာမေးနေတော့… ငါ… ငိုချင်လာပြီ၊ ရှုတ်'

'ဟာဗျာ… ငိုတော့ မငိုလိုက်ပါနဲ့'

'ငိုပြီကွာ… အီး… ဟီး… ဟီး (လတ်အောင် တကယ်ငိုလိုက်ခြင်းကြောင့် မင်းညို ထူပူသွားပြီး)

'ဟောမှာ လူတွေ ရှိတယ်ဗျ၊ ရှက်စရာကြီး'

'ဘာလို့ ရှက်ရမှာလဲ၊ ဒီမှာ အသည်းက လက်ရှည်ထွက်အောင် ကွဲခဲ့တဲ့ဟာကြီးကို၊ အီး… ဟီး… ဟီး'

အေးပေါ့လေ၊ သူ့ခမျာ လက်ကြီး ရှည်ထွက်လာအောင်ကို အသည်းကွဲခဲ့တော့လည်း ဝမ်းနည်းရှာတော့မှာပေါ့၊ ထို့ကြောင့် မင်းညိုလည်း စိတ်ကို လျှော့လိုက်ပြီး…

'ကဲဗျာ… ဒါဆိုလည်း ငို… ငို၊ အားရအောင် ငိုပေတော့ ဟုတ်ပြီလား'

'ငိုမှာ… ငိုမှာ'

'အီး… ဟီး… အီး… ရှုတ်… အီး'

မင်းညိုကတော့ လတ်အောင်၏ ငှက်ဆိုးထိုးသံကို နားဆင်ပြီး ခေါင်းကို စုံကုတ်လျက်။

တန်ခူးလေပြေ



www.burmeseclassic.com